# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့ | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၉)


# ဒီမိုကရေစီသည် ဥပဒေနှင့်ညီညွတ်မှသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၂/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၂) သို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကိုတာဝန်ယူခဲ့သည်မှာ တစ်လနီးပါးရှိပြီဖြစ်ကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း တရားဥပဒေ

*စာမျက်နှာ ၃ ကော်လံ ၁* ◆



ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း စာသင်ကြားမှုများကို ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက်က စာသင်ကျောင်းအတွင်း တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

သက်လွင်စိုး (ပြန်/ဆက်)

## ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသူတွေကို ကိုယ်လုပ်နိုင်သလောက်လုပ်ပေးနေခဲ့တယ်ဆိုတဲ့ ပြည်သူတွေရဲ့ဆရာဝန်

ဆောင်းပါး စာမျက်နှာ - ၆

## ထာဝရမပျက်ယွင်းသင့်သည့် ကျေးဇူးတရား

ဆောင်းပါး စာမျက်နှာ - ၈

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်နိုင်ကြပါစေ

ဆောင်းပါး စာမျက်နှာ - ၂၂

## အထက်တန်းသို့ တက်လှမ်းနိုင်မည့်ဩဝါဒ

သက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့။ ထိုနေ့သည် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူပြီးနောက် ကိုးလတင်းတင်း ပြည့်သည့်နေ့ဖြစ်ပြီး ထိုနေ့တွင် မဇ္ဈိမဒေသ၊ မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ကြီး၌ ဗုဒ္ဓဘာသာ သမိုင်းတွင် ပထမဆုံးအကြိမ် သံဃသန္နိပါတ သံဃာ့အစည်း အဝေးကြီးကို ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးကြီး သည် ဆီးနှင်း မြူတိမ် အသူရိန် မီးခိုး အညစ်အကြေး ငါးမျိုးကင်းစင်ကာ သန့်ရှင်းကြည်လင်သည့် လပြည့်နေ့ ဖြစ်ခြင်း၊ ကိလေသာအညစ်အကြေးကင်းစင်သည့် ရဟန္တာ ကြီး ၁၂၅၀ တို့ မဖိတ်မကြားဘဲ စုဝေးမိခြင်း၊ အားလုံးသော ရဟန္တာကြီးများမှာ ဧဟိဘိက္ခုချည်းသာ ဖြစ်တော်မူခြင်း၊ အားလုံးသော ရဟန္တာကြီးများမှာ အဘိညာဏ် ခြောက်ပါး ရတော်မူကြသည့် ဆဠဘိညရဟန္တာကြီးများဖြစ်ခြင်း ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် သံဃသန္နိပါတကြီးပင် ဖြစ်သည်။

ဤသံဃာ့အစည်းအဝေးကြီးတွင် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို "ပထမ အဂ္ဂသာဝက" အဖြစ်လည်းကောင်း၊ အရှင်မောဂ္ဂလန်မထေရ်မြတ်ကို "ဒုတိယအဂ္ဂသာဝက" အဖြစ်လည်းကောင်း ချီးမြှင့်အပ်နှင်း တော်မူကာ ဘုရားရှင်တိုင်းပြုမြဲဖြစ်သည့် တပည့်သား သံဃာတော်တို့အား ဩဝါဒပေးတော်မူသည့် အမှုကိုပြု ခဲ့သည်။ ဘုရားရှင်အဆူဆူတို့၏ အဆုံးအမတော်ဖြစ်သော ဩဝါဒပါတိမောက်သည် ပိဋကတ်သုံးပုံ၏ အနှစ်ချုပ် လည်း ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာတို့ကို ဟောကြား ထားပြီး လိုက်နာကျင့်သုံးသူများမှာ ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးလိမ္မာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်က ဩဝါဒပါတိမောက်ကို ဂါထာသုံးဂါထာ ဖြင့် ဟောကြားတော်မူခဲ့ရာ-

(၁) ခန္တီ ပရမံ တပေါ တိတိက္ခာ
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၂) သဗ္ဗပါပဿ အကရဏံ
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ
ဧတံ ဗုဒ္ဓါနသာသနံ။

(၃) အနူပဝါဒေါ အနူပဃာတော
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ
ဧတံ ဗုဒ္ဓါနသာသနံ။ ဟူ၍ ဖြစ်ပြီး အနက်အားဖြင့်

(၁) လွန်စွာချုပ်တည်းမှုဟူသော သည်းခံခြင်းသည် အလွန် မြတ်သောအကျင့်ပေတည်း။ နိဗ္ဗာန်တရားကို အမြတ်ဆုံး ဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏။ သူတစ်ပါးကို သတ်သောသူသည် စိတ်အညစ်အကြေးကို နှင်ထုတ်သူ မဟုတ်။ သူတစ်ပါးကို ညှဉ်းဆဲသောသူသည် မကောင်းမှု တို့ကို ငြိမ်းစေသူမဟုတ်။ (၂) မကောင်းမှုဟူသမျှကို မပြု လုပ်ရာ။ ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏။ မိမိ၏စိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။ (၃) သူတစ်ပါးကို မစွပ်စွဲ၊ မပြစ် မှားရာ။ သူတစ်ပါးကို မညှဉ်းဆဲ မနှိပ်စက်ရာ။ မြတ်သော သီလ၌ စောင့်စည်းလုံခြုံရာ၏။ စားသုံးဖွယ်၌ ပမာဏကို သိရာ၏။ အစွန်အဖျား (ဆိတ်ငြိမ်ရာ) ကျောင်းအိပ်ရာ၌ နေရာ၏။ ထူးမြတ်သော စိတ်၌ လွန်စွာအားထုတ်ရာ၏ ဟူ၍ဖြစ်သည်။

ဩဝါဒပါတိမောက်သည် ဘုရားရှင်တို့သာ ပြခွင့်ရှိပြီး တပည့်သာဝကတို့ပြခွင့်မရှိသော အဆုံးအမဩဝါဒများပင် ဖြစ်သည်။ ကျဆုံးမှုမှ လွတ်မြောက်စေခြင်း၊ အောက်တန်း နောက်တန်းကျခြင်းမှ လွတ်မြောက်စေခြင်း ဟူသော အနက်အဓိပ္ပာယ်ဖြစ်သည့်အလျောက် ဩဝါဒပါတိမောက် လာ အဆုံးအမဩဝါဒများနှင့်အညီ ကျင့်သုံးနေထိုင်ခြင်းဖြင့် ရဟန်းဖြစ်စေ၊ လူဖြစ်စေ ဘဝအောက်တန်းမှ လွတ်မြောက် ကာ အထက်တန်းသို့ တက်လှမ်းနိုင်ကြမည်ဖြစ် ပါကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင် လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှု ပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

**ဝန်ထမ်းများ ခန့်ထားရေးနှင့် ပတ်သက်၍ နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိသူများကို ရွေးချယ်ခန့်ထားရန်နှင့် ဝန်ထမ်းများအား ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လိုအပ်ကြောင်း၊ ဌာနများတွင် လုပ်ငန်းတာဝန်ကျေပွန်သူများကို အားပေးချီးမြှောက်၍ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဆီစားသုံးမှုကို လျှော့ချပြီး စားသုံးမှုပုံစံပြောင်းခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း၊ တရားမဝင်လမ်းကြောင်းများမှ စားသုံးဆီများနှင့် ကုန်ပစ္စည်းများ တင်သွင်းမှုများကို ထိရောက်စွာ တားဆီးခြင်းဖြင့် နိုင်ငံ့အခွန်ငွေတိုးတက်မှုကို အထောက်အကူပြုစေနိုင်ကြောင်း**

◆ *ရှေ့ဖုံးမှ*

စိုးမိုးရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် တရားဥပဒေစိုးမိုးရေးအတွက် ထိန်းနိုင်သည့်အနေအထားတွင် ရှိပြီဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသော်လည်း လုပ်စရာရှိသည့်အပိုင်းများကို လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ COVID-19 ကာကွယ်ရေးကိစ္စမှာ ရပ်ထား၍မရကြောင်း၊ တစ်ကမ္ဘာလုံးတွင် COVID-19 ဖြစ်ပွား ခဲ့သည့်အတွက် လူဦးရေ ၁၁၃ သန်းကျော် ကူးစက်ခံခဲ့ရပြီး ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၁ ဒသမ ၄ သိန်းကျော် ကူးစက်ခံခဲ့ရပြီး လူဦးရေ ၃၂၀၀ နီးပါး သေဆုံးခဲ့ကြောင်း၊ လတ်တလောအခြေအနေတွင် ရောဂါတွေ့ရှိမှုများ ကျဆင်းသွားပါကြောင်း၊ ယင်းမှာ စစ်ဆေးမှုနှုန်း နည်းသည့်အတွက် တွေ့ရှိမှုနှုန်း နည်းပါးသွားခြင်း ဖြစ်နိုင်ကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်များက လူစုလူဝေးဖြစ်ပွားမှုကြောင့် COVID-19 ရောဂါ မကူးစက်နိုင်ဟု အာမမခံနိုင်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း CDM ဝန်ထမ်းများကြောင့် ဆေးရုံ၊ ဆေးခန်းများပိတ်ထားရပါကြောင်း၊ ပြည်သူ့၏ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုမပေးသည်မှာ မလုပ်သင့် မလုပ်အပ်သည့် အလုပ်ဖြစ်ပါကြောင်း၊ ဆေးရုံများ မဖွင့်နိုင်ရန် နှောင့်ယှက်သူများကို အဓိက သက်ဆိုင်သည့်ဝန်ကြီးဌာနက အရေးယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**စနစ်တကျ ခွင့်ပြုပေးထား**

COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြောင်း၊ တစ်ဖက်တွင်လည်း ကာကွယ်ဆေးရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေပြီး စာချုပ်အရရောက်ရှိရမည့် ကာကွယ်ဆေးများလည်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ဆေးဝါးကုမ္ပဏီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနိုင်ရန် စနစ်တကျ ခွင့်ပြုပေးထားကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပညာလည်းသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ COVID-19 ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ပြည်သူများစနစ်တကျလိုက်နာရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားနေပါကြောင်း။

**တွန်းအားပေးဆောင်ရွက်ရန်လို**

စီးပွားရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန် COVID-19 နှင့် ပတ်သက်၍ ထိခိုက်မှုအနည်းဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ကြီးကြပ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့်အခြေခံကောင်းများ ရှိပါကြောင်း၊ ယင်းကို အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးမှာ လွယ်ကူသည့် နည်းလမ်းဖြစ်ကြောင်း၊ မြစ်ချောင်း အင်းအိုင်များတွင် ငါးမျိုးများ အမြောက်အမြား စိုက်ထည့်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်လျှင် စားနပ်ရိက္ခာဖူလုံသည့်အပြင် စီးပွားဖြစ်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နှစ်အလိုက် မိုးရွာသွန်းမှုမှာလည်း လျော့နည်းလာသည့်အတွက် ရေကို အကျိုးရှိရှိအသုံးပြုရန်လိုကြောင်း၊ ရေကို သိုလှောင်နိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ် စနစ်များဖြင့် ဆောင်ရွက်ပါက စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသည် ရာသီဥတုကို ထိန်းသိမ်းရာလည်း ရောက်ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ကြီးများအပြင် ချောင်း၊ မြောင်းများတွင် စီးဆင်းနေသည့်ရေများကိုလည်း ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ရေဝတီမြစ်ကြောင်း တစ်လျှောက်တွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာလျှပ်စစ်စီမံကိန်းများကို မြစ်ရေတင်စီမံကိန်းများအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများလည်း စိုက်ပျိုးရေရရှိမည့်အပြင် လျှပ်စစ်မီးသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း၊ ရေဝတီမြစ်ကြီးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း။

**အခမဲ့ကျန်းမာရေးစောင့်ရှောက်**

အားကစားကဏ္ဍတွင်လည်း တစ်နှစ်နီးပါး ရပ်ဆိုင်းနေသည့် အားကစားပွဲများကို ပြန်လည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားကစားနည်းများတွင် မြန်မာ့သိုင်းအားကစားနည်းမှာ လူတိုင်းကစားနိုင်ပြီး ကိုယ်ခံပညာအားကစားနည်းဖြစ်သည့်အတွက် နိုင်ငံတော်၏ အားကစားအဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် စရိတ်မျှပေး ကျန်းမာရေးဆိုသော်လည်း တချို့အပိုင်းများတွင် ဆေးကုသစရိတ် မတတ်နိုင်သည့်အတွက် နစ်နာဆုံးရှုံးမှုများရှိသည်ကို စိတ်မကောင်းဖွယ်ရာ သိရှိရကြောင်း၊ ယင်းကိစ္စအတွက် မိမိတို့လစာထဲမှ သင့်တင့်သည့် သတ်မှတ်နှုန်းထားကို ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေသို့ထည့်ဝင်ပြီး ပြည်သူ့ဆေးရုံများတွင် နိုင်ငံ့ဝန်ထမ်းများမှ စတင်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို လုပ်ဆောင်ပေးရေး စဉ်းစားရန် လိုအပ်ပါကြောင်း။

စွမ်းအင်ကဏ္ဍတွင်လည်း ပြည်ပမှလောင်စာဆီတင်သွင်းရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံသုံးစွဲနေရပါကြောင်း၊ လောင်စာဆီ၏ ၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ကျန် ၉၅ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက မြို့တွင်းနှင့် ခရီးတိုသွားသည့် လျှပ်စစ်ကားထုတ်လုပ်နိုင်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရထားလမ်း၊ ကားလမ်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကောင်းမွန်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို အမြန်ပြီးစီးရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စားအုန်းဆီတင်သွင်းမှုမှာလည်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရှိပါကြောင်း၊ ယင်းကို လျှော့ချနိုင်ရေးအတွက် မိမိတို့တိုင်းပြည်၌ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပြည်သူများနားလည်အောင် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကို အားပေးရမည်ဖြစ်ကြောင်း၊ လောင်စာဆီနှင့် စားသုံးဆီဝယ်ယူမှုကို

*စာမျက်နှာ ၄ သို့*

**❑ စွမ်းအင်ကဏ္ဍတွင်လည်း ပြည်ပမှ လောင်စာဆီတင်သွင်းရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံသုံးစွဲနေရပါကြောင်း၊ လောင်စာဆီ၏ ၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ကျန် ၉၅ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက မြို့တွင်းနှင့် ခရီးတိုသွားသည့် လျှပ်စစ်ကားထုတ်လုပ်နိုင်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရထားလမ်း၊ ကားလမ်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကောင်းမွန်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို အမြန်ပြီးစီးရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း**

*စာမျက်နှာ ၃ မှ*

လျှော့ချနိုင်မည်ဆိုပါက လိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကော်မတီတွင် ပါဝင်ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက တိုင်းပြည်စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ထွဋ်ဦး၊ ဦးအောင်နိုင်ဦး၊ ဦးအောင်သန်းဦး၊ ဦးရွှေလေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့က စာချုပ်လက်မှတ်ရေးထိုးခွင့်ပြုရန်ကိစ္စ၊ ခန့်အပ်ခွင့်ပြုရန်ကိစ္စ၊ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခွင့်ပြုရန်ကိစ္စ၊ ကင်းလွတ်ခွင့်ပြုရန်ကိစ္စ၊ ဆက်လက်တာဝန်ထမ်းဆောင်ရန် သက်တမ်းတိုးမြှင့်ခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

### ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးချစ်နိုင်၊ ဦးဝင်းရှိန်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာပွင့်ဆန်း၊ ဦးအောင်သန်းဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့က တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်များတွင် ငါးမျိုးများ စိုက်ထည့်သွားမည့်အခြေအနေ၊ သတင်းထုတ်ပြန်ရေးကိစ္စ၊ နိုင်ငံတော်ဘဏ္ဍာငွေ စနစ်တကျသုံးစွဲရေးကိစ္စ၊ လူမှုဖူလုံရေးထောက်ပံ့ငွေနှင့် ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေ၊ COVID-19 ကာကွယ်ဆေး ဆက်လက်ထိုးနှံရေးကိစ္စ၊ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးကိစ္စ၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်နေမှုအခြေအနေ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်သွားမည့်ကိစ္စ၊ အာဆီယံခရီးသွားလုပ်ငန်းစာချုပ်တွင် မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ၊ လူမှုကာကွယ်စောင့်ရှောက်ရေးကိစ္စနှင့် တိုင်းရင်းသားအထိမ်းအမှတ်ပွဲတော်များ ကျင်းပသွားရေးကိစ္စတို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

### အထောက်အကူပြု

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိသူများကို ရွေးချယ်ခန့်ထားရန်နှင့် ဝန်ထမ်းများအား ကျောသား ရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လိုအပ်ကြောင်း၊ ဌာနများတွင် လုပ်ငန်းတာဝန်ကျေပွန်သူများကို အားပေးချီးမြှောက်၍ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရန် လိုကြောင်း၊ ပြည်သူများအနေဖြင့် ဆီစားသုံးမှုကို လျှော့ချပြီး စားသုံးမှုပုံစံပြောင်းခြင်းဖြင့် ကျန်းမာရေးကိုအထောက်အကူပြုနိုင်ကြောင်း၊ တရားမဝင်လမ်းကြောင်းများမှ စားသုံးဆီများနှင့် ကုန်ပစ္စည်းများ တင်သွင်းမှုများကို ထိရောက်စွာတားဆီးခြင်းဖြင့် နိုင်ငံ့အခွန်ငွေတိုးတက်မှုကို အထောက်အကူပြုစေနိုင်ကြောင်း။

### အကျိုးရှိအောင်ဆောင်ရွက်

ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက်ပိုမိုတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အကျိုးရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေမည့်ကိစ္စရပ်များအား လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခြင်းများမရှိစေရေး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီမိုကရေစီသည် ဥပဒေနှင့်ညီညွတ်မှသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထုတ်ချေးထားသည့် ၂ လစာချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ကာလတစ်ခုအထိ ဆိုင်းငံ့ပေးထားမည်ဖြစ်ကြောင်း၊ နေပြည်တော်သည် မိမိတို့နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ယခုထက် ပိုမိုတိုးတက်စည်ကားအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အချက်အချာကျသောနေရာတွင် တည်ထားခြင်းကြောင့် ပညာသင်ကြားရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် အခြားသော သဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား ဖွင့်လှစ်နိုင်ရေး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နေပြည်တော်၌ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၈၁ ပေရှိ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းပါအချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ် ထပ်ဆင့်ရှင်းလင်းမှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၁၀) ကို ဖေဖော်ဝါရီ ၂၆ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၀)၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို (ယနေ့) ဖေဖော်ဝါရီ ၂၆ ရက်နှင့် ဖေဖော်ဝါရီ (၂၇၊ ၂၈) ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# မစ္စတာ တူမာ အမ်မာဆာနာ အား မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူအန်း တူမာကူလက်၏ နေရာတွင် မစ္စတာ တူမာ အမ်မာဆာနာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သဘောတူညီပြီးဖြစ်သည်။

မစ္စတာ တူမာ အမ်မာဆာနာ ကို ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလတွင် မွေးဖွားခဲ့သည်။ ၎င်းသည် မွန်ဂိုလီးယားအမျိုးသားတက္ကသိုလ်မှ ဥပဒေဘွဲ့နှင့် ဂျပန်နိုင်ငံ၊ ကျူရှူးတက္ကသိုလ်မှ မဟာဥပဒေဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်တွင် မွန်ဂိုလီးယား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေနှင့် ကောင်စစ်ရေးရာဌာနတွင် လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ မွန်ဂိုလီးယားအဖွဲ့ရုံးတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မွန်ဂိုလီးယား နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေနှင့်စာချုပ်ဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်စာချုပ်ဌာနနှင့် အပြည်ပြည်ဆိုင်ရာဥပဒေဌာနများတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီးနှင့် ဗန်ကောက်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဆိုင်ရာ မွန်ဂိုလီးယား အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

# စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလို

ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့ လုပ်ငန်းခွင်တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော် မနေ့က ကြေညာချက်ထုတ်ပြန် တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုအပေါ်မှာ စေတနာထား တာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့ တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ပြည်သူလူထု အပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအားလုံးကိုလည်း အထူးကျေးဇူး တင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စစ်ဘက်မှုလတာဝန်များပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၂/၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ်အား စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး) ဦးစိန်ဝင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ **မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် နေပြည်တော်အတွင်း အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်အတွင်း ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဘုရားစေတီပုထိုးများနှင့်ဘာသာရေး ဆိုင်ရာအဆောက်အအုံများဖွင့်လှစ်ရေး၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဒေသများအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်နေမှုအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသူတွေကို ကိုယ်လုပ်နိုင်သလောက်လုပ်ပေးနေခဲ့တယ်ဆိုတဲ့ ပြည်သူတွေရဲ့ဆရာဝန်

**နေခြည်သွေး**

ကံထူးမတိုက်နယ်ဆေးရုံရှေ့က ဗီဒီယိုဖိုင်လေးတစ်ခု မနေ့က လူမှုကွန်ရက်မှာ တက်လာခဲ့ပါတယ်။ CDM မလုပ်ဘဲ သူ့တာဝန်ကို သူထမ်းဆောင်၊ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေတဲ့ ပြည်သူတွေကို အစွမ်းကုန် တာဝန်ကျေပွန်နေတဲ့ ဆရာဝန်ကို လူ ၁၀၀ ကျော်ပါတဲ့ လူအုပ်စုတစ်စုက အတင်းအကျပ် ဖိအားပေးပြီး CDM လုပ်ခိုင်းခဲ့တာပါ။

လက်ရှိဆေးရုံမှာရှိတဲ့ လူနာတွေရဲ့အခြေအနေ၊ ဆရာဝန်တစ်ယောက်ရဲ့ရပ်တည်မှုကို လူအုပ်စုကြီးထံ နားလည်မှုရှိအောင် ကြိုးစားရှင်းပြနေတဲ့ ဆရာဝန်ကိုမြင်ရတာ စိတ်မသက်မသာ ဖြစ်မိပြီး အားနာရှက်ရွံ့မိပါတယ်။ ဆရာဝန်က ရှင်းပြနေမှုကို မထီမဲ့မြင်နဲ့ ဖြစ်လိုရာ၊ ဖြစ်စေချင်တာကို အတင်းအကျပ် ပြောဆိုနေတာကိုလည်း မြင်ရပါတယ်။ နောက်ဆုံးမှာ လူနာနဲ့ ပြည်သူတွေရဲ့အသက်ကို စောင့်ရှောက်ကယ်တင်ပေးနေတဲ့၊ မွန်မြတ်တဲ့ ဆရာဝန်ပါလားဆိုတဲ့ အတွေးအခေါ်မျိုးမရှိလာတဲ့အပြင် ရုန့်ရင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေနဲ့ ဆရာဝန်ကို ဝိုင်းဝန်းဆဲဆို လှောင်ပြောင်ခဲ့ကြပါတယ်။

## ပြည်သူတွေအတွက် တာဝန်ထမ်းဆောင်

တန့်ဆည်မြို့နယ်မှာရှိတဲ့ ကံထူးမ တိုက်နယ်ဆေးရုံမှာ အရေးပေါ်အခြေအနေအရ ကုသပေးနေရတဲ့ လူနာတွေရှိပါတယ်။ ကလေးမီးဖွားခါနီးပြီမို့ စိတ်လှုပ်ရှားစွာနဲ့ ဆေးရုံကို အားကိုးတကြီး လာရောက်တဲ့ ကိုယ်ဝန်ဆောင်တွေရှိသလို၊ မြွေကိုက်တာတို့၊ ဆိုင်ကယ်တိုက်တာတို့ကြောင့် အပြေးအလွှားရောက်လာကြတဲ့ လူနာတွေ ရှိပါတယ်။ တိုက်နယ်ဆေးရုံက ပြည်သူတွေအတွက် အပြည့်အဝ တာဝန်ထမ်းဆောင်နေတဲ့ ကရုဏာရှင် တစ်ယောက်လည်း ရှိပါတယ်။ သူကတော့ ဒေါက်တာ နေဇော်အောင်ဖြစ်ပါတယ်။

ဒီရက်ပိုင်းမှာတော့ အစိုးရကိုဆန့်ကျင်တဲ့လှုပ်ရှားမှု CDM မလုပ်တဲ့အတွက် ဆရာဝန်ကို ဖိအားပေးဖို့ ကံထူးမ တိုက်နယ်ဆေးရုံဆီ ကို စုစုပေါင်း လူဦးရေ ၁၀၀ ကျော် ရောက်ရှိလာကြပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးကို ဦးစားပေး၊ ဆရာဝန်ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းပြီး စေတနာ၊ မေတ္တာအပြည့်နဲ့ ကုသပေးနေတဲ့ ဆရာဝန်ကို CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ ဖိအားပေးတဲ့လုပ်ရပ်ဟာ အတော်ကို အရုပ်ဆိုးအကျည်းတန်ခဲ့ရပါတယ်။ ဆရာဝန်က သူ့ကို ဖိအားပေးပြီး CDM လုပ်ဖို့ တိုက်တွန်းတဲ့လူစုကို ဆေးရုံရဲ့ လက်ရှိ အခြေအနေ၊ လူနာအနေအထားတွေကို ထွက်ပြီးရှင်းပြပေမယ့် ဘယ်လိုမှ လက်မခံတဲ့လူအုပ်စုရဲ့တုံ့ပြန်မှုက ဒီမိုကရေစီစံနှုန်းနဲ့ ဆန့်ကျင်နေတာကို မြင်တွေ့ရပါတယ်။

"ကျွန်တော်မေးခဲ့ပါတယ်။ မြွေကိုက်လူနာတွေ၊ ကလေးမီးဖွားပြီး အချင်းကပ်၊ သွေးသွန်၊ ရှော့ခ်ရနေတဲ့လူနာတွေ၊ အဆိပ်သောက်ထားတဲ့လူနာ၊ သားပျက်၊ သားလျှောလူနာတွေ၊ ဗိုက်ခွဲပြီးမှ ကလေးမီးဖွားဖို့ လိုအပ်နေတဲ့ ဆေးရုံထဲက လူနာတွေရှိတယ်။ အဲဒီလို လူနာတွေကို ဘယ်လိုစီစဉ်ပေးမှာလဲလို့ပါ။ ဒီလထဲမှာပဲ သူများတွေ CDM လုပ်နေတဲ့ အချိန် အခုဆန္ဒပြပွဲကို ဦးဆောင်သူရဲ့သမီး ဆိုင်ကယ်အက်ဆီးဒင့်နဲ့လာလို့ ကျွန်တော်ကုပေးထားပါတယ်" လို့ ပြည်သူ့အတွက် ရပ်တည်ပေးခဲ့တဲ့ ကံထူးမတိုက်နယ်ဆေးရုံရဲ့ ဆရာဝန် ဒေါက်တာ နေဇော်အောင်က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာမှာ မနေ့ကရေးသားထားခဲ့ပါတယ်။

CDM မလုပ်တဲ့ ဒေါက်တာနေဇော်အောင်ကို ရုန့်ရင်းကြမ်းတမ်းတဲ့ ဆဲဆိုမှုတွေ လုပ်ခဲ့ကြပြီး ဆရာက အားလုံးကြားသိအောင် မိုက်ခရိုဖုန်းနဲ့ ရှင်းပြပြောဆိုမှုကိုလည်း လက်မခံကြတာကို တိုက်ရိုက်ထုတ်လွှင့်နေတဲ့သူတွေဆီကနေ မြင်တွေ့ရတဲ့အခါ ဆရာ့အပေါ် အတော်ကို လေးစားမိတဲ့စိတ် ဖြစ်ပေါ်လာပါတယ်။

ကံထူးမတိုက်နယ်ဆေးရုံလေးမှာ ဝန်ထမ်းစုစုပေါင်း ၁၀ ဦးရှိပြီး မည်သည့်ဝန်ထမ်းကိုမျှ CDM မလုပ်ဖို့အတွက် တားမြစ်ပြောဆိုထားခြင်းမရှိဘူးလို့ ဒေါက်တာ နေဇော်အောင်က အတိအလင်းပြောထားပါတယ်။ ဘယ်နေရာမှ CDM မလုပ်ခင်ကတည်းက CDM လုပ်ချင်ရင် လုပ်နိုင်ကြောင်း ပြောထားပြီးသားဖြစ်တယ်လို့ သိရပြီး ဘယ်ဝန်ထမ်းကိုမှ လည်း Duty ပျက်ကွက်နေလို့ ဘာမှမပြောခဲ့ကြောင်းနဲ့ ကိုယ်လုပ်ပေးနိုင်သလောက် လုပ်ပေးရုံ သက်သက်သာဖြစ်ကြောင်း၊ မလုပ်ပေးနိုင်တဲ့ လူနာများကိုလည်း လွှဲပြောင်းပေးနေတယ်လို့ ဒေါက်တာနေဇော်အောင်က ဖေဖော်ဝါရီ ၉ ရက်နေ့မှာ ပြောကြားထားခဲ့ပါသေးတယ်။

လူအုပ်စုဖွဲ့ပြီး အတင်းအကျပ်ဖိအားပေး၊ CDM လုပ်ခိုင်းနဲ့၊ ဆရာဝန်က သူရှင်းပြနေတာကို လက်မခံဘဲ မိုက်ခရိုဖုန်းနဲ့ အားလုံးကြားအောင် ရှင်းပြနေတဲ့အချိန် မိုက်ခရိုဖုန်းနဲ့ ပြောတာကိုပါ မဆီမဆိုင် ဖိအားပေးပြောဆိုလာတဲ့အခါ သူ့လက်ထဲက မိုက်ခရိုဖုန်းကို မြေကြီးပေါ် ပစ်ချလိုက်ပါတော့တယ်။ အဲဒီဗီဒီယိုကို ကြည့်ရှုသူ လူပေါင်းများစွာဟာ ဆရာဝန်အပေါ် အားတုံ့အားနာဖြစ်ကြရသလို ပြည်သူ့ကျန်းမာရေးအတွက် ဘယ်လိုဖိအားကိုမဆို ကြံ့ကြံ့ခံကာကွယ်ပေးသွားမယ်ဆိုတဲ့ ဆရာဝန်အပေါ် လေးစားဂုဏ်ယူခဲ့ကြပါတယ်။ နောက်ဆက်တွဲအနေနဲ့ ဆရာဝန်ကိုလည်း ရန်လိုနေတဲ့လူအုပ်ကြီးဆီကနေ တပ်မတော်က ကယ်ထုတ်သွားနိုင်ခဲ့တယ်ဆိုတဲ့ သတင်းကြောင့် စိတ်သက်သာရာ ရမိပါတယ်။

## ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ပေးဖို့

**ပြည်သူ့ကျန်းမာရေးကို မျက်ကွယ်ပြု အတင်းအကျပ်ဖိအားပေးပြီး စော်ကား လှောင်ပြောင်ခံကာ ပြည်သူတွေအတွက် ရပ်တည်ပေးနေတဲ့ ဒေါက်တာနေဇော်အောင်လိုမျိုး ဆရာဝန်တွေ အများအပြား ကျန်ရှိနေဦးမှာဖြစ်ပါတယ်။ ဆေးရုံမှာ ဆရာဝန်လုံးလုံး မရှိတဲ့အခါ လူနာတွေ ဒုက္ခရောက်ကြရမယ်ဆိုတဲ့အသိနဲ့ Hippocratic Oath (ဟစ်ပိုကရေးတစ် ကတိသစ္စာ)ကို လိုက်နာကြတဲ့၊ မွန်မြတ်တဲ့ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ပေးဖို့နဲ့ လေးစားနားလည်ပေးဖို့က ပြည်သူတွေရဲ့တာဝန်ဖြစ်ပါတယ်။ ပြည်သူတိုင်းကလည်း ဆရာဝန်တွေ ပြည်သူ့ဆေးရုံဆီ ပြန်လည်ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် တိုက်တွန်းပေးကြဖို့လည်း အချင်းချင်း သတင်းစကားပါး မျှဝေစေလိုပါတယ်။**

လက်ရှိမှာ အပင်ပန်းခံကုသပေးနေတဲ့ တပ်မတော်ဆေးရုံတွေကို မသွားဖြစ်ကြတဲ့၊ သွားရမှန်းမသိတဲ့ ပြည်သူတွေထဲမှာ နေ့စဉ် ရာထောင်ချီနေတဲ့ နေ့မစေ့လမစေ့ မွေးကင်းစကလေးငယ်တွေ (Premature Neonate)လေးတွေ၊ ICUလို၊ HDU လို့ခေါ်တဲ့ အရေးပေါ် ကြပ်မတ်ခန်း၊ ကုသခန်းအသီးသီးထည့်သွင်းရမယ့် ကလေးတွေအပါအဝင် CDM စလုပ်ကတည်းကဆိုရင် အခုအချိန်အထိ Daily Unconscious တို့၊ Semi–Conscious rate တို့နဲ့ Daily Critical Cases Rate နဲ့ Daily RTA Rate တွေကိုသာ ပေါင်းစပ်ကြည့်လိုက်မယ်ဆိုရင် ဆရာဝန်တွေ CDM လုပ်ခဲ့ကြလို့ ပြည်သူတွေ ထိခိုက်သေဆုံးမှုက သောင်းဂဏန်းအထိရှိနိုင်တယ်လို့ ဆရာဝန်အချို့ကလည်း ခန့်မှန်းထားကြတာပါ။

ဒါတွေဟာ ပြည်သူတွေရဲ့ နစ်နာဆုံးရှုံးမှုတွေဖြစ်ပါတယ်။ **CDM လုပ်တဲ့ဆရာဝန်တွေနဲ့ ဖိအားပေးအတင်းအကျပ် CDM လုပ်ဆောင်ခိုင်းနေတဲ့သူတွေကို မေးခွန်းထုတ်ချင်ပါတယ်။ အချိန်တိုအတွင်း ရောဂါ မြန်မြန်ပြန့်ပွားနိုင်တဲ့ ကင်ဆာဝေဒနာရှင်တွေ ကုသနေရင်း တန်းလန်းနဲ့ ဓာတ်ရောင်ခြည်ကုထုံး ကုသခွင့်မရတော့တာ၊ ကျောက်ကပ်ပုံမှန်မဆေးရင် အသက်မရှင်နိုင်တဲ့ ကျောက်ကပ်ဝေဒနာရှင်တွေ တဖြုတ်ဖြုတ်ကြွေနေကြတာကို ဆက်လက်မြင်တွေ့ပြီး နေနိုင်ကြပါသလား၊ အပြစ်မကင်းသလို မခံစားရကြဘူးလား။**

## ဆေးရုံတွေပြန်ဖွင့်ဖို့တောင်းဆိုနေ

ပြီးခဲ့တဲ့ရက်ကပဲ ပြည်သူ့ဆေးရုံတွေမှာ တာဝန်သိကျန်းမာရေးဝန်ထမ်းများဖြင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်ပေးရေးအတွက် တောင်းဆိုဆန္ဒဖော်ထုတ်ကြတဲ့ ပြည်သူတွေကိုလည်း အနယ်နယ်အရပ်ရပ်မှာ မြင်တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဒေသခံ ပြည်သူ ၁၀၀ ဝန်းကျင်က ပြည်သူ့ဆေးရုံကို တာဝန်သိ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြန်လည်ဖွင့်လှစ်ပေးဖို့ တောင်းဆိုနေတဲ့မြင်ကွင်းတစ်ခုကိုလည်း တွေ့မိပါတယ်။

**နိုင်ငံရေးဇာတ်ခုံဟာ အနိမ့်အမြင့် အပြောင်းအလဲ စုံလင်တတ်ပါတယ်။ ငိုကြွေးရတဲ့အခန်း၊ ပျော်ရွှင်ရတဲ့အခန်း၊ အားမလိုအားမရဖြစ်ကြရတဲ့အခန်း စသည်ဖြင့် အများကြီးကြုံနိုင်ပါတယ်။ သမိုင်းဖြစ်စဉ်တွေမှာလည်း အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့ရတာပဲ မဟုတ်ပါလား။ ပြင်းထန်တဲ့စစ်မက်တွေ၊ ပဋိပက္ခတွေ ဖြစ်ပွားနေကြတဲ့ ကမ္ဘာ့နိုင်ငံအချို့မှာတောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ရပ်တန့်ပစ်လို့မရပါဘူး။ အပြစ်မဲ့တဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဝန်ထမ်းတွေ မရှိတဲ့အခါ ဘယ်လိုရပ်တည်နေကြမလဲဆိုတာ စိုးရိမ်ပေးကြဖို့ ပြည်သူတွေ အားကိုးနေကြရတဲ့ ဆရာဝန်တစ်ယောက်စီတိုင်းကို တိုက်တွန်းလိုပါတယ်။**

စေတနာဆိုတာ အသွားအပြန်ရှိတတ်ပါတယ်။ သမားကောင်း၊ ဆရာဝန်ကောင်းများအဖြစ် ပြည်သူ့အသက်အိုးအိမ်ကို ကာကွယ်သူများအတွက် ပြည်သူများ၏ နားလည်လက်ခံမှုနှင့် အားကိုးယုံကြည်မှု၊ လေးစားတန်ဖိုးထားမှုတွေကို အရယူပေးကြပါလို့ ထပ်မံတောင်းဆိုရင်း ပြည်သူအတွက် ရပ်တည်ပေးနေသော ဒေါက်တာနေဇော်အောင်နှင့် ပြည်သူ့ဆရာဝန်များအားလုံးကို ဦးညွှတ်ဂါရဝပြုလိုက်ရပါတယ်။ ။

**"ပြည်သူ့ကျန်းမာရေးကို မျက်ကွယ်ပြု အတင်းအကျပ်ဖိအားပေးပြီး စော်ကားလှောင်ပြောင်ခံကာ ပြည်သူတွေအတွက် ရပ်တည်ပေးနေတဲ့ ဒေါက်တာနေဇော်အောင်လိုမျိုး ဆရာဝန်တွေအများအပြား ကျန်ရှိနေဦးမှာဖြစ်ပါတယ်။ ဆေးရုံမှာ ဆရာဝန်လုံးလုံး မရှိတဲ့အခါ လူနာတွေ ဒုက္ခရောက်ကြရမယ်ဆိုတဲ့ အသိနဲ့ Hippocratic Oath (ဟစ်ပိုကရေးတစ် ကတိသစ္စာ)ကို လိုက်နာကြတဲ့၊ မွန်မြတ်တဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ပေးဖို့နဲ့ လေးစားနားလည်ပေးဖို့က ပြည်သူတွေရဲ့ တာဝန်ဖြစ်ပါတယ်။ ပြည်သူတိုင်းကလည်း ဆရာဝန်တွေ ပြည်သူ့ဆေးရုံဆီ ပြန်လည်ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် တိုက်တွန်းပေးကြဖို့လည်း အချင်းချင်း သတင်းစကားပါး မျှဝေစေလိုပါတယ်"**

**"နိုင်ငံရေးဇာတ်ခုံဟာ အနိမ့်အမြင့် အပြောင်းအလဲ စုံလင်တတ်ပါတယ်။ ငိုကြွေးရတဲ့အခန်း၊ ပျော်ရွှင်ရတဲ့အခန်း၊ အားမလိုအားမရဖြစ်ကြရတဲ့အခန်း စသည်ဖြင့် အများကြီးကြုံနိုင်ပါတယ်။ သမိုင်းဖြစ်စဉ်တွေမှာလည်း အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့ရတာပဲ မဟုတ်ပါလား။ ပြင်းထန်တဲ့စစ်မက်တွေ၊ ပဋိပက္ခတွေဖြစ်ပွားနေကြတဲ့ ကမ္ဘာ့နိုင်ငံ အချို့မှာတောင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို ရပ်တန့်ပစ်လို့ မရပါဘူး။ အပြစ်မဲ့တဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဝန်ထမ်းတွေ မရှိတဲ့အခါ ဘယ်လိုရပ်တည် နေကြမလဲဆိုတာ စိုးရိမ်ပေးကြဖို့ ပြည်သူတွေ အားကိုးနေကြရတဲ့ ဆရာဝန်တစ်ယောက်စီတိုင်းကို တိုက်တွန်းလိုပါတယ်"**

# နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေသည့်အတွက် ဝန်ထမ်းများအတွက် ဘဝအာမခံချက်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်အလက်များကို ထုတ်နုတ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်သို့ ထပ်ဆင့်ညွှန်ကြား ရှင်းလင်းပြောကြားခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် Zoom Meeting ဖြင့် ကျင်းပသည်။ (ယာပုံ)



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အဆင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

**အခွင့်အလမ်းများရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၂၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ အစည်းအဝေးပြုလုပ်ခဲ့ပြီး လက်ရှိလုပ်သက်ခွင့်ယူထားသူများကို ဖေဖော်ဝါရီ ၂၄ ရက်အထိသာ ခံစားခွင့်ပြုခဲ့သဖြင့် မီးဖွားခွင့်နှင့် အရေးကြီးသော ကျန်းမာရေးကိစ္စများမှအပ ကျန်ကိစ္စများဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်သက်ခွင့်ယူထားသူများကို ဖေဖော်ဝါရီ ၂၅ ရက်တွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ရန်နှင့် တာဝန်ထမ်းဆောင်ခြင်းမရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဝန်ထမ်းတစ်ဦးချင်းစီသို့ အကြောင်းကြားစာပေးပို့ခဲ့ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများမှာ Covid-19 Lockdown ၊ Stay at Home ကြောင့် အခက်အခဲများဖြစ်ခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းအားဖြင့် လုံခြုံမှုအပြည့်ရှိပါကြောင်း၊ အခြားအခွင့်အလမ်းများဖြစ်သည့် နေထိုင်ရေး ကိစ္စများ၊ ပြည်ပသင်တန်းကိစ္စများ၊ ပင်စင်လစာစသည့် အခွင့်အလမ်းများရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ရခြင်းကို ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ဝန်ထမ်းများနှင့် အာမခံချက်၊ အခွင့်အရေးမတူပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်အတွက် ရေရှည်တွင် ဝန်ထမ်းများအတွက် ဘဝအာမခံချက်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ရုံးတက်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ဝန်ထမ်း၊ ပုဂ္ဂလိက ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်း( ၃ ) မျိုးရှိသည့်အနက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဘဝအာမခံချက် အတည်ငြိမ်ဆုံးနှင့် တက်လမ်းများရှိသည့် ဝန်ထမ်းများဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများဖြစ်သည့်အတွက် အမြဲဂုဏ်ယူရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ စနစ်ကျမှုစသည့် အချက်များနှင့်အညီ ထိထိရောက်ရောက် လည်ပတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အစိုးရအပြောင်းအလဲ မည်သို့ပင်ရှိရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းမိသားစုဘဝများ ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များကို ထုတ်နုတ်၍ Zoom Meeting ဖြင့် တက်ရောက်လာကြသော ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ရုံးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများကို ချပြရှင်းလင်း ပြောကြားသည်။

**စုပေါင်းတိုင်ပင် ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဓိကအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းအပေါ် အရာထမ်း၊ အမှုထမ်းများအနေဖြင့် နားလည်သဘောပေါက်စေလိုပါကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ တင်ပြချက်များနှင့် အခြားတင်ပြချက်များရှိပါက တင်ပြနိုင်ပါကြောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် စုပေါင်းတိုင်ပင် ဆွေးနွေးဆုံးဖြတ် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ရန်ကုန်မြို့ပေါ် လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်ဘက် မုခ်ဦးအနီးတွင် ပြုလုပ်ထားသည့် Taxi Stand အား သွားရောက်ကြည့်ရှု၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားများ သက်သောင့်သက်သာ စောင့်ဆိုင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။



**အငှားယာဉ်စနစ်တကျ ရပ်တန့်ရေး**

ရန်ကုန်မြို့သည် ယာဉ်သွားလာမှုကျပ်တည်းသည့်အလျောက် ယာဉ်သွားလာမှု အနှောင့်အယှက် မဖြစ်စေရေးနှင့် Taxi အငှားယာဉ်များ စနစ်တကျ ရပ်တန့်နိုင်ရေးအတွက် Taxi Stand များထားရှိခြင်းဖြစ်ရာ ရန်ကုန်မြို့အနှံ့အပြား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းကူး သာကေတတံတားဟောင်းသို့ သွားရောက်ကာ စက်ဘီးလမ်းနှင့် လူသွားလမ်းပါသည့် Linear Park တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး၍ ပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူ အပန်းဖြေနိုင်ရေး၊ အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားသည်။

**မြေယာရှုခင်း ပြုပြင်ခြင်း**

အဆိုပါ Linear Park တွင် အလျား ၁၇၈၁ ပေ၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်စက်ဘီးလမ်း၊ စက်ဘီးလမ်း၏ တစ်ဖက်တစ်ချက်စီတွင် အကျယ် ၃ ပေရှိ ပန်းခုံနှင့် အကျယ် ၉ ပေရှိ Granite ကျောက်ပြားခင်း လူသွားလမ်း၊ တံတားအတက်အဆင်းတွင် ကြွေပြားခင်း လှေကားနှင့် အုတ်ခုံတန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာလုပ်ငန်းများအား လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြေယာရှုခင်း ပြုပြင်ခြင်းအတွက် ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အချက်အချာကျသည့် လမ်းဖြစ်**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရောဝတ်လမ်းမကြီး၊ ကွမ်းအပ်မင်းသားလမ်းနှင့် မင်းရဲကောင်းပုံလမ်းကြား ကွန်ကရစ်လမ်း တိုးချဲ့ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားသည်။ ယခု ကွန်ကရစ်လမ်းသား တိုးချဲ့မှုမှာ မူလအရှည် ၄၇၄ ပေ၊ အကျယ် ၂၅ ပေ လမ်းပိုင်းအားအကျယ် ၂၅ ပေ ထပ်မံတိုးချဲ့ခြင်း ဖြစ်ပြီး ရောဝတ်လမ်းသည် သန်လျင်အမှတ် (၂) တံတား၊ ပဲခူးမြစ်လမ်း၊ မောင်းမကန်ကမ်းသာလမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်၊ အမှတ် (၂) လမ်းမကြီးများသို့ ဆက်သွယ်ထားသော ကုန်စည်ပို့ဆောင်ရေး အချက်အချာကျသည့်လမ်းဖြစ်ပြီး ယခု တိုးချဲ့သည့် လမ်းပိုင်းမှာ မူလလမ်းကျယ်မှ ကျဉ်းသွားသော Bottle Neck နေရာ ဖြစ်ခြင်းကြောင့် တိုးချဲ့ရခြင်း ဖြစ်ကြောင်း၊ လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံ အဖွဲ့အနေဖြင့် ရန်ကုန်မြို့ပေါ် လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေးအတွက် Bottle Neck နေရာများကို ပြုပြင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်သူကို ဝန်ဆောင်မှုပေး**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်မှစ၍ ဆောင်ရွက်နေသည့် လုပ်ငန်း ဆောင်ရွက်ချက်များ၊ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ပြည်သူအားလုံး သိရှိမှတ်သားထားရမည်ဖြစ်၍သတင်းနားထောင်၊ သတင်းစာဖတ်ကြရန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြည်သူကိုဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းများအနေဖြင့် မိမိအလုပ် မိမိလုပ်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထာဝရမပျက်ယွင်းသင့်သည့် ကျေးဇူးတရား

မောင်မိုးညို

ကျေးဇူးဆိုသည့် နယ်ပယ်မှာ အလွန်ပင်ကျယ်ပြန့် နက်နဲလှပါပေသည်။ ကျေးဇူးဟူသည် ကောင်းခြင်းမင်္ဂလာ၊ ကောင်းသောတရားဖြစ်၍ အနည်းငယ်မျှသော ကျေးဇူးကိုပင် အသိအမှတ်ပြုကြရပါသည်။ နှုတ်အားဖြင့်ဖြစ်စေ၊ ကိုယ်အားဖြင့်ဖြစ်စေ တစ်စုံတစ်ရာ ကူညီလိုက်သည်နှင့် “ကျေးဇူးပါ” ဟူ၍ ချက်ချင်း အသိအမှတ်ပြု တုံ့ပြန်ကြသည်မှာ ယဉ်ကျေးသူတို့၏ အပြုအမူ၊ နိုင်ငံကြီးသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံဖြစ်သည်။

ဤလောကတွင် အရာအားလုံးတို့သည် အပြန်အလှန်ကျေးဇူးပြုခဲ့ကြသည်သာ ဖြစ်သည်။ မဆုံးနိုင်သော ဘဝသံသရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကျေးဇူးပြုမိခဲ့ကြသည်ကို ဘုရားရှင်မှတစ်ပါး မည်သူမျှ တိတိကျကျ အသေးစိတ်သိနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် မည်သူ့အပေါ်တွင်မှ အနိုင်အထက်ပြုကျင့်ရန် မသင့်ပေ။ အနှိုင်းမဲ့ကျေးဇူးရှင်ဟူသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ ဖြစ်ကြပေသည်။ ခင်ပွန်းကြီးဆယ်ပါးတွင် ထမင်း တစ်လုတ်၊ ရေတစ်မှုတ်မျှ စားသောက်ဖူးရုံမျှနှင့်ပင် ကျေးဇူးရှိကြောင်း ပြဆိုထားပါသည်။ ထို့ကြောင့် ကျေးဇူးကို မဆပ်ချင်လျှင်နေပါ၊ မချေဖျက်ဖို့၊ ကျေးဇူးမကန်းမိဖို့ အထူးလိုအပ်ပါသည်။

သူ့ထမင်းကို တစ်လုတ်မျှ စားဖူးခဲ့ရုံမျှဖြင့် ထိုထမင်းရှင်၏ ကျေးဇူးအား အထူးသိသည့် ရာဇဝင်ဇာတ်လမ်းတစ်ပုဒ်ကို ရှေးကာလက အခြေခံပညာ ကျောင်းသင်ခန်းစာတွင် မှတ်သားခဲ့ဖူးပါသည်။ မြန်မာ့သမိုင်းဦးကုလား မဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၃၄၃-၃၄၄ တွင် “ငါးစီးရှင်ကျော်စွာ ပင်လယ်ကို စားသောအခါ ညီတော်ဖြစ်သူ စစ်ကိုင်းမင်း အသင်္ခယာစောယွမ်းကို လုပ်ကြံရန် ခေင်ညိုဟူသော ကျွန်ကို စေတော်မူသည်။ ခေင်ညိုသည် စစ်ကိုင်းသို့ကူး၍ အရိပ်အခြည်ကြည့်သော် မလုပ်ကြံသာသောကြောင့် တောတွင် သုံးရက် ပုန်းအောင်းနေလေသည်။

ခေင်ညိုသည် အခါသင့်၍ လုပ်ကြံမည်ဟု နန်းတော်သို့တက်လေရာ နန်းတော်တွင် နတ်တင်ထားသောထမင်းကို တွေ့ရသည်။ သုံးရက်တိုင် ထမင်းမစားခဲ့ရသော ခေင်ညိုသည် ထိုထမင်းကို အားရစွာ စားပြီးသော် နန်းတော်တွင်းသို့ဝင်၍ အသင်္ခယာစောယွမ်းကို လုပ်ကြံရန် စောယွမ်း၏ ခေါင်းရင်းတွင် ရပ်လေ၏။ ထိုတွင် ခေင်ညိုသည် **“ဤအသင်္ခယာ စောယွမ်းကား ငါ၏ ထမင်းရှင်ဖြစ်၍ ပြစ်မှားမိခြေက သံသရာအပြစ် အလွန်ကြီးမည်”**ဟု အကြံဖြစ်၍ မလုပ်ကြံတော့ဘဲ အသင်္ခယာစောယွမ်းထံ ရောက်ရှိကြောင်း သက်သေပြရန် အရှင်သခင်ကျော်စွာက အသင်္ခယာစောယွမ်းအား ပေးထားသော ပတ္တမြားကျောက်စီဓားကိုသာယူ၍ ပြန်လာခဲ့သည်။

## ကျေးဇူးသိသော ခေင်ညို

ငါးစီးရှင်လည်း ခေင်ညို၏ အစီရင်ခံ လျှောက်ထားချက်ကို အားရကျေနပ်သဖြင့် အမျက်မထွက်ရုံမက “ထမင်းရှင်ကိုပင် ဤမျှကျေးဇူးသိသော ခေင်ညိုသည် ငါ့အပေါ်တွင် ကျေးဇူးသိမည်မှာ ဆိုဖွယ်ရာမရှိ” ဟု တွေးတောကာ အလွန်ချီးမွမ်းလျက် ဆုလာဘ်များစွာ ပေးသနားတော်မူလေသည်။ ဤကျေးဇူးသိတတ်သော ဇာတ်လမ်းမှာ မြန်မာရာဇဝင်သမိုင်းတွင် မှတ်တမ်းအထင်အရှား ရေးထိုးထားပါသည်။ ထမင်းတစ်ဝမ်းစားခဲ့ရသဖြင့် ဘုရင့်အမှုတော် ပျက်ကွက်ခဲ့ရသည်ကို အမှန်အတိုင်း လျှောက်တင်ရာ ဘုရင်ကလည်း အမှန်တရားကို ဆင်ခြင်ကာ နားလည်ပေးနိုင်ခဲ့သည်မှာ မှတ်သားစရာဖြစ်သည်။ ဘုရင့်အမှုတော်ထမ်းက ထမင်းတစ်ဝမ်း ကျေးဇူးသိသလို ဘုရင်အရှင်ကလည်း အမြော်အမြင်ကြီးမားပေသည်။

**“အချို့ဌာနများမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ခွင့်ပြုမှု၊ မိမိတို့ဌာနမှ စေလွှတ်ပေးမှုတို့ကြောင့် မိမိတို့ကိုယ်ပိုင်ငွေဖြင့် မည်သို့မျှ ရောက်ရှိရန် မဖြစ်နိုင်သော နိုင်ငံများ၊ ရောက်ရှိရန် မလွယ်ကူသောနိုင်ငံများ၊ အိပ်မက်ပင် မမက်ဖူးသောနိုင်ငံများသို့ ပညာတော် သင်အဖြစ်သော်လည်းကောင်း၊ လုပ်ငန်းတာဝန်အဖြစ် သော်လည်းကောင်း၊ လေ့လာရေးအဖြစ်သော်လည်းကောင်း တစ်ခေါက်ဖြစ်စေ၊ အချို့လည်းတစ်ခေါက်မက၊ အချို့လည်း အကြိမ်ကြိမ် သွားရောက်ခဲ့ကြရပါသည်။ အလွန်ထူးကဲသော ကံကောင်းမှုဖြစ်သည်။ အခြားပြင်ပမှ ပြည်သူများ လုံးဝမရနိုင် သော အခွင့်အရေးဖြစ်သည်”**

လောကတွင် ခေင်ညိုကဲ့သို့၊ ဘုရင်ကျော်စွာကဲ့သို့ ထမင်းတစ်လုတ်၊ ထမင်းတစ်ဝမ်း၏ ကျေးဇူးမည်မျှကြီးသည်ကို သိနိုင်ရန် လိုအပ်ပေသည်။ ကျေးဇူးသိသောသူအပေါ်တွင် နားလည်ရှုမြင်တတ်သောခေါင်းဆောင်၏ အရည်အချင်းကိုလည်း ခန့်မှန်းနိုင်ပေသည်။ ကျေးဇူးသိတတ်ခြင်းသည် မည်မျှ အကျိုးများသည်ကိုလည်း ရှုမြင်နိုင်ပေသည်။ လောကတွင် ထမင်းတစ်နပ် ကျေးဇူးထက်ပိုသည့် မွေးကျေးဇူး၊ ဘဝရပ်တည်နိုင်မှုကျေးဇူး၊ ဘဝမြင့်မားလာစေမှု ကျေးဇူးတို့သည် ပိုမိုကြီးမားမည်ဖြစ်သည်။

## နိုင်ငံတော်အကျိုး ထမ်းရွက်လို၍ အမှုတော်ထမ်း

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ တာဝန်များ၊ မိမိတို့ လုပ်ငန်းဌာန၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသူများ ဖြစ်သည်။ ချမ်းသာကြွယ်ဝလို၍ နိုင်ငံ့တာဝန်ထမ်းဆောင်ကြခြင်း မဟုတ်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး ထမ်းရွက်လို၍ အမှုထမ်းတာဝန်ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤကဲ့သို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အလျောက် နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်လစာငွေနှင့် ရသင့်သည့်ရိက္ခာ၊ ထိုက်သင့်သည့် အခွင့်အရေးနှင့် သင့်လျော်သည့် ခံစားခွင့်များကို အဆင့်လိုက်ပေးအပ်ထားပေသည်။

## နိုင်ငံတော်၏ ကျေးဇူး

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ကျေပွန်စွာ ထမ်းရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဘဏ္ဍာငွေမှ ချီးမြှင့်သော လစာငွေနှင့် အခါအားလျော်စွာ နိုင်ငံတော်က ပံ့ပိုးကူညီပေးမှုနှင့် သက်ဆိုင်ရာဌာနများက တာဝန်ကို ထမ်းဆောင်မှုအတိုင်းအတာအလျောက် အခွင့်အရေးများ ရရှိမှုကြောင့် ဝန်ထမ်းနှင့်တကွ ဝန်ထမ်းမိသားစု ဣန္ဒြေရစွာနေနိုင်မှု၊ တစ်ဆင့်ထက်တစ်ဆင့် လူမှုဘဝမြင့်မားလာမှုများသည် အစဉ်တည်တံ့ဖြစ်တည်နေသော နိုင်ငံတော်၏ ကျေးဇူး၊ သက်ဆိုင်ရာဌာနများ၏ ကျေးဇူးကြောင့် ဖြစ်ထွန်းခဲ့သည်ကို ငြင်းဆိုစရာရှိမည် မဟုတ်ပါ။ နှစ်ပေါင်းရှည်ကြာ ဖြတ်သန်းလာသော လုပ်ငန်းအတွေ့အကြုံများအရ မိမိတို့၏ လုပ်ရည်ကိုင်ရည်၊ အတွေးအခေါ်များ မြင့်မားတိုးတက်လာသည်မှာ နိုင်ငံတော်၏ကျေးဇူး၊ မိမိဌာန၏ ကျေးဇူးကြောင့် ဖြစ်သည်မှာ ယုံမှား သံသယမရှိပါ။

အချို့ဌာနများမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ခွင့်ပြုမှု၊ မိမိတို့ဌာနမှ စေလွှတ်ပေးမှုတို့ကြောင့် မိမိတို့ ကိုယ်ပိုင်ငွေဖြင့် မည်သို့မျှ ရောက်ရှိရန် မဖြစ်နိုင်သော နိုင်ငံများ၊ ရောက်ရှိရန် မလွယ်ကူသောနိုင်ငံများ၊ အိပ်မက်ပင် မမက်ဖူးသော နိုင်ငံများသို့ ပညာတော်သင်အဖြစ်သော်လည်းကောင်း၊ လုပ်ငန်းတာဝန်အဖြစ်သော်လည်းကောင်း၊ လေ့လာရေးအဖြစ်သော်လည်းကောင်း တစ်ခေါက်ဖြစ်စေ၊ အချို့လည်း တစ်ခေါက်မက၊ အချို့လည်း အကြိမ်ကြိမ် သွားရောက်ခဲ့ကြရပါသည်။ အလွန်ထူးကဲသော ကံကောင်းမှုဖြစ်သည်။ အခြားပြင်ပမှ ပြည်သူများ လုံးဝမရနိုင်သော အခွင့်အရေးဖြစ်သည်။

## ခံစားခွင့်များရရှိ

ထိုကဲ့သို့ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးကို ကြိုးကြိုးစားစားထမ်းဆောင်ရင်း တစ်ဖက်မှ နိုင်ငံတော်က၊ မိမိတို့ဌာနက လစဉ်ထုတ်ပေးသော လစာငွေအပြင် ဖြည့်ဆည်းဆောင်ရွက်ပေးသော ပုံမှန်အခွင့်အရေးနှင့် ခံစားခွင့်များ၊ အခါအားလျော်စွာ ပေးအပ်သည့် အထူးအခွင့်အရေးများ၊ နိုင်ငံခြားသို့ သွားရောက်ရခြင်း အထူးအခွင့်အရေးများနှင့် ရုံးတက်ရုံးဆင်း ကြို၊ ပို့ ဆောင်ရွက်ပေးခြင်း၊ နေစရာအိမ်ရာများ ဖြည့်ဆည်းပေးခြင်း၊ ဝတ်စုံစရိတ်များ ထောက်ပံ့ပေးခြင်းစသည့် ခံစားခွင့်များကိုလည်း စဉ်ဆက်မပြတ် ရရှိခဲ့ကြပါသည်။ လုပ်သက်နှင့် အရည်အသွေးနည်းသဖြင့် မခံစားရသေးသော ဝန်ထမ်းများလည်း ကြိုးစားအားထုတ်မှုရှိလျှင် ရှိသလို နောင်တွင် ရရှိလာကြမည်ဖြစ်သည်။

ဤကဲ့သို့ **ထမင်းတစ်ဝမ်းသာမက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အတွက်ပါ သင့်တင့်လျောက်ပတ်စွာ ဘဝရပ်တည်နိုင်သော၊ ဂုဏ်သိက္ခာရှိစွာဖြင့် စိတ်အေးလက်အေး နေနိုင်သော အခြေအနေများသည် ပြည်သူများကို ကိုယ်စားပြုသည့် နိုင်ငံတော်နှင့် ပြည်သူများကို အလုပ်အကျွေးပြုသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးဇူးများကြောင့်ဖြစ်ရာ ယင်းကျေးဇူးများကို သိတတ်ဖို့ လိုပါသည်။ မိမိတို့ဘဝကို တဖြည်းဖြည်း မြင့်မားတိုးတက်လာအောင် ဆောင်ကြဉ်းပေးခဲ့သော နိုင်ငံတော်နှင့် မိမိတို့ တာဝန်ထမ်းဆောင်ရာ လုပ်ငန်းဌာန၏ ကျေးဇူးကို သိတတ်ဖို့လိုပါသည်။**

## စစ်မှန်သည့် ကျေးဇူးတရား

ရန်သူပင်ဖြစ်သော်လည်း ထမင်းတစ်ဝမ်းမျှတည်းဟူသော ကျေးဇူးတရားကို နားလည်သည့် မင်းမှုထမ်းကဲ့သို့၊ ထမင်းတစ်ဝမ်းကျေးဇူးကို သိသည့် မင်းမှုထမ်းအပေါ်တွင် နားလည်ပေးသည့်၊ အမြော်အမြင်ရှိသည့် မင်းကောင်းမင်းမြတ်ကဲ့သို့ သစ္စာစောင့်သိမှု၊ ဆင်ခြင်တုံတရားရှိမှုတို့ကို မှတ်သားကြရမည်ဖြစ်သည်။ မင်းအပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်းမပါသည့် စစ်မှန်သည့် ကျေးဇူးတရား၊ သစ္စာတရားသည်သာ အမွန်မြတ်ဆုံးဖြစ်ပါသတည်း။

နိုင်ငံ့ဝန်ထမ်းအားလုံး နိုင်ငံတော်နှင့် ပြည်သူကို ကိုယ်စားပြုသည့် မိမိတို့ဌာန အသီးသီးအပေါ်တွင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမပါဘဲ အစဉ်ထာဝရ သစ္စာရှိစွာ၊ ကျေးဇူးသိတတ်စွာ ဆောင်ရွက်နိုင်ကြပါစေ။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟု လည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟု လည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့်အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင် ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါသတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် အစားထိုးရွေးချယ်နိုင်ရန် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာဥပဒေ (၂၀၁၄ ခုနှစ်)နှင့် သတင်းမီဒီယာနည်းဥပဒေများအရ "မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ"၏ ကောင်စီဝင် လစ်လပ်နေရာများရှိနေပါ၍ အစားထိုးရွေးချယ်ရန် လိုအပ်ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ သတင်း မီဒီယာနည်းဥပဒေ ၁၅ အရ "အဖွဲ့သည် ကောင်စီသက်တမ်း နောက်တစ်ကြိမ်အတွက် အဖွဲ့အသစ်ဖွဲ့စည်းသည်အထိ လုပ်ငန်းတာဝန်ထမ်းဆောင်ရမည်" ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ တွင်ပါရှိသည့် "သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများ စသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများနေရာ လစ်လပ်လျက်ရှိပါသည်။

၄။ ကောင်စီဝင်အစားထိုးရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**
- (၁) လစ်လပ်နေရာအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။
- (၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။
- (၃) သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။
- (၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်း မဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**
- (၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်နှင့်အထက် ရရှိရမည်။
- (၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်း ဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။
- (၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ/ဂျာနယ်များအား ထုတ်ဝေသူ/ အမှုဆောင်အရာရှိချုပ်/ အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာ သတင်းခန်းမှ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။
- (၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။
- (၅) သတင်းမီဒီယာ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသောပုဂ္ဂိုလ်ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**
- (၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ ရှိရမည်။
- (၂) သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်း ရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ**
- (၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။
- (၂) မကျန်းမာမှုကြောင့် ကောင်စီ၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။
- (၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။
- (၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁)ရက် သောကြာနေ့မှ (၃-၃-၂၀၂၁)ရက် ဗုဒ္ဓဟူးနေ့အထိ နံနက်(၉:၀၀)နာရီမှ မွန်းလွဲ (၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁)ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀)နာရီ မတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ အပိုဒ် ၅ ပါ အချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်**
**ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၄) ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# သုတေသနလုပ်ငန်းများ အားကောင်းခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့

ဇီဝမောင်

မိုက်ခရိုဆော့ဖ်တည်ထောင်သည့် ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီး ဘီလ်ဂိတ် က “ကျွန်တော်က တီထွင်ဆန်းသစ်မှုကို ယုံကြည်တယ်။ ပြီးတော့ တီထွင်ဆန်းသစ်မှုရဖို့ တစ်ခုတည်းသော နည်းလမ်းက သုတေသနကို ဇောက်ချလုပ်ကိုင်ဖို့ ဖြစ်တယ်” ဟု ပြောကြားခဲ့ဖူးသည်။

ကမ္ဘာပေါ်တွင် ယနေ့ ကျွန်ုပ်တို့အားလုံး သုံးစွဲနေကြသည့် နည်းပညာများ၊ အသုံးအဆောင်များ၊ ခေတ်မီပစ္စည်းများအားလုံးသည် သုတေသနလုပ်ငန်းများမှ ထွက်ပေါ်လာသည့် အကျိုးဆက်များဖြစ်ပြီး ကျွန်ုပ်တို့ မကြာမီ ထိုးနှံကြတော့မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည်လည်း ကျန်းမာရေးသုတေသန ဓာတ်ခွဲခန်းများမှပင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာကြီးတွင် သုတေသနလုပ်ငန်းကို အင်မတန်အရေးကြီးသည့် လုပ်ငန်းအဖြစ် နိုင်ငံအသီးသီးတွင် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

## စနစ်တကျရှာဖွေဖော်ထုတ်

သုတေသနလုပ်ငန်းသည် အသစ်အဆန်းများကို လမ်းဖွင့်ပေးခြင်းဖြစ်ပြီး ရည်ရွယ်ချက်၏ လားရာသည် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါသည်။ မွေးရာပါ တီထွင်နိုင်မှု ပါရမီဉာဏ်စွမ်းအားကို ရင့်သန်လာစေရန်အတွက် သုတေသနလုပ်ငန်းသည် မရှိမဖြစ်အရေးပါသည်။ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်းဆိုသည် သိရှိထားပြီးသော ပညာရပ်များအပေါ် လူသားတို့ပိုမိုသိရှိနားလည်လာရန်နှင့် မသိရှိသေးသည့်အရာများအပေါ် စနစ်တကျ ရှာဖွေဖော်ထုတ်ခြင်းဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း ဦးစားပေးမှုမှာ အားနည်းနေခဲ့ရသည်ကိုမြင်တွေ့ရသည်။ ဥပမာအားဖြင့် ၂၀၁၇ ခုနှစ် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအသုံးစရိတ်စုစုပေါင်းမှ ခွဲဝေပေးမှုတွင် သိပ္ပံနှင့် နည်းပညာ၊ အင်ဂျင်နီယာအတတ်ပညာနှင့် သင်္ချာဘာသာတို့အတွက် ၃၂ ဒသမ ၈ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးသိပ္ပံအတွက် ၃၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဆေးသိပ္ပံ ပညာအတွက် ၃၀ ရာခိုင်နှုန်းနှင့် သဘာဝသိပ္ပံဘာသာအတွက် ၄ ရာခိုင်နှုန်းကျော်ဝန်းကျင်သာ အသုံးပြုခဲ့ကြောင်း မြန်မာနိုင်ငံရှိသုတေသနလုပ်ငန်းစဉ်များကို အကဲဖြတ်ခြင်းဆိုင်ရာအစီရင်ခံစာ တစ်စောင်တွင် ဖတ်ရှုရဖူးသည်။

မိမိတို့ နေ့စဉ်ထိတွေ့ အသုံးပြုနေကြရသည့် အရာတိုင်းသည် အကြိမ်ပေါင်းများစွာ သုတေသနလုပ်ငန်းများလုပ်ဆောင်ပြီးမှ မွေးထုတ်ပေးထားခဲ့သည့် အရာများဖြစ်သည်။ ကျန်းမာရေးနှင့်ပတ်သက်သည့် ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ အသုံးအဆောင်များ၊ နည်းပညာများအားလုံးသည် သုတေသန၏ အောင်မြင်မှုရလဒ်များ ဖြစ်ကြပါသည်။ နိုင်ငံတစ်ခု၊ လုပ်ငန်းတစ်ခု၊ ဌာနတစ်ခု အောင်မြင်စေရေးအတွက် စနစ်တကျ စီစဉ်ဖော်ထုတ်ရသည့် သုတေသနလုပ်ငန်းများမှာ မရှိမဖြစ် လိုအပ်ပါသည်။

**နိုင်ငံတစ်နိုင်ငံတွင် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုလျှင် ထိုနိုင်ငံ၏ စီးပွားရေး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သုတေသနဆိုင်ရာ လေ့လာဆန်းစစ်သူများက တညီ**

> **“နိုင်ငံတစ်နိုင်ငံတွင် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုလျှင် ထိုနိုင်ငံ၏ စီးပွားရေး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သုတေသနဆိုင်ရာ လေ့လာဆန်းစစ်သူများက တညီတညွတ်တည်း ပြောဆိုကြပါသည်။ သို့သော် သုတေသနလုပ်ငန်းများသည် ရေတိုအကျိုးကျေးဇူး ရရှိမှုထက် ရေရှည်အကျိုးကျေးဇူး ပိုမိုများပြားလာလေ့ရှိသည်။ အချိန်ကာလကြာလာသည်နှင့်အမျှ တီထွင်နိုင်စွမ်းအားများ ရင့်သန်လာကာ နိုင်ငံ့စီးပွားရေးအတွက် သိသာထင်ရှားသည့် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်သည့်ဖြစ်စဉ်များကို တိုးတက်လျက်ရှိသည့် နိုင်ငံများတွင် မြင်တွေ့ရပါသည်”**

တညွတ်တည်း ပြောဆိုကြပါသည်။ သို့သော် သုတေသနလုပ်ငန်းများသည် ရေတိုအကျိုးကျေးဇူး ရရှိမှုထက် ရေရှည်အကျိုးကျေးဇူး ပိုမိုများပြားလာလေ့ရှိသည်။ အချိန်ကာလကြာလာသည်နှင့်အမျှ တီထွင်နိုင်စွမ်းအားများ ရင့်သန်လာကာ နိုင်ငံ့စီးပွားရေးအတွက် သိသာထင်ရှားသည့် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်သည့်ဖြစ်စဉ်များကို တိုးတက်လျက်ရှိသည့်နိုင်ငံများတွင် မြင်တွေ့ရပါသည်။

## ကုန်ထုတ်လုပ်မှုမြင့်တက်လာနိုင်

သုတေသန၏ အကျိုးဆက်ရလဒ်များမှ ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုနေကြရသည့် ပစ္စည်းများအားလုံးကို ပြည်ပမှ ဝယ်ယူအသုံးပြုနေရခြင်းကို များစွာသက်သာခွင့်ရရှိစေနိုင်သကဲ့သို့ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုမြင့်တက်လာနိုင်ပြီး ထုတ်ကုန်များကို ပြည်ပသို့ပါ တင်ပို့နိုင်မည့် အခွင့်အလမ်းများကို ရရှိစေနိုင်ပါလိမ့်မည်။ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းစေမည့် တစ်ခုတည်းသောနည်းမှာလည်း သုတေသနဆောင်ရွက်ချက်များမှတစ်ဆင့် ထုတ်ကုန်များကို ကိုယ်တိုင်ထုတ်လုပ်နိုင်မည့် နည်းလမ်းပင်ဖြစ်သည်ဟု ယူဆမိပါသည်။

စာရေးသူတို့ငယ်စဉ်က ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် သင်္ချာဘာသာရပ်များ၊ ဂျီသြမေတြီ ဘာသာရပ်များ သင်ကြားခဲ့ရာတွင် စာတွေ့သင်ကြားခဲ့ရသည်က ပိုမို များပြားခဲ့သည်။ တက္ကသိုလ်ပညာတွင်ပင် လက်တွေ့အသုံးချ ဓာတ်ခွဲခန်းများတည်ဆောက်ပေးမှု အားနည်းခဲ့သဖြင့် တီထွင်နိုင်သူ၊ ဖော်ထုတ်နိုင်သူ သုတေသနပညာရှင်ထွက်ပေါ်မှု အားနည်းခဲ့ရသည်။ ထိုသို့ အားနည်းချက်များကို ဖြည့်ဆည်းကာ နိုင်ငံ၏ သုတေသနလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် တွန်းအားပေးဆောင်ရွက်စေလိုပါသည်။

သုတေသနလုပ်ငန်းများ တိုးတက်အောင်မြင်လာပါက ပညာရေးကဏ္ဍလည်း များစွာဖွံ့ဖြိုးတိုးတက်လာစေပြီး အသိပညာသစ်များရှာဖွေရန် လက်တွေ့လုပ်ဆောင်မှုများမှသည် လေ့လာတွေ့ရှိချက်အသစ်များကို ပေါ်ထွက်လာစေနိုင်မည် ဖြစ်ပါသည်။ ပညာသင်ကြားရေးတွင် အလွတ်ကျက်ပညာရေးထက် လက်တွေ့သင်ကြားပြသခြင်း၊ သုတေသနတွေ့ရှိချက်များကို တန်ဖိုးထားကာ လက်တွေ့လေ့လာစေခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မြင့်မားလာစေမည်ဖြစ်ပါသည်။

စာရေးသူငယ်ငယ်က သူငယ်ချင်းအချင်းချင်း နောက်ပြောင်သီဆိုသည့် သီချင်းစာသားအချို့ကို အမှတ်ရမိသည်။ “ကက်သလစ်ကို မင်းကမသိ၊ အက်ဆစ်ကို မင်းကမသိ ၊ အပူပေးနေတာ တကယ်ဆိုး၊ ဘာအင်တီဂိတ်လဲ၊ ဘယ်ကာလာ အန်းပွိုင့်လဲ ဘာမှ တကယ်ကိုမသိဘူး. . .” ဟူသည့် ဓာတ်ခွဲခန်းအတွေ့အကြုံများကို သတိရမိသည်။ လက်ရှိကျွန်ုပ်တို့ သားသမီးများလက်ထက်တွင် စနစ်ကျသည့် လက်တွေ့သုတေသနဓာတ်ခွဲခန်းများ များများပေါ်ပေါက်လာပါစေဟုလည်း ဆန္ဒပြုမိသည်။

## သုတေသနလုပ်ငန်းများအားပေး

ဗြိတိန်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၈ ခုနှစ်အကြား ကုန်ထုတ်စွမ်းအား မြင့်တက်လာမှု၏ ထက်ဝက်ကျော်သည် သိပ္ပံပညာနှင့် တီထွင်ဆန်းသစ်နိုင်မှု၏ ရလဒ်များကြောင့်ဖြစ်ကြောင်း သတင်းအချို့တွင် မြင်တွေ့ရဖူးသည်။ ကမ္ဘာပေါ်တွင် နည်းပညာနှင့် စီးပွားရေးတောင့်တင်းသည့် နိုင်ငံများတွင် ဦးစားပေးဘတ်ဂျက်သုံးစွဲမှုတွင် သုတေသနကဏ္ဍကို ထည့်သွင်းထားပြီး စနစ်တကျသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အားပေးဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံတွင် ယခုထက်တိုင် အမျိုးသားအဆင့် သုတေသနမူဝါဒ ခိုင်ခိုင်မာမာ မရှိသေးသော်လည်း သက်ဆိုင်ရာဌာနအသီးသီးက သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုမှာ ယခင် ထက်ပိုမိုလာခဲ့သော်လည်း ကျောင်းသူကျောင်းသားများနှင့် ဆရာ၊ ဆရာမများ သုတေသနကောင်းမွန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများနှင့် အခြေခံဓာတ်ခွဲခန်းများ ပိုမိုဖန်တီးပေးဖို့ လိုအပ်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

> **“သုတေသနလုပ်ငန်းများ တိုးတက်အောင်မြင်လာပါက ပညာရေးကဏ္ဍလည်း များစွာဖွံ့ဖြိုးတိုးတက်လာစေပြီး အသိပညာသစ်များရှာဖွေရန် လက်တွေ့လုပ်ဆောင်မှုများမှသည် လေ့လာတွေ့ရှိချက်အသစ်များကို ပေါ်ထွက်လာစေနိုင်မည် ဖြစ်ပါသည်။ ပညာသင်ကြားရေးတွင် အလွတ်ကျက် ပညာရေးထက် လက်တွေ့သင်ကြားပြသခြင်း၊ သုတေသနတွေ့ရှိချက်များကို တန်ဖိုးထားကာ လက်တွေ့လေ့လာစေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မြင့်မားလာစေမည်ဖြစ်ပါသည်”**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အိမ်ရာစီမံကိန်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပြီး ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**အငှားအိမ်ရာစီမံကိန်းများ ဆောင်ရွက်ထား**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာ တည်ဆောက်နေသည့် သုခဝတီအိမ်ရာစီမံကိန်းသို့ ရောက်ရှိရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက နေပြည်တော်ကောင်စီနယ်မြေတွင် ပြည်သူများအတွက် အငှားအိမ်ရာစီမံကိန်းများ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် အငှားအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသက်လင်း၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ တာဝန်ခံ ဦးပြည့်ဖြိုးလွင်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ခံ ဦးသန့်ဇင်ဦးတို့က အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အိမ်ရာစီမံကိန်းတွင် ကြီးကြပ်သည့် မြို့ပြ / လျှပ်စစ် / ရေသန့်နှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာစီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု လုပ်ငန်းပြီးစီးမှုနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် ပတ်သက်၍ ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ရေး အိမ်ရာစီမံကိန်းများဖြစ်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်း၊ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်မြို့ပတ်လမ်းဘေးရှိ မြေဧရိယာ ၃၃ ဧကပေါ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာ ၁၂ ခန်းတွဲ ငါးထပ် ငါးလုံး ၃၀၀ ယူနစ်၊ ၁၂ ခန်းတွဲ ငါးထပ်နှစ်လုံး ၁၂၀ ယူနစ်နှင့် လေးခန်းတွဲ ငါးထပ် ငါးလုံး ၁၀၀ ယူနစ်ကို လည်းကောင်း၊ မြေဧရိယာ ၅၀ ဧကပေါ်တွင် လေးခန်းတွဲ ငါးထပ် ၂၆ လုံး ၆၁၄ ယူနစ်နှင့် လေးခန်းတွဲ ငါးထပ် ၁၈ လုံး ၂၈၈ ယူနစ်တို့ကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်သည်။

**လုပ်ငန်းများ အချိန်မီပြီးစီးရေး**

ယခုဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်းများသည် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် နေထိုင်ရေးအဆင်ပြေစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့များ ပူးပေါင်းပြီး နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ သုခဝတီ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာများကို တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်း ၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်မှ ၄၅ ရာခိုင်နှုန်းနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးလုပ်ငန်းရှင်များအသင်းမှ ၂၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး လုပ်သားအင်အား ၈၀၀ ခန့်ဖြင့် လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

**ဆေးပညာကဏ္ဍတွင် ပင်နီဆီလင်ကဲ့သို့သော ပဋိဇီဝဆေးများမှသည် လူသားတို့ ကျန်းမာရေးအတွက် သိပ္ပံနည်းကျ ဆေးအမျိုးမျိုးတို့ကို သုတေသနဓာတ်ခွဲခန်းများမှပင် ရရှိခဲ့ကြသည်။ ကိုဗစ်-၁၉ ကဲ့သို့သော အသစ်ဖြစ်ပွားသည့် ရောဂါဘယများကို ကုသရန်နှင့် ကာကွယ်ရန်အတွက် ကာကွယ်ဆေးများကို ကမ္ဘာအရပ်ရပ်ရှိ သုတေသနဌာနများကပင် ထွက်ပေါ်လာခဲ့သည် မဟုတ်ပါလော။**

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကုန်ထုတ်ကဏ္ဍများတွင်လည်း သုတေသနဆိုင်ရာ လေ့လာတွေ့ရှိမှုများအရ တစ်သျှုးနည်းပညာဖြင့် စိုက်ပျိုးကြခြင်း၊ မျိုးစေ့အသစ်များ ထွက်ပေါ်လာခြင်း၊ အထွက်နှုန်းမြင့်မားသည့် မြေဩဇာများ ထွက်ပေါ်လာခြင်း၊ နှစ်ပတ်လည် အသီးသီးစေရန်၊ ရာသီဥတုနှင့် ကိုက်ညီစွာ ရှင်သန်ကြီးထွားစေရန် (Genetically Modified) စသည်ဖြင့် တိုးတက်ပြောင်းလဲလာနိုင်ခြင်း၊ နည်းပညာကို အသုံးပြုကာ ထိန်းချုပ်ဆောင်ရွက်ခြင်းများ အားလုံးသည်လည်း သုတေသနပြုခြင်း၏ အကျိုးရလဒ်များပင်ဖြစ်ပါသည်။

> **"ဆေးပညာကဏ္ဍတွင် ပင်နီဆီလင်ကဲ့သို့သော ပဋိဇီဝဆေးများမှသည် လူသားတို့ ကျန်းမာရေးအတွက် သိပ္ပံနည်းကျ ဆေးအမျိုးမျိုးတို့ကို သုတေသနဓာတ်ခွဲခန်းများမှပင် ရရှိခဲ့ကြသည်။ ကိုဗစ်-၁၉ ကဲ့သို့သော အသစ်ဖြစ်ပွားသည့် ရောဂါဘယများကို ကုသရန်နှင့် ကာကွယ်ရန်အတွက် ကာကွယ်ဆေးများကို ကမ္ဘာအရပ်ရပ်ရှိ သုတေသနဌာနများကပင် ထွက်ပေါ်လာခဲ့သည် မဟုတ်ပါလော"**

နည်းပညာကဏ္ဍတွင် သရီးဂျီ၊ ဖိုးဂျီ၊ ဖိုက်ဂျီ စသည်ဖြင့် ကွန်ရက်ချိတ်ဆက်မှု မြန်နှုန်းမြင့်မားလာသည်နှင့် မှတ်ဉာဏ်တု (IR) နည်းပညာ၊ နာနို (Nano) နည်းပညာ စသည့် အသစ်အသစ်သော နည်းပညာများအားလုံးသည်သုတေသနဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးပင်ဖြစ်ပါသည်။

သုတေသနပညာရှင်များ ထွက်ပေါ်လာနိုင်အောင် ကြိုးပမ်းခြင်းအပြင် သုတေသနစာတမ်းနှင့် တွေ့ရှိချက်များကို စနစ်တကျ လေ့လာပိုင်းခြားကာ အမှန်တကယ် အောင်မြင်စေရန်အပြင် စီးပွားရေးအမြော်အမြင်ရှိရှိဖြင့် အရေအတွက်များများထုတ်လုပ်နိုင်စေရန်အထိပါ ထည့်သွင်းစဉ်းစားမှုဝါဒရေးဆွဲ ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံသည် အချိန်အတိုင်းအတာတစ်ခုအတွင်း အောင်မြင်မှုများ ရရှိလာမည်ဟုလည်း ယုံကြည်မိပါသည်။

မိမိတို့သည် သမိုင်းအထောက်အထား ရှာဖွေဖော်ထုတ်ရေး၊ သဘာဝသိပ္ပံဆိုင်ရာ လေ့လာရေး၊ နေ့စဉ်လူမှုဘဝများအတွက် နည်းပညာနှင့် အသုံးအဆောင်သစ်များသုံးစွဲရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအားလုံးအပြင် ကမ္ဘာ့ရာသီဥတုဆိုင်ရာ အပြောင်းအလဲများ ရင်ဆိုင်ဖြေရှင်းရေး စသည့်ကဏ္ဍတိုင်းအတွက် မလုပ်မဖြစ်ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုသည် သုတေသနလုပ်ငန်းပင် ဖြစ်ပါသည်။

ထို့ကြောင့် သုတေသနလုပ်ငန်းများကို ပညာရှင်များ၊ လူငယ်များနှင့် နိုင်ငံတော်အစိုးရတို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်သူများအားလုံးကပါ စိတ်ပါဝင်စားစွာဖြင့် အတူတကွ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတိုးတက်ဖွံ့ဖြိုးမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတော့သည်။ ။

# လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ ၁-၂-၂၀၂၁ ရက်နေ့မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေသတ်မှတ်ပြီး ပုဒ်မ ၄၁၈ (က) အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်ပြီးဖြစ်ပါသည်။ ထိုသို့လွှဲအပ်သည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ရပ်ဆိုင်းထားရမည်ဟု မှတ်ယူရမည့်အပြင် လွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာလွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ စစ်ဆေးတွေ့ရှိချက်များကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်းကို အသိပေးကြေညာပြီးလည်း ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲအဆင့်တွင် မိမိတို့သဘောအလျောက် လွှတ်တော်ကိုယ်စားပြုကော်မတီများဖွဲ့စည်းခြင်း၊ ယင်းကော်မတီက ဆောင်ရွက်သည့် အစည်းအဝေးများ ပြုလုပ်ခြင်း၊ ကြေညာချက်/ အသိပေးကြေညာချက်များ ထုတ်ပြန်ခြင်း၊ ကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း အစရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့သည် တည်ဆဲဥပဒေများအရ တရားဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း လွှတ်တော်အသီးသီး၏ ကိုယ်စားပြုကော်မတီအမည်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်များသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို အန္တရာယ်ဖြစ်စေနိုင်ကြောင်းတွေ့ရှိရသဖြင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆက်လက်ဆောင်ရွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာ ဆုတစ်ခုဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာ အာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါ နယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကို ရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန် မြို့၌ ကျင်းပမည့် (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး ပြည်သူ့ဗဟိုပြု အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်သူ ဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ် ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူ၍နိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက် စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီလ ၂၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိဘများထားရှိခဲ့သည့် ဥစ္စာပစ္စည်းများကို သားသမီးများအနေဖြင့် စနစ်တကျ သုံးစွဲသင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အဖေ့အမွေ" မျက်နှာဖုံးကာတွန်း၊ ဖုန်းကို စနစ်တကျ မသုံးစွဲပါက ကျန်းမာရေးကို ထိခိုက်နိုင်ပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖုန်းသုံးစွဲမှု လျှော့ချကြပါစို့" သုတဆောင်းပါး၊ မြန်မာဆိုရိုး စကားများကို ကလေးများ လေ့လာမှတ်သားနိုင်စေရန် တင်ပြထားသည့် "ပညာရှာ ပမာ သူဖုန်းစား" ဆိုရိုးစကား၊ မိမိတို့အတွက် သဘာဝကပေးထားသော အရာများကို ကျေနပ်လက်ခံသင့်ကြောင်း ရေးဖွဲ့ထားသည့် "လိပ်ကလေး ပုလုံးရဲ့ လုံခြုံမှု" နှစ်မျက်နှာကာတွန်း၊ မည်မျှပင်ရိုးအနေသူဖြစ်ပါစေ မိမိမသိသေးသောအကြောင်းအရာများကို စူးစမ်းလေ့လာကာ ဆောင်ရွက်သင့်ကြောင်း ပညာပေး ရေးဖွဲ့ထားသည့် "မှန်တစ်ချပ်"ပုံပြင်၊ နာမ်ရှေ့တွဲသုံးစကားလုံးများ (determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ ဆက်လက်တင်ဆက်ထားသည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" ကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**



# ဂျပန်နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းတွင် ချမှတ်ထားသော နိုင်ငံတော်အရေးပေါ်အခြေအနေကို ဖယ်ရှားပေးရန် ဂျပန်အစိုးရ စဉ်းစားလျက်ရှိ

**တိုကျို ဖေဖော်ဝါရီ ၂၅**

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီး၊ ထိန်းချုပ်ရန် ဂျပန်နိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းခရိုင်ငါးခုတွင် ချမှတ်ထားသော နိုင်ငံတော် အရေးပေါ်အခြေအနေကို ဖယ်ရှားပေးရန် စဉ်းစားနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၂၅ ရက်က ဖော်ပြလိုက်သည်။ အရေးပေါ်အခြေအနေကို တိုကျို၊ အိုဆာကာနှင့် အခြားခရိုင်ရှစ်ခုတွင် ကြေညာခဲ့သည်။ အဆိုပါ အရေးပေါ် အခြေအနေကာလသည် မတ် ၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အိုဆာကာ၊ ယိုဂို၊ ကျိုတို၊ အိုင်ချီနှင့် ဖူကူအိုကာခရိုင်များသည် အရေးပေါ် အခြေအနေကြေညာချက် ပြန်ရုပ်သိမ်းရန် အစိုးရကို တောင်းဆိုလျက်ရှိသည်။ တောင်းဆိုမှုကို တုံ့ပြန်သောအားဖြင့် ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲက အဆိုပါကိစ္စကို သက်ဆိုင်ရာဝန်ကြီးများနှင့် ဆွေးနွေးခဲ့သည်။ အကြံပေးကော်မတီ၏ ထင်မြင်ယူဆချက်များကို နားထောင်သုံးသပ်ပြီးနောက် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာ၊ ယိုဂိုနှင့် ကျိုတိုအပြင် အလယ်ပိုင်းအိုင်ချီနှင့်ဂီဖုခရိုင်များရှိအရေးပေါ်ကြေညာချက်ကို အစောပိုင်းဖယ်ရှားပေးခြင်းနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့မှ တချို့အရာရှိများက သဘောတူကြသည်။



ဖူကူအိုကာမြို့ ညအချိန်မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

သို့သော်လည်း ဖူကူအိုကာကဲ့သို့ ခရိုင်မျိုးတွင် ဆေးရုံခုတင်နှင့် အခြားအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောကြားသည်။

တိုကျိုနှင့် အနီးဝန်းကျင်ခရိုင်များဖြစ်ကြသည့် ဆိုင်တာမာ၊ ချီဘာနှင့် ကာနာဂါဝတို့တွင် ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေးခြေလှမ်းများကို ဆက်လက်လုပ်ဆောင်ရန် အစိုးရက တိုက်တွန်းပြောကြားထားသည်။ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ဆောင်မှုများတွင် မလိုအပ်ဘဲ အပြင်မထွက်ရေးများလည်း ပါဝင်သည်။

တစ်ချိန်တည်းတွင် နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရေးဆိုင်ရာ တာဝန်ရှိသူ ပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုက ဧပြီ ၁၂ ရက်မှစပြီး ကန့်သတ်ချက်ပမာဏဖြင့် အသက်ကြီးပိုင်းများကို ကာကွယ်ဆေး စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ဧပြီ ၂၆ ရက်မှစကာ ခရိုင်အားလုံးသို့ လုံလောက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ဆေးအလုံးရေပမာဏကို ပထမပိုင်းတွင် ကန့်သတ်ထားသည်ဖြစ်ရာ သက်ဆိုင်ရာခရိုင်များက သယ်ယူပို့ဆောင်ရေးနှင့် စီမံခန့်ခွဲရေးကို ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်မည်ဟု အစိုးရက မျှော်လင့်ထားသည်။

ပထမပိုင်းတွင် အသက်ကြီး နိုင်ငံသားများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံရန် အစိုးရက စီစဉ်ထားရှိပြီး နောက်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံမှုများကို ချဲ့ထွင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကိုနိုက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

---

# အီဂျစ်နိုင်ငံက ရုရှားကိုဗစ်- ၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြု

**ကိုင်ရို ဖေဖော်ဝါရီ ၂၅**

အီဂျစ်ဆေးဝါး အာဏာပိုင်အဖွဲ့ (အီးဒီအေ)က ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် စပွတ်နစ်ဗွီကို နိုင်ငံအတွင်း အရေးပေါ် သုံးစွဲခွင့် ပြုလိုက်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ဖော်ပြလိုက်သည်။




ရုရှားနိုင်ငံထုတ် စပွတ်နစ်ဗွီ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

အီးဒီအေအကြီးအကဲ မာမွတ်ယာဆင်က ရုရှားက ကာကွယ်ဆေးကို စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် အရေးပေါ် အသုံးပြုခွင့်ပေးခဲ့ကြောင်း ကြေညာချက်တွင် ပြောကြားလိုက်သည်။

အီဂျစ်နိုင်ငံတွင် ယခင်က ကိုဗစ်-၁၉ ကပ်ရောဂါကို တားဆီးထိန်းချုပ်ရန်အတွက် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးနှင့် အောက်စ်ဖို့ဒ်၊ အက်စ်ထရာဇနီကာ ကာကွယ်ဆေးများကို အသုံးပြုခွင့်ပေးခဲ့သည်။

လွန်ခဲ့သောလက အီဂျစ်နိုင်ငံသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှုများ စတင်ခဲ့သည်။ ထိုသို့ ကာကွယ်ဆေးများ စတင်ထိုးနှံရာတွင် အစိုးရဆေးရုံများရှိ ကျန်းမာရေး ဝန်ထမ်းများကို ဦးစားပေး စတင်ထိုးနှံခဲ့သည်။

အီဂျစ် ကျန်းမာရေးဝန်ကြီး ဟာလာဇာရစ်က ၂၁ ရက်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံခြင်းသည် ပြည်သူတစ်ဦးအတွက် အီဂျစ်ပေါင် ၂၀၀ ကုန်ကျမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တကယ် လိုအပ်လျက်ရှိသူများအတွက် အခမဲ့ ကာကွယ်ဆေးများကို ထိုးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ **ဆင်ဟွာ**

---

## ဘရာဇီးတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၅၀၀၀၀ ခန့် ရှိလာနေပြီဟုဆို

**ဆော်ပေါလို ဖေဖော်ဝါရီ ၂၅**

ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၂၈ ဦးရှိလာခဲ့ပြီး ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းမှစကာ နေ့စဉ်သေဆုံးမှုအများဆုံးအဖြစ် လေးကြိမ်မြောက် ဖြစ်လာခဲ့သည်။

ထို့အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာလည်း ၂၄၉၉၅၇ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်က ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ထပ်မံစစ်ဆေးမှု ၆၆၅၈၈ ခုလုပ်ပေးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၁၀၃၂၄၄၆၃ ခု လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၄ ရက်က သေဆုံးသူ ၁၀၀၀ ကျော်လွန်ခဲ့သော ၃၅ ရက်မြောက် နေ့တစ်နေ့ဖြစ်ခဲ့သည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြီးနောက် ကမ္ဘာပေါ်တွင် ဒုတိယ သေဆုံးမှုအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင်လည်း အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ **ဆင်ဟွာ**

---

# ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ်မှ ကာကွယ်ဆေးများ နမီးဘီးယားနိုင်ငံသို့ မတ်လအတွင်း ရောက်ရှိမည်ဟု ကျန်းမာရေးဝန်ကြီးပြောကြား

**ဝင်းဟုတ် ဖေဖော်ဝါရီ ၂၅**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့ရေးအစီအစဉ်မှ ထောက်ပံ့မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် နမီးဘီးယားနိုင်ငံသို့ မတ်လအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း နမီးဘီးယားကျန်းမာရေးဝန်ကြီး ကာလန်ဘီရှန်ဂူလာက ဖေဖော်ဝါရီ ၂၄ ရက်က ပြောကြားသည်။

နမီးဘီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အတွက် နမီးဘီးယားဒေါ်လာ ၅၈၃ သန်း(ကန်ဒေါ်လာသန်း ၄၀) ကို လျာထားကြောင်းနှင့် ကာကွယ်ဆေးဝယ်ယူရန် နမီးဘီးယားဒေါ်လာ ၄၈၅ သန်းကို လျာထားကြောင်း သိရသည်။ ၎င်းလျာထားသောငွေပမာဏသည် နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန် လုံလောက်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံ ဆီနိုဖမ်း ဆေးကုမ္ပဏီက နမီးဘီးယားနိုင်ငံအား ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သိန်း လှူဒါန်းမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သုံးသောင်းလှူဒါန်းမည်ဖြစ်သည်။ နိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်ကို ကြိုဆိုကြရန် ကာလန်ဘီရှန်ဂူလာက ပြောကြားသည်။ **ဆင်ဟွာ**

# ကိုဗက်အစီအစဉ်မှထောက်ပံ့ပေးသည့် ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် ဂါနာနိုင်ငံသို့ရောက်ရှိ

• • • နှင်းမိုးအိမ် • • •

ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသည့် ကိုဗက်အစီအစဉ်မှ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဂါနာနိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်က ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည်။ ကိုဗက်အစီအစဉ်မှ ကမ္ဘာပေါ်တွင် ပထမဆုံး ဖြန့်ဖြူးပေးသည့် နိုင်ငံလည်းဖြစ်သည်။ ယင်းအစီအစဉ်သည် ကာလရှည်ကြာစောင့်ဆိုင်းခဲ့ရသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်ရှိ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်မှုအများဆုံးဖြစ်နေသောဒေသများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး အချိန်မီရောက်၊ မရောက် စိုးရိမ်ပူပန်နေကြရသည်။



ဂါနာနိုင်ငံသို့ ကိုဗစ် – ၁၉ ကာကွယ်ဆေးများ ရောက်ရှိလာစဉ်။

## ကြိုးပမ်းမှုတစ်ရပ်ဖြစ်

အနောက်အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဂါနာနိုင်ငံသို့ အက်စ်ထရာဇနီကာ ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ ရောက်ရှိခဲ့ပြီး သမိုင်းတွင် ပထမဆုံး ကာကွယ်ဆေးအမြောက်အမြား ဖြန့်ဖြူးပေးခြင်းလည်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ယူနီဆက်တို့က ပြောသည်။ ယင်းသို့ပေးပို့နိုင်ခြင်းသည် ကပ်ရောဂါအဆုံးသတ်စေရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ ကာကွယ်ဆေးရရှိရန် ယှဉ်ပြိုင်မှုတွင် ဝင်ငွေအနိမ့်နှင့် အလယ် အလတ်စား ဝင်ငွေရှိသည့် နိုင်ငံများအတွက် ပထမဆုံးခြေလှမ်းပင်ဖြစ်သည်။

## အဓိကစိန်ခေါ်မှုတစ်ရပ်

သို့သော်လည်း ကာကွယ်ဆေးပေးပို့နိုင်သည့် ပမာဏမှာ ဂါနာနိုင်ငံ လူဦးရေ၏ တစ်ရာခိုင်နှုန်းကိုသာ ထောက်ပံ့ပေးနိုင်ခြင်းရှိသဖြင့် ကာကွယ်ဆေးထိုးနှံပေးရာတွင် အဓိက စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ ကိုဗက်အစီအစဉ်တွင် နိုင်ငံ ပေါင်း ၁၉၀ ကျော် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကိုဗစ် – ၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးတို့တွင် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်သည့် အစီအစဉ်လည်း ဖြစ်သည်။ သို့သော်လည်း ချမ်းသာကြွယ်ဝသည့် နိုင်ငံကြီးများက အချိုးအစားမမျှတစွာ ဝယ်ယူသိုလှောင်ထားသည့်အတွက် လုံလောက်စွာ ကာကွယ်ဆေးပေးနိုင်ရေး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

## ကတိပြု ပြောကြားခဲ့

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကိုဗက်အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ထောက်ပံ့ပေးမည်ဟု ကတိပြု ပြောကြားခဲ့သည်။ ယခင်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်ကို ပြောင်းပြန်လှန်ကာ ကူညီပေးမည်ဟု ကတိပြုပေးခဲ့ခြင်းဖြစ်သည် ။ ယခုအချိန်ထိ အမေရိကန်နှင့် အခြားသောချမ်းသာသည့်နိုင်ငံများသည် အမှန်တကယ် အကူအညီလိုအပ်နေသည့် နိုင်ငံများအတွက် ရန်ပုံငွေထောက်ပံ့ပေးခြင်းသာ ပြုလုပ်ကြပြီး ကာကွယ်ဆေးထောက်ပံ့ပေးရန် တောင်းဆိုမှုကို လျစ်လျူရှုထားကြသည်။

## ပထမခြေလှမ်းဖြစ်

နေရာတိုင်းတွင် ကပ်ရောဂါကို အဆုံးမသတ်နိုင်သေးသရွေ့ ကပ်ရောဂါကို အလုံးစုံအဆုံးသတ်နိုင်ရေးမှာ မဖြစ်နိုင်သေးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရော့အက်ဒဟာနွမ်ဂီဘရီယက်ဆုစ်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်ဟု ကိုဗက်အစီအစဉ်မှ သတင်းထုတ်ပြန်သည်။ ဂါနာနိုင်ငံကို ကိုဗစ် – ၁၉ ကာကွယ်ဆေးပေးပို့လိုက်နိုင်ခြင်းမှာ ကာကွယ်ဆေးကို ညီညီမျှမျှ ဖြန့်ဝေပေးနိုင်ရေးအတွက် ပထမခြေလှမ်းပင်ဖြစ်သည်။ သို့သော်လည်း ယခုမှာ ခရီးအစပင် ရှိသေးသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## မကြာမီ ပေးပို့နိုင်မည်

ကိုဗက်အစီအစဉ်မှ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးပေါင်း ၂ ဒသမ ၃ သန်းဖြန့်ဝေပေးနိုင်ရေး ရည်ရွယ်ထားပြီး ယင်းမှာသိသာထင်ရှားသည့် အရေအတွက်ဖြစ်သည်။ ဂါနာနိုင်ငံတွင် လူဦးရေ ၃၁ သန်းရှိပြီး ကိုဗက်အစီအစဉ်က ကာကွယ်ဆေးထောက်ပံ့ပေးရန် ပထမဆုံးရွေးချယ်ခံရသည့် နိုင်ငံလည်း ဖြစ်သည်။ သယ်ယူပို့ဆောင်ရာတွင် ကာကွယ်ဆေးအာနိသင် မပြယ်စေရေးအတွက်လည်း ပြင်ဆင်မှုများပြုလုပ်ထားခဲ့သည်။ အိုင်ဗရီကို့စ်အပါအဝင် အဆိုပါဒေသရှိ အချို့သော နိုင်ငံများတွင်လည်း ကာကွယ်ဆေး မကြာမီပေးပို့နိုင်မည်ဟု မျှော်လင့်ထားသည်။

> “ကိုဗက်အစီအစဉ်သည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးပေါင်း ၂ ဒသမ ၃ သန်း ဖြန့်ဝေပေးနိုင်ရေး ရည်ရွယ်ထားသည်။ သိသာထင်ရှားသည့်အရေအတွက် ဖြစ်သည်။ ဂါနာနိုင်ငံတွင် လူဦးရေပေါင်း ၃၁ သန်းရှိပြီး ကိုဗက်အစီအစဉ်က ကာကွယ်ဆေး ထောက်ပံ့ပေးရန် ပထမဆုံးရွေးချယ်ခံရသည့်နိုင်ငံလည်းဖြစ်”

## ပူးပေါင်းလုပ်ဆောင်စရာများရှိသေး

အစိုးရများနှင့် ပူးပေါင်းကာ လုပ်ဆောင်စရာကိစ္စအများအပြားရှိနေသေးကြောင်းနှင့် ယခုနှစ် ရက်ပေါင်း ၁၀၀ အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက်ဆေးလုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းလုပ်ဆောင်စရာများရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲက ပြောသည်။ ဖေဖော်ဝါရီ ၂၄ ရက်က ပေးပို့လိုက်သည့် ကာကွယ်ဆေးများမှာ အိန္ဒိယစီရမ်အင်စတီကျုမှ နိုင်ငံပေါင်း ၂၀ အတွက် ထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေး ၇ သန်းထဲမှဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ လာမည့်သီတင်းပတ်များအတွင်း ကိုဗက်အစီအစဉ် အနေဖြင့် အစီအစဉ်တွင် ပါဝင်ထားသည့် နိုင်ငံများသို့ ကာကွယ်ဆေးပေးပို့နိုင်ရေးအတွက် လုပ်ဆောင်မည်ဟု ဂါဗီမှ စီအီးအိုဖြစ်သူ ဒေါက်တာဆက်သ်ဘာကလေက ပြောသည်။

## ရှုန်းနေရ

ကိုဗက်အစီအစဉ်အတွက် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများ ထောက်ပံ့ပေးကြရန်နှင့် ကပ်ရောဂါအဆုံးသတ်စေရေး လုပ်ဆောင်ကြရန် ၎င်းက ပြောကြားခဲ့သည်။ ဂါနာနိုင်ငံသည် ချမ်းသာသည့် နိုင်ငံများနောက်တွင်မှ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ကာကွယ်ဆေး မဟာမိတ်အဖွဲ့နှင့် ကိုဗက်အစီအစဉ်တို့သည် ရန်ပုံငွေရရှိရေးအတွက် ရှုန်းကန်နေရသည်။

## အကြံပြုပြောကြားခဲ့

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အဆင်မပြေဖြစ်ပြီး ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ခြင်းမရှိပေ။ သို့သော် လက်ရှိသမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင်မူ ထောက်ပံ့မှုများ ပြန်လည်ပြုလုပ်မည်ဟု ကတိပြုခဲ့သည်။ သို့သော်လည်း ဆင်းရဲသည့်နိုင်ငံများနှင့် ဝင်ငွေအလယ် အလတ်ရှိသည့် နိုင်ငံများအတွက် ကာကွယ်ဆေးချက်ချင်း ထောက်ပံ့ပေးရန်မှာမူ အလားအလာနည်းနေသေးသည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် ချမ်းသာသည့်နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို ကာကွယ်ဆေး ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း ပေးသင့်သည်ဟု ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြင်သစ်သမ္မတအီမန်နျူရယ်မက်ခရွန်က အကြံပြုပြောကြားခဲ့သည်။

## ကာကွယ်ဆေး လိုအပ်ချက်မြင့်မားနေ

အာဖရိကသမဂ္ဂက အာဖရိကတိုက်ရှိ လူဦးရေ ၆၀ ရာခိုင်နှုန်း ၁ ဒသမ ၃ ဘီလီယံကို လာမည့် သုံးနှစ်အတွင်း ကာကွယ်ဆေး ထိုးပေးနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသည်။ သို့သော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး လိုအပ်ချက်မှာ မြင့်မားနေသည်။ အာဖရိကသမဂ္ဂသည် နိုင်ငံပေါင်း ၅၄ နိုင်ငံအတွက် အက်စ်ထရာဇနီကာ၊ ဖိုက်ဇာနှင့် Johnson & Johnson တို့မှ ကာကွယ်ဆေးပေါင်းသန်းပေါင်း ၆၇၀ ရယူထားသည်။ အချို့သော နိုင်ငံများတွင်လည်း တရုတ်၊ ရုရှားတို့နှင့် ကာကွယ်ဆေးများ ဝယ်ယူနိုင်ရေးအတွက် သဘောတူညီမှုများ ပြုလုပ်ထားသည်။ အများစုမှာမူ ကိုဗက်အစီအစဉ်အပေါ်တွင် မှီခိုအားထားနေရသည်။ ။

ဝါရှင်တန်ပို့စ်

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

( ၂၅–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၄–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၃၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၇,၅၂၀) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၄၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၁၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၁၉၈) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါ ကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန







## ၂၅-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၉၇၆၂၅၆ | ၁၉၃၄၁၉၅၈ | ၅၁၈၄၂၁ |
| ၂။ | အိန္ဒိယ | ၁၁၀၄၆၉၁၄ | ၁၀၇၃၈၅၀၁ | ၁၅၆၇၄၂ |
| ၃။ | ဘရာဇီး | ၁၀၃၂၆၀၀၈ | ၉၂၈၁၀၁၈ | ၂၅၀၀၇၉ |
| ၄။ | ရုရှား | ၄၂၁၂၁၀၀ | ၃၇၆၇၆၆၄ | ၈၄၈၇၆ |
| ၅။ | ဗြိတိန် | ၄၁၄၄၅၇၇ | ၂၆၆၆၄၆၆ | ၁၂၁၇၄၇ |
| ၆။ | ပြင်သစ် | ၃၆၆၁၄၁၀ | ၂၅၃၄၅၀ | ၈၅၃၂၁ |
| ၇။ | စပိန် | ၃၁၇၀၆၄၄ | ၂၅၈၉၉၉၆ | ၆၈၄၆၈ |
| ၈။ | အီတလီ | ၂၈၄၈၅၆၄ | ၂၃၆၂၄၆၅ | ၉၆၆၆၆ |
| ၉။ | တူရကီ | ၂၆၆၅၁၉၄ | ၂၅၄၀၂၉၃ | ၂၈၂၈၅ |
| ၁၀။ | ဂျာမနီ | ၂၄၁၆၀၃၇ | ၂၂၆၅၀၀ | ၆၉၆၁၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၁၄၆၃၄ | ၁၁၂၁၄၁၁ | ၃၅၅၁၈ |
| ဖိလစ်ပိုင် | ၅၆၈၆၈၀ | ၅၂၄၀၄၂ | ၁၂၂၀၁ |
| မလေးရှား | ၂၉၃၆၉၈ | ၂၆၃၇၆၁ | ၁၁၀၀ |
| မြန်မာ | ၁၄၁၈၄၁ | ၁၃၁၄၁၇ | ၃၁၉၈ |
| စင်ကာပူ | ၅၉၉၀၀ | ၅၉၇၆၁ | ၂၉ |
| ထိုင်း | ၂၅၇၆၄ | ၂၄၇၃၄ | ၈၃ |
| ဗီယက်နမ် | ၂၄၂၀ | ၁၈၀၄ | ၃၅ |
| ကမ္ဘောဒီးယား | ၆၉၇ | ၄၇၇ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

## ပြည်သူအချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန်ဝတ္တရားများကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက် ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများ စော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန် ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှု မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သောအားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။

**ဝန်ထမ်းပြည်သူတစ်ဦး**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

COVID-19 ရောဂါ ဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီ ရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက် ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တပ်မတော်၏ ဥပဒေနှင့်အညီ ဆောင်ရွက်မှုအပေါ် ငြိမ်းချမ်းစွာထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာလျက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား ယာယီသမ္မတမှ လွှဲပြောင်းတာဝန်ပေးအပ်ထားသည့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ခေတ္တထိန်းသိမ်းဆောင်ရွက်လျက်ရှိကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံဆန္ဒဖော်ထုတ်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူအင်အား တစ်သိန်းခန့်က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်ဘူတာကြီးရှေ့၊ ကွမ်းခြံလမ်းနေရာမှစ၍ ဂျိုးဖြူလမ်း၊ အလံပြဘုရားလမ်း၊ ဆူးလေဘုရားလမ်းအတိုင်း ဆူးလေဘုရားသို့ တစ်ပတ်ပတ်ကာ စုရပ်ကွမ်းခြံလမ်းနေရာသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တောင်ကြီးမြို့တွင် လူအင်အား ငါးထောင်ခန့်သည် ဈေးပိုင်းရပ်ကွက်၊ ကုန်သည်လမ်းနှင့် မြို့မဈေးမြောက်ဘက်တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ပေတောမြို့တို့တွင် လူအင်အား ၁၀၀၀ ခန့်၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင် လူအင်အား ၁၅၀၀ ခန့်၊ မွန်ပြည်နယ်၊ သုဝဏ္ဏဝတီမြို့နှင့် သံဖြူဇရပ်မြို့တို့တွင် လူအင်အား ၁၃၀၀ ဦးခန့်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့တွင် လူအင်အား ၁၄၀၀ ခန့်တို့ဖြင့် လည်းကောင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံကြောင်း လမ်းလျှောက်ဆန္ဒဖော်ထုတ်ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် နိုင်ငံတော်အလံများ၊ တပ်မတော်အလံများနှင့်အတူ စစ်ချီတေး၊ စစ်သည်တေးများကို ဖွင့်လှစ်ပြီး အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ We Stand With Our Defence Services ၊ We Want Democracy ၊ We Stand With State Administration Council ၊ ပြည်သူတို့၏ အကျိုးကို အမှန်ဖော်ဆောင်မည့် တပ်မတော်အား ထောက်ခံပါသည်။ စစ်မှန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည့် တပ်မတော်အား ထောက်ခံပါသည်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီကို ထောက်ခံပါသည်ဟု စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက် အထွေထွေရွေးကောက်ပွဲနောက်ပိုင်း တပ်မတော်အပေါ် ထောက်ခံကြောင်း ဟောပြောပွဲ (၃၄) ကြိမ်၊ လမ်းလျှောက်ဆန္ဒဖော်ထုတ်မှု (၁၃၂) ကြိမ်၊ မော်တော်ယာဉ်များ လှည့်လည်ဆန္ဒဖော်ထုတ်မှု (၁၈) ကြိမ်၊ ရပ်လျက်ဆန္ဒဖော်ထုတ်မှု (၄) ကြိမ်၊ စုစုပေါင်း (၁၈၈) ကြိမ် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရန် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုကို ပျက်ပြားစေလိုသူအချို့က ဖိအားပေးခြိမ်းခြောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော်မြို့နယ် အမှတ် (၄) ရပ်ကွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအား နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုကို ပျက်ပြားစေလိုသူအချို့က CDM တွင် ပါဝင်လာစေရန် ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ပြောဆိုနေသည့် Video File တစ်ခု လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ကံထူးမတိုက်နယ်ဆေးရုံတွင် သမားကောင်းတစ်ဦးပီသစွာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝဆောင်ရွက်ပေးလျက်ရှိသော တာဝန်သိတိုက်နယ်ဆရာဝန်တစ်ဦးအား ဒေသအကျိုးဖြစ်ထွန်းမှုကို မလိုလားသူအချို့က CDM လုပ်ဆောင်ရန် အတင်းအကျပ်ပြောဆိုမှုအပေါ် အဆိုပါတိုက်နယ်ဆရာဝန်က ပြန်လည်ရှင်းလင်းမှု Video File တစ်ခု လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။

ထိုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိစွာဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ဖိအားပေးအကျပ်ကိုင်မှု ဖြစ်စဉ်များ၊ စော်ကားပြုမူမှုများ၊ Social punishment ပြုလုပ်မှုများသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုကို ပျက်ပြားစေနိုင်သောကြောင့် မလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ထုတ်ပြန်ထားသည့် သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# တောင်ငူမြို့၌ အငြိမ်းစားပင်စင်လစာများ ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**တောင်ငူ ဖေဖော်ဝါရီ ၂၅**

တောင်ငူ၌ အငြိမ်းစားပင်စင် လစာထုတ်ယူသူများကို ဘဏ်လုပ်ငန်းချိန်များအတွင်း အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ယနေ့ နံနက်ပိုင်းက သိရသည်။

တောင်ငူမြို့နယ်အတွင်း အငြိမ်းစားပင်စင်ထုတ်ယူသူများ လစဉ် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၁ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်များအတိုင်း ထုတ်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် စရိတ်များထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစထိုးနှံပေးမှု ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကြည့်ရှု



**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့၌ ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တွေမြို့မှ ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများအား စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ပင့်ဆောင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံနေမှုအား ဖူးမြော်ပူဇော်ပြီး(**အပေါ်ယာပုံ**) ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ရွှေနှလုံးတော်ဘုရားကျောင်းသို့ သွားရောက်ပြီး ခရစ်ယာန်နှင့် ဟိန္ဒူဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ တာကျော်ဒိန် ဗလီဝတ်ကျောင်းတော်ကြီး၌ အစ္စလာမ်ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားကြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီး အပါး ၂၀၊ ခရစ်ယာန်ဘာသာရေးဆိုင်ရာပုဂ္ဂိုလ် ၉ ဦး၊ ဟိန္ဒူဘာသာရေးဆိုင်ရာ ပိုဂ္ဂိုလ်တစ်ဦးနှင့် အစ္စလာမ် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ် ၂၀ တို့ကို စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များက ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကာဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင် ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများ အနေဖြင့် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက် အကြာတွင် ဒုတိယအကြိမ် ပြန်လည် ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအား အခြေခံစားသောက်ကုန် ပစ္စည်းများထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅)ရပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်မပျက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူ့ဝန်ထမ်းတာဝန်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းတာဝန်ကို လည်းကောင်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အခက်အခဲများရှိပါကလည်း မိမိတို့အနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေ ဖြင့် ဝန်ထမ်းများလိုက်နာရမည့်တာဝန်များ၊ ဝန်ထမ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မိမိဘဝနှင့် မိမိဌာန၊ နိုင်ငံတော်တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကိုထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနအသီးသီးမှ ဌာနမှူးများက လက်ခံရယူကြသည်။

ယနေ့ပြုလုပ်သည့် ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရှိဝန်ထမ်း ၅၉၄၆ ဦးအတွက် ငွေကျပ် ငါးရာကိုးဆယ့်တစ်သိန်းငါးသောင်းကိုးထောင်ကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန် သုံးမျိုးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆွေးနွေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ရန်ကုန် တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက် ရှိသည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးမြှင့်တင်သင့်သည့် စီးပွားရေးလုပ်ငန်းများ တစ်နေရာတည်း၌ အလုံးစုံ ဝန်ဆောင်မှုပေးသည့် (One Stop Service For Investment) ဆောင်ရွက်ပေးမှု အခြေအနေများ၊ ကဏ္ဍအလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည် ။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုးက နိဂုံးချုပ် မှာကြားရာတွင် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူများအား ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ခွင့်ပြုလုပ်ကိုင်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမား အလုပ် သမားများ ဝင်ငွေမြင့်မားစေမည့် အသေးစား အလတ်စား လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအားလုံးက အလေးထားပြီး ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ကြရေးနှင့် ပြည်သူများ သိရှိစေရန် ပြန်ကြားပေးရေး စသည်ဖြင့် ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးခြံ နှစ်ခြံကို မျိုးစေ့ထုတ်ခြံအဖြစ် တိုးချဲ့လုပ်ဆောင်ရန် စီစဉ်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၂၅**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှစတင်ပြီး စိုက်ပျိုးရေးခြံများအဖြစ် အသုံးပြုလျက်ရှိသော စစ်ကိုင်းမြို့နယ် ပဒူကျေးရွာရှိ ပဒူခြံနှင့် တမူးမြို့နယ် မြို့သစ်မြို့ မင်းသာကျေးရွာရှိ မင်းသာခြံများကို မျိုးစေ့ထုတ်ခြံများအဖြစ် တိုးချဲ့လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မျိုးစေ့ထုတ် ခြံများအဖြစ် ပြောင်းလဲမည့် စိုက်ပျိုးရေးခြံနှစ်ခြံကို လာမည့် မိုးရာသီစိုက်ပျိုးချိန်တွင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ယခုအခါတွင် မြေပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဆီလွှာ စစ်ဆေးခြင်း၊ သဘာဝမြေဆွေးချခြင်းနှင့် လိုအပ်သော မျိုးစေ့စုဆောင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

“ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ အခုလို စိုက်ခြံတွေကို မျိုးစေ့ထုတ်ခြံအဖြစ် ပြောင်းလဲလိုက်တာဖြစ်ပါတယ်။ အဲဒီလိုစိုက်ပျိုးရေးခြံတွေကို မျိုးစေ့ထုတ်ခြံတွေ ပြောင်းလဲလိုက်တဲ့အတွက် ဒေသခံတောင်သူတွေက ခြံတွေထဲမှာလာပြီး စိုက်ချင်ရင်ပဲဖြစ်ဖြစ်၊ မိမိတို့ စိုက်ခင်းတွေထဲမှာ မျိုးစေ့ထုတ်စိုက်ကွက်တွေ ဖော်ဆောင်ချင်တာပဲဖြစ်ဖြစ် လုပ်ဆောင်ချင်တယ်ဆိုရင် အဲဒီမြို့နယ်က စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်သွယ်ပြီး လုပ်ဆောင်နိုင်ပါတယ်။ သူတို့လိုအပ်တဲ့ စိုက်ပျိုးနည်းစနစ်တွေ၊ မျိုးတွေရဖို့အတွက် စီစဉ်ပေးမှာဖြစ်ပါတယ်” ဟု တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

စစ်ကိုင်းမြို့နယ် ပဒူကျေးရွာရှိ ပဒူခြံတွင် ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ဂျုံ၊ကုလားပဲ၊နေကြာနှင့် ချည်မျှင်ရှည်ဝါတို့ကို ဧက ၅၀ တွင် လည်းကောင်း၊ တမူးမြို့နယ် မြို့သစ်မြို့ မင်းသာကျေးရွာရှိ မင်းသာခြံတွင် ရောမင်းစပါးမျိုးစေ့ထုတ်စိုက်ခင်းအဖြစ် ဧက ၃၀ တွင် လည်းကောင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံသည့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်သူများအား NLD ထောက်ခံသူများအချို့က ရန်စတိုက်ခိုက်မှုများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်နေ့၌ ကျင်းပခဲ့သည့် ပြည်လုံးကျွတ် ဆန္ဒမဲပေးမှုတွင် မဲစာရင်းများ မှားယွင်းနေမှုအတွက် နိုင်ငံတစ်ဝန်းလုံး နစ်နာသူပြည်သူများ သံသယကင်းရှင်းစေရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခြင်းနှင့် မြို့နယ် ၉၉ မြို့နယ်၌ မဲစာရင်းမှားယွင်းမှုကို ရှင်းလင်းပေးရန် ပြည်သူများက (၁၂၄)ကြိမ် ပြည်သူ့ဆန္ဒဖော်ထုတ်ခြင်း ပြုလုပ်ခဲ့သော်လည်း တိကျစွာရှင်းလင်းပေးမှုမရှိခြင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဆွေးနွေးနိုင်ရေး တောင်းဆိုမှုကို ပယ်ချခြင်းနှင့် နောက်ဆုံးအဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ရှင်းလင်းဆွေးနွေးခွင့်ပြုရန် (၂)ကြိမ်တိုင်တိုင် တောင်းဆိုမှုတို့ကို လုံးဝလက်မခံ အကြိမ်ကြိမ်ပယ်ချခဲ့သည့်အပြင် မဲစာရင်း(၁၀ ဒသမ ၄) သန်းကျော် မှားယွင်းနေမှုအပေါ် သံသယကင်းရှင်းစေရေး ဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်၏ အာဏာသုံးရပ်အား မတရားနည်းဖြင့် ရယူရန်ကြိုးပမ်းလာမှုတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါအတိုင်း ခေတ္တထိန်းသိမ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်လျက်ရှိသည့်အပေါ် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူအင်အား တစ်သိန်းခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့ ကွမ်းခြံလမ်းမှစ၍ ဂျိုးဖြူလမ်း အလံပြဘုရားလမ်း ဆူးလေဘုရားလမ်းအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ထောက်ခံမှုများပြုလုပ်ကြသည်။

ထိုသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ထောက်ခံမှုများ ပြုလုပ်လျက်ရှိရာ NLD ထောက်ခံသူများအနက်မှ ဆူပူသောင်းကျန်းမှုနှင့် အကြမ်းဖက်မှုဖြစ်စေရန် ရည်ရွယ်၍ အောင်ဆန်းကွင်း၊ သမိုင်းလမ်းဆုံ၊ ပြည်လမ်း၊ တိရစ္ဆာန်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မီးရထားဝင်းအနီးနှင့် ဓမ္မာရုံအနီး၊ သိမ်ဖြူဈေးအနီး(၉၄)လမ်းထိပ်၊ ဒေါ်သိန်းတင်လမ်းမ (၉၂)လမ်းထိပ်နှင့် ဆူးလေလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်နေရာ အနီးတစ်ဝိုက်တို့တွင် ယာဉ်များ ရပ်တန့်၍ ပိတ်ဆို့တားဆီးခြင်း၊ သံပုံးများနှင့် ဒန်အိုး၊ ဒန်ခွက်များတီး၍ နှောင့်ယှက်ဆူပူခြင်း၊ နည်းမျိုးစုံဖြင့် ဆဲဆိုရန်စခြင်း၊ ထောက်ခံသူများ အနာတရဖြစ်စေရန် ဂျင်ကလိများ၊ လေးခွများ၊ ခဲများဖြင့် ပစ်ပေါက်ခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များဖြင့် တိုက်ခိုက်မှု ၁၀ ကြိမ်ပြုလုပ်ခဲ့ကြသည်။ ယင်းသို့ NLDထောက်ခံသူများကရန်စတိုက်ခိုက်မှုများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ထောက်ခံပွဲသို့ တက်ရောက်လာသည့် မော်တော်ယာဉ်သုံးစီး၏ ကားမှန်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး **(အောက်ပုံ)** ငြိမ်းချမ်းစွာ ထောက်ခံသူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အပြင် အချို့မြို့နယ်များတွင်လည်း ဆန္ဒပြသူများကို NLD လိုလားထောက်ခံသူများက လူအုပ်စုဖြင့် အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်းများ ဖြစ်ပေါ်ခဲ့၍ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက အချိန်မီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ရသည်။

ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့၏ သဘောဆန္ဒများကို ငြိမ်းချမ်းစွာဖြင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်နိုင်သော်လည်း ယခုကဲ့သို့ အမြင်၊ သဘောထားမတူမှုတို့အပေါ် မင်းမဲ့စရိုက်ဆန်စွာ ရန်စတိုက်ခိုက်မှုမျိုး ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီကျင့်ဝတ်နှင့် တည်ဆဲဥပဒေအပေါ် ချိုးဖောက်ကျူးလွန်ခြင်း ဖြစ်ကြောင်းနှင့် ရန်စတိုက်ခိုက်မှုများကို ဦးဆောင်ပြုလုပ်သူများအား လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုပြုလုပ်၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကုလားကြီးစုကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ NLD ပါတီထောက်ခံသူအချို့ ဦးဆောင်သည့်အဖွဲ့က ဝင်ရောက်၍ တာဝန်ဝတ္တရားများအား နှောင့်ယှက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလအတွင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် အုပ်ချုပ်ရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးမှူးအသစ်များအား ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးလျက်ရှိရာ အချို့ရပ်ကွက်၊ ကျေးရွာများ၌ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ထိခိုက်စေရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်မှုများကို ပျက်ပြားစေရန် ဆူပူဆန္ဒပြခြင်း၊ နှောင့်ယှက်ခြင်း၊ ကန့်ကွက်ရန်စခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

### သွားရောက်ဖျန်ဖြေ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ည ၇ နာရီခွဲ ခန့်တွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကုလားကြီးစုကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးရုံးမှူးသို့ NLD ပါတီ မြို့နယ်စည်းရုံးရေးမှူး ဒေါ်နန်းသန္တာဝင်း ဦးဆောင်သည့် ကျေးရွာနေ လူအုပ်စုတစ်စုက ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးကျော်စိုးပိုင်(ဘ) ဦးမောင်မောင်ညွန့်အား အလိုမရှိကြောင်း ကြွေးကြော်သံများဖြင့် အကြောင်းမဲ့အော်ဟစ်ဆူပူခြင်း၊ ရန်စနှောင့်ယှက်ခြင်း ပါရှိလာသည့် တုတ်၊ ဓား၊ လေးခွများဖြင့် ခြိမ်းခြောက်ခြင်းစသည့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေသည်အထိ ဆောင်ရွက်လာမှုအပေါ် အုပ်ချုပ်ရေးမှူးရုံးအတွင်း ရောက်ရှိနေသည့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ရပ်ကွက်ပြည်သူ ဦးသန်းလွင် အပါအဝင် ရွာသား ၁၂ ဦးတို့က မခံရပ်နိုင်ဘဲ အပြန်အလှန်စကားများရန်ဖြစ်ကြရာ တုတ်၊ ဓား၊ လေးခွများဖြင့် ခိုက်ရန်ဖြစ်ပွားနေကြောင်းနှင့် ဦးသန်းလွင်ပါ ၁၂ ဦးအား ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးခန်း၌ပင် အကြမ်းဖက်လူအုပ်စုက အဓမ္မဖမ်းဆီးထားကြောင်း သတင်းရရှိသဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးမှူးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ဖျန်ဖြေခဲ့ရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်ဆူပူ ဆန္ဒပြသူများကြောင့် ရန်းရင်းဆန်ခတ်မှု အတွင်း ရပ်ရွာတည်ငြိမ် အေးချမ်းမှုကို လိုလားသည့် ဦးလှိုင်မင်းအောင်(ဘ) ဦးခင်သိန်းတွင် ဦးခေါင်းချိုစောင်း ပေါက်ပြဲဒဏ်ရာ၊ ဘယ်လက်ဖျံ နာကျင်ဒဏ်ရာနှင့် ဦးဇော်ထက် (ဘ) ဦးမြင့်အောင်တွင် ဦးခေါင်း ပေါက်ပြဲဒဏ်ရာများ အသီးသီး ရရှိခဲ့ကြောင်း သိရှိရသည်။

### ဥပဒေအရ အရေးယူနိုင်ရေး

အဆိုပါ လှိုင်သာယာမြို့နယ်တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသည့် မြို့နယ်တစ်ခုဖြစ်ပြီး ယင်းမြို့နယ်အတွင်း လူငါးဦး သို့မဟုတ် ငါးဦးအထက်ပိုသောသူများ စုဝေးခြင်း မပြုရန်နှင့် လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည့် နေရာဖြစ်သဖြင့် ဆူပူအုံကြွသူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်း သာယာရေးအတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဓိကရုဏ်းဆန်စွာ ပြုလုပ်ခဲ့သူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ပြည်သူလူထုအချို့ လာရောက်၍ နိုင်ငံတော်က ရွေးချယ်တာဝန် ပေးအပ်သော အုပ်ချုပ်ရေးမှူးအား လက်မခံနိုင်ကြောင်းနှင့် အုပ်ချုပ်ရေးမှူးရုံးအား သော့ခတ်ပိတ်ဆို့ပြီး လူစုလူဝေးဖြင့် ဆန့်ကျင် ဆန္ဒပြနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် အဆိုပါနေရာသို့ သွားရောက်ခဲ့ရာ ရပ်ကွက်နေပြည်သူလူထု ၄၀၀ ကျော်ခန့်က သံပုံးတီးခြင်း၊ ဆူပူအော်ဟစ်ပြီး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား အဓိကရုဏ်းဆန်ဆန် ပြုမူဆောင်ရွက်ရန် ကြိုးစားလာခဲ့သဖြင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် အသံမြည်ဗုံးဖြင့် ပစ်ခတ်ခြင်း၊ ဒသမ ၁၂ ဗို့ကျည်ကို မိုးပေါ်ထောင်ဖောက်အသံပေး ပစ်ခတ်ခြင်းများ ဆောင်ရွက်၍ လူစုခွဲခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အဓိကရုဏ်းဆန်စွာ နိုင်ငံတော်အား ဆန့်ကျင်ခဲ့သည့် ဦးစီးဦးဆောင်ပြုလုပ်သူ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၃ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဖြစ်စဉ်ကဲ့သို့သော ဖြစ်စဉ်ဖြစ်ရပ်များကို အခြားဒေသ၊ အခြားနေရာများတွင် ဖြစ်ပွားလာပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ပြည်သူ့ဆေးရုံအား တာဝန်သိ ကျန်းမာရေးဝန်ထမ်းများဖြင့် ပြန်လည်ဖွင့်လှစ်ပေးရေး၊ ရုံးမတက်ချင် ရုံးကထွက် ဟူသော စာတန်းများကိုင်ဆောင်၍ ပြည်သူအင်အား ၁၀၀ ခန့်သည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်







အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## လိပ်သိုမြို့အဝင် ဘေလီတံတားကို ပြုပြင်ပြီးစီး၍ အန္တရာယ်ကင်းစွာ ပြန်လည်အသုံးပြု

**လိပ်သို ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် တောင်ငူ- လိပ်သို- လွိုင်ကော် ပြည်ထောင်စုလမ်းမကြီး လိပ်သိုမြို့အဝင် မိုင်တိုင် အမှတ် (၃၁) မိုင် ၃ ဖာလုံရှိ အရှည် ပေ ၄၀ ဘေလီတံတား၏ သံပေါင်ရက်မများမှာ ဆွေးမြည့်ပြီး ကျိုးနေ၍ အချိန်မရွေး ကျိုးကျမည့် အနေအထားသို့ ရောက်ရှိနေကြောင်း အချိန်မီ စစ်ဆေးတွေ့ရှိ၍ ခရီးသွား ပြည်သူများ၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ်ပေါ်ရန် အချိန်မီ ပြုပြင်ထိန်းသိမ်းရကြောင်း သိရသည်။

အဆိုပါ တံတားကို ပြုပြင်ထိန်းသိမ်းရာတွင် လိပ်သိုမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာနမှ မြို့အင်ဂျင်နီယာ (မြို့ပြ) ဒေါ်နုနုထွေး၏ ဦးဆောင်မှု၊ အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) စောမိုးထက်ထက်ကျော်၏ ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ပြုပြင်ဆောင်ရွက်ရာ **(အောက်ပုံ)** လိပ်သို နယ်မြေစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပါဝင်စောင့်ရှောက်ကြောင်း သိရသည်။

ထိုသို့ ပြုပြင်နေစဉ် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်အစီး ၅၀ ကျော်မှာ ခေတ္တစောင့်ဆိုင်းရပြီး နံနက် ၉ နာရီခွဲတွင် ဖြတ်သန်းခွင့်ပြုရာ ယခုအချိန် ခရီးသွား ပြည်သူများနှင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနေပြီ ဖြစ်ကြောင်း သိရသည်။

**နွယ်နွယ်ခိုင် (ပြန်/ဆက်)**



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကြောင်းကျိုးဆက်စပ်တွေးစေချင်

**အောင်ဇေယျ**

> **“ရွေးကောက်ပွဲကော်မရှင်က ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲ အလွန်အကျွံ မဲမသမာမှု ပြုလုပ်ခြင်းသည် အခြေခံအကြောင်းတရား (Root Cause) ဖြစ်သည်။ မဲမသမာမှု ပြဿနာများကို ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းမပေးခြင်း၊ သမ္မတထံ တင်ပြသော်လည်း သမ္မတက လျစ်လျူရှုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် ဂိတ်ဆုံးသောအခါ အရေးပေါ် လွှတ်တော်ခေါ်ပေးရန် ဥပဒေနှင့်အညီ တောင်းဆိုသော်လည်း ဥပဒေပြုရေးမဏ္ဍိုင်က ငြင်းပယ်ခဲ့ခြင်း၊ ထို့ကြောင့် နောက်ဆုံး တရားရေးမဏ္ဍိုင်သို့ စာချွန်တော်တင်ပြခဲ့ရခြင်း၊ တပ်မတော်ကလည်း ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ပေးပါရန် သမ္မတထံ တင်ပြခဲ့သော်လည်း သမ္မတက တာဝန်ပျက်ကွက်ခဲ့ခြင်းတို့မှာ ဆက်စပ်အကြောင်းတရားများဖြစ်”**

CDM ဆန္ဒပြမှုတွေ နေရာအချို့တွင် ရှိနေသည်။ မြင်ကွင်းတစ်ခု သတိပြုမိသည်။ လက်ကိုင်ဆိုင်းဘုတ်ငယ်များသည် စက်ရုံမှ ထုတ်လိုက်သော ကုန်ပစ္စည်းကဲ့သို့ သေသပ်၏။ ပုံစံတူ၏။ ရုပ်ပုံနှင့် စာသားများမှာ ရေးဆွဲမဟုတ်ဘဲ ပုံနှိပ်ဖြစ်၏။ အင်္ဂလိပ်စာ ဆိုင်းဘုတ်တွေလည်းပါ၏။ နေရာတိုင်းမှာ ပုံစံတူတွေချည်း ဖြစ်နေသောကြောင့်လည်းကောင်း၊ လူတိုင်းကိုယ်စီ ကိုင်လာကြသောကြောင့်လည်းကောင်း mass production မှန်းသိသာ၏။ မီးပွိုင့်တွင်ကားရပ်စဉ် ဘေးဘီသို့ကြည့်မိရာ ဆိုင်းဘုတ်ငယ်တွေ လိုက်ဝေနေသော မိန်းမတစ်ယောက်ကို မြင်ရ၏။ ကောက်ချက်ချရသော် ငွေကြေးဖောဖောသီသီ သုံးနိုင်ပြီး ၈၈ တုန်းက BBC, VOA က အသံလွှင့် လမ်းကြောင်းပေးသကဲ့သို့ ဆိုင်းဘုတ်ပါ အကြောင်းအရာများဖြင့် ပြည်သူကို နားသွင်းလမ်းကြောင်းပေးနေသော အဖွဲ့ရှိနေသည်မှာ သေချာ၏။

နည်းမျိုးစုံဖြင့် လမ်းကြောင်းပေးသောအဖွဲ့(များ)သည် ၁-၂-၂၀၂၁ ရက်က တပ်မတော်က နိုင်ငံတော်အာဏာထိန်းခဲ့သော ဖြစ်ရပ်ကို မသိနားမလည်သော ပြည်သူနှင့် ဝန်ထမ်းများ နားယောင်ပြီး တပ်မတော်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်လာအောင် ရည်ရွယ်လျက်ရှိသည်။ ၁-၂-၂၀၂၁ ရက်က ဖြစ်ရပ်ကိုသာ ကွက်ကြည့်ပြီး အသိမှား(false knowledge) ဝင်အောင် ရိုက်သွင်းလျက် ရှိနေပေသည်။

၁-၂-၂၀၂၁ ရက် (ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ကုန်ဆုံးပြီးနောက်တစ်နေ့ သို့မဟုတ် တတိယအကြိမ် လွှတ်တော်သက်တမ်း ပထမအစည်းအဝေးစတင်ခေါ်သောနေ့) က အခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈(က) တို့နှင့်အညီ တပ်မတော်က ပြုလုပ်ခဲ့သော သမိုင်းဝင်ဖြစ်ရပ်သည် အကျိုးတရားဖြစ်၏။

အကျိုးတရားဟူသည် အကြောင်းတရားနှင့်ကင်း၍ မပေါ်ပေါက်ချေ။ ထိုအကျိုးတရားတွင် အကြောင်းတရားများ ရှိနေသည်။ သွေးထိုးလမ်းကြောင်းပေးသောအဖွဲ့သည် ပြည်သူနှင့် ဝန်ထမ်းများကို အကျိုးတရားကိုသာ ကွက်ပြ၍ အပြစ်တင်ဆန့်ကျင်စေသော်လည်း အကြောင်းတရားများကိုမူ ပြည်သူနှင့် ဝန်ထမ်းတို့ သတိမမူမိအောင် ဖုံးကွယ်မေးမှိန်ထားသည်။ ကြောင်းကျိုးဆက်စပ်မှု သဘာဝတရားကို ကြောင်း-ကျိုး အဆက်ဖြတ်ထားသည်။ မည်သည့်ကိစ္စမဆို ကြောင်းကျိုးဆက်စပ်ကြည့်မှ ပြည့်စုံစွာ သုံးသပ်ဆုံးဖြတ်နိုင်သည်။

ရွေးကောက်ပွဲကော်မရှင်က ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲ အလွန်အကျွံ မဲမသမာမှုပြုလုပ်ခြင်းသည် အခြေခံအကြောင်းတရား (Root Cause) ဖြစ်သည်။ မဲမသမာမှုပြဿနာများကို ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းမပေးခြင်း၊ သမ္မတထံ တင်ပြသော်လည်း သမ္မတက လျစ်လျူရှုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် ဂိတ်ဆုံးသောအခါ အရေးပေါ် လွှတ်တော်ခေါ်ပေးရန် ဥပဒေနှင့်အညီ တောင်းဆိုသော်လည်း ဥပဒေပြုရေးမဏ္ဍိုင်က ငြင်းပယ်ခဲ့ခြင်း၊ ထို့ကြောင့် နောက်ဆုံး တရားရေးမဏ္ဍိုင်သို့ စာချွန်တော်တင်ပြခဲ့ရခြင်း၊ တပ်မတော်ကလည်း ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ပေးပါရန် သမ္မတထံ တင်ပြခဲ့သော်လည်း သမ္မတက တာဝန်ပျက်ကွက်ခဲ့ခြင်းတို့မှာ ဆက်စပ်အကြောင်းတရားများ ဖြစ်ကြသည်။

ဆက်စပ်အကြောင်းတရားများကို ကြည့်ပါက မဲမသမာမှု ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းမှုများဖြစ်ကြောင်း၊ ၂၀၁၂ ကြားဖြတ်တုန်းက အတိုက်အခံပါတီက မဲလက်မှတ်ဖယောင်းသုတ်သည်ဟု စွပ်စွဲသည်ကို ရွေးကောက်ပွဲကော်မရှင်က စွပ်စွဲပါတီနှင့် ကြားပါတီများပါသောအဖွဲ့ဖြင့် ပြန်လည်စစ်ဆေးဖြေရှင်းပေးခဲ့ပုံအတိုင်း စွပ်စွဲမှုကို ဖြေရှင်းပေးစေလိုသော ကြိုးပမ်းမှုများဖြစ်ကြောင်း တွေ့ရှိရသည်။

သို့သော် အနိုင်ရပါတီသည် မဲပြဿနာနောက်ကြောင်းမရှင်းဘဲ တတိယအကြိမ်လွှတ်တော် ပထမအစည်းအဝေးခေါ်၍ အစိုးရဖွဲ့ရန် ခေါင်းမာစွာကြိုးပမ်းခြင်းမှာ လတ်တလော အကြောင်းတရား (Immediate cause) ဖြစ်သည်။ ဤအကြောင်းတရားများကြောင့် ၁-၂-၂၀၂၁ အာဏာထိန်းအကျိုးတရား ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

တစ်ဖန်အခြေခံအကြောင်းတရားဖြစ်သော မဲမသမာမှုသည် တစ်ချိန်က အကျိုးတရားဖြစ်ခဲ့ပါ၏။ မဲမသမာမှုဟူသော အကျိုးတရားတွင်လည်း အကြောင်းတရားတွေ ရှိနေပြန်ပါသည်။ ဤအကြောင်းတရားတွေကို ဒုတိယလွှတ်တော် သက်တမ်းငါးနှစ်အတွင်း အာဏာရပါတီနှင့် အစိုးရတို့၏ လုပ်ဆောင်မှုများတွင် တွေ့ရှိနိုင်ပါသည်။

ထိုကာလအတွင်း အာဏာရပါတီနှင့် အစိုးရသည် ဘာသာခြား၊ လူမျိုးခြားတို့နှင့် ရည်ရွယ်ချက်ကြီးမားစွာ ပတ်သက်ခဲ့သည်။ ရှေ့နေတစ်ဦးသည် ပါတီခေါင်းဆောင်များအပေါ် ဩဇာညောင်း၍ သူလိုချင်သော ပုံဖော်ကာ ဘာသာတူသူတို့အတွက် လမ်းထွင်ပေးသွားခဲ့သည်။ ပါတီ၏ အဂတိဆန်သော ငွေကြေးအကူအညီ အပေးအယူသည် ပြည်ပအဖွဲ့အစည်းနိုင်ငံတို့နှင့် ပတ်သက်နေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အနောက်တံခါးပြဿနာကို အများကနဲ့ကွက်နေသည့်ကြားမှ ကိုဖီအာနန်လက်သို့ ဝကွက်အပ်လိုက်ခြင်း၊ အကြံပေးရုံဖြစ်၍ ယူချင်မှယူမှာပါဟု တိုင်းပြည်ကို ပြောခဲ့သော်လည်း၊ အစီရင်ခံစာထွက်လာသောအခါ၊ ကုလစင်မြင့်သို့ နေ့မဆိုင်းပို့ပြီး လမ်းပြမြေပုံအဖြစ် အချုပ်အခြာနိုင်ငံမဆန်စွာ ကြေညာခဲ့ခြင်းတို့သည် တစ်စုံတစ်ခုသော အပေးအယူကို အကောင်အထည်ဖော်ရာ ရောက်သည်။ အာနန်အကြံပြုချက် ၈၈ ချက်အနက် အဓိကအကျဆုံးအချက်မှာ ၈၂ နိုင်ငံသားဥပဒေကို ပြင်ဆင်၍ ဘင်္ဂါလီ(၎င်းတို့အခေါ် ရိုဟင်ဂျာ) များကို နိုင်ငံသားပေးရန် ဖြစ်သည်။ ဤအချက်မှာ ရေရှည်လုပ်ဆောင်ရမည့်အချက်ဟု ပါတီခေါင်းဆောင်က ပြောခဲ့သည်။ ၈၂ နိုင်ငံသားဥပဒေကိုပြင်လျှင် အန္တရာယ်ရှိသောကြောင့် ပြင်စရာမလိုဘဲ တည်ဆဲဥပဒေကို ရှောင်ကွင်း၍ အခြားနည်းလမ်းများကို ရှာဖွေ ကျင့်သုံးခဲ့သည်။ နည်းလမ်းများတွင် ဥပဒေဖျက်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ စာချုပ်လက်မှတ်ထိုးခြင်းတို့ ပါဝင်သည်။

၈၂ နိုင်ငံသားဥပဒေကို ရှောင်ကွင်း၍ အပေးအယူရည်မှန်းချက်သို့ သွားရာလမ်းခရီးတွင် အနှောင့်အယှက် အဟန့်အတားဖြစ်သည့် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ အမျိုးသားနိုင်ငံရေးအင်အားစုများကို အမျိုးမျိုးအရေးယူနှိပ်ကွပ်ခဲ့သည်။ YMBA အသင်းကြီးကိုပင် မျက်စောင်းထိုးခဲ့သည်။ ထိုကာလအတွင်း ဗုဒ္ဓသာသနာညှိုးနွမ်းမှေးမှိန်ခဲ့ရပြီး ဘာသာရေး တန်းညှိခံခဲ့ရသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားစရိုက်လက္ခဏာများ ဖျက်ဆီးခံရသည်။

အမေရိကန်၊ ဗြိတိန်၊ OIC နှင့် အာဏာရပါတီ၊ အစိုးရတို့၏ ဘုံပစ်မှတ်ဖြစ်သော တပ်မတော်ကို ပြည်တွင်း ပြည်ပ ညှပ်၍ အင်အားချည့်နဲ့ပြိုလဲအောင် နည်းမျိုးစုံသုံး၍ ဖြိုခွဲခဲ့သည်။

ထိုကာလအတွင်း အာဏာရပါတီနှင့်အစိုးရ၏ လုပ်ဆောင်မှုများသည် အောက်ပါရည်မှန်းချက်များသို့ ဦးတည်နေကြောင်းကို ထင်ရှားသော နိုင်ငံတကာသုတေသီတစ်ဦးက ပြောကြားခဲ့သည်။

(၁) ဘင်္ဂါလီတွေကို မခွဲခြား မစိစစ်ဘဲ နိုင်ငံသားရအောင် လုပ်ပေးဖို့၊ ရိုဟင်ဂျာလူမျိုးဆိုပြီး တရားဝင်ဖြစ်အောင် လုပ်ဖို့၊ ပြီးရင် သီးခြားကိုယ်ပိုင်နယ်ရအောင်လုပ်ဖို့။

(၂) တပ်မတော်ကို ဖိအားပေး၊ ပိတ်ဆို့အရေးယူ၊ ဖြိုခွဲ၊ အင်အားချည့်နဲ့အောင် လုပ်ဖို့။

ကျွန်တော်ပြောတာကို ပိုလွန်းတယ်ထင်တဲ့သူတွေလည်း ရှိနိုင်ပါတယ်။ စောင့်ကြည့်ကြပါလို့ပဲ ပြောချင်ပါတယ်ဟု ၎င်းကဆိုသည်။

အစိုးရသက်တမ်း ငါးနှစ်အတွင်း အထက်ပါလုပ်ငန်းများသည် မပြီးပြတ်ခဲ့ချေ။ ပွဲသိမ်းရန်ကျန်နေပေသေးသည်။ ထို့ကြောင့် ပါတီဒုဥက္ကဋ္ဌ(၂)က “၂၀၂၀ ရွေးကောက်ပွဲကို နိုင်ကိုနိုင်ရမည်။ မနိုင်လည်း နိုင်ရမည်။ ညွန့်ပေါင်းအစိုးရ ထည့်မစဉ်းစား။ မိမိတို့တစ်ပါတီတည်း အစိုးရဖွဲ့နိုင်ရမည်” ဟု ပြတ်သားစွာ ပြောခဲ့သည်။ ပါတီဥက္ကဋ္ဌက ပြည်သူတို့ထံ နောက်ထပ်ငါးနှစ် လုပ်ခွင့်တောင်းသည်။ လုပ်ရန်ကျန်သေးသည်ဟု ဆိုသည်။

ဒုဥက္ကဋ္ဌ(၂)၏ စကားက လွတ်လွတ်ကျွတ်ကျွတ်နိုင်ဖို့လုပ်မည့် သဘောကိုပြသည်။ ညွန့်ပေါင်းဖြစ်သွားလျှင် ကိုယ့်ခြေကိုယ့်လက်မဟုတ်တော့သောကြောင့် အပြတ်အသတ်နိုင်ဖို့ ဘာပဲလုပ်ရလုပ်ရ ဆိုသည့် သဘောကိုဆောင်သည်။ ပါတီခေါင်းဆောင်၏ စကားက အဓိပ္ပာယ်နှစ်ခွ ထွက်သည်။ ပြည်သူတွေက တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း၊ သူတို့၏နေထိုင်မှုဘဝ မြင့်မားရာမြင့်မားကြောင်း ဆက်လုပ်လိမ့်မည်ဟု တိုက်ရိုက်အဓိပ္ပာယ်ကို ကောက်ယူပြီး ထောက်ခံအားပေးခဲ့ကြသည်။ ဖုံးကွယ်ထားသော နောက်အဓိပ္ပာယ်တစ်ခုမှာ ကတိကဝတ်လုပ်ငန်းများအတွက် နောက်သက်တမ်းတစ်ခုဆက်ပြီး အစိုးရဖွဲ့နိုင်ရန် လိုအပ်ကြောင်း သက်ဆိုင်သူတို့ထံ မိတ္တူပေးလိုက်ခြင်းဖြစ်သည်။

အထက်ပါ အကြောင်းတရားများသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် တစ်ပါတီတည်း အစိုးရဖွဲ့နိုင်ဖို့ မဲအပြတ်အသတ်ရရှိရန် လိုအပ်ချက်ဖြစ်လာသည်။ ၎င်းအကြောင်းတရားများကြောင့် ရွေးကောက်ပွဲကော်မရှင်က မဲမသမာမှုပြုပေးရသော အကျိုးတရားပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းအကျိုးတရားက တစ်ဖန်အကြောင်းတရားဖြစ်လာကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မလွှဲမရှောင်သာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ဤသည်တို့ကို CDM တွင် အသိမှား ရိုက်သွင်းခံခဲ့ရသော ပြည်သူများနှင့် ဝန်ထမ်းများ သိရှိဆင်ခြင်နိုင်ကြစေလိုပါသည်။

# ခိုင်မာပြည့်စုံသည့်သတင်းများကိုသာ တောင့်တမိပါသည်

## ညိုချော

**မြန်ဆန်လွန်းတဲ့ သတင်းအချက်အလက်ခေတ်မှာ သတင်းမျိုးစုံကို အွန်လိုင်းကနေ ကျွန်တော်တို့ အလွယ်တကူနဲ့ ရယူနိုင်ပါတယ်။ ဒါပေမယ့် ပြည့်စုံမှန်ကန်ခိုင်မာတဲ့သတင်းမျိုးရရှိဖို့ဆိုတာကတော့ လက်ရှိဖြစ်ရပ်နဲ့ အခြေအနေကိုမူတည်ပြီး မိမိရဲ့ ပင်ကိုအသိဉာဏ်၊ ဖြစ်နိုင်စွမ်းရှိမရှိ ဆင်ခြင်တုံတရားနဲ့ ဝေဖန်ပိုင်းခြားကြရတာပါ။ တစ်ခါတစ်ရံမှာ မိမိယုံကြည်စိတ်ချရတယ်လို့ ယူဆရတဲ့သတင်းဌာန၊ လူပုဂ္ဂိုလ်တွေထံက သတင်းမျိုးတွေကိုတော့ အလွယ်တကူပဲ လက်ခံယုံကြည်မိတတ်ကြပါတယ်။ အချို့ဖြစ်စဉ်တွေမှာတော့ အဲဒီသတင်းဌာနတွေဟာ တိကျမှု၊ မှန်ကန်မှု၊ ပြည့်စုံမှုမရှိတဲ့ သတင်းတွေကို လူမှုကွန်ရက်တွေ၊ သူတို့ ဝက်ဘ်ဆိုက်တွေမှာ ရည်ရွယ်ချက်တစ်ခုခုနဲ့ ရေးသားဖြန့်ဝေနေကြတာကိုလည်း တွေ့မြင်ရပါတယ်။**

မနေ့က ဘီဘီစီလို နိုင်ငံတကာသိ သတင်းဌာနကြီးရဲ့ မြန်မာပိုင်းဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်စာမျက်နှာမှာ မြဝတီဘဏ်ကနေ ငွေထုတ်တာကို လက်မခံတော့ဘဲ မတ်လဆန်းမှသာ ငွေထုတ်ခွင့်ပြုတော့မယ်ဆိုပြီး ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။ ဘဏ်ကို ငွေသွားထုတ်သူ အချို့ရဲ့ လူမှုကွန်ရက်ပေါ်မှာ ပြောဆိုထားတဲ့ သတင်းစကားအရဆိုပြီး အဲဒီသတင်းမှာ ဖော်ပြထားပါတယ်။ တိကျခိုင်မာတဲ့သတင်းတွေကို လိုအပ်နေတဲ့ ပြည်သူတွေအတွက် ခိုင်မာမှု အားနည်းတဲ့ သတင်းတစ်ခုလို့ ကျွန်တော်ကတော့ အားမလို အားမရ ဖြစ်မိပါတယ်။

### ပုံကြီးချဲ့ပြီး သတင်းမလုပ်သင့်

သတင်းဌာနတစ်ခုဟာ နိုင်ငံရဲ့လက်ရှိ အခြေအနေ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စအဝဝရဲ့ ထူးခြားဖြစ်စဉ်တွေကို တင်ဆက်တဲ့အခါ ခိုင်လုံတိကျမှုကို ဦးစားပေးဖို့ အထူးလိုအပ်ပါတယ်။ အထူးသဖြင့် ယခုကာလကဲ့သို့ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုရှိနေချိန်မှာ သတင်းတွေဟာ မှန်ကန်ခိုင်မာမှု၊ မျှတမှုရှိပြီး ပြည်သူတွေအတွက် စိုးရိမ်မှုမြင့်တက်စေမယ့် ခိုင်မာမှုမရှိတဲ့ သတင်းတင်ဆက်မှုမျိုး မဖြစ်သင့်ပါဘူး။ ဘဏ်တစ်ဘဏ်လောက်၊ ရပ်ကွက်တစ်ခုလောက်၊ ဒေသတစ်ခုလောက်မှာ ဖြစ်နေတာကိုလည်း ဘဏ်အားလုံးမှာ ဖြစ်နေသလိုမျိုး၊ တစ်နိုင်ငံလုံးမှာ ဖြစ်နေသလိုမျိုး ပုံကြီးချဲ့ပြီး သတင်းမလုပ်သင့်ပါဘူး။

သာမန်ပြည်သူတစ်ဦးဟာ သူကြိုက်နှစ်သက်ရာကို သူ့စာမျက်နှာမှာ ရေးသားနိုင်ပါတယ်။ အကြောင်းအရာတွေကို အမှားအမှန် မခွဲခြားဘဲ၊ စိစစ်မှုအားနည်းစွာနဲ့ ဖြန့်ဝေနေသူတွေ ဖြစ်မှန်းမသိဖြစ်နေတတ်ပါတယ်။ ပြည်သူတစ်ဦး ပြောဆိုတာ၊ ဝေဖန်တာတွေတိုင်းကို လူတိုင်းက အပြည့်အဝ မယုံကြည်ကြပေမယ့် ခိုင်မာတဲ့အဖွဲ့အစည်းတွေ၊ သတင်းဌာနတွေ ပြောစကားကိုတော့ ယုံကြည်လေ့ရှိပါတယ်။ သတင်းထောက်တွေ၊ သတင်းဌာနတွေအားလုံးဟာ ယုံကြည်စိတ်ချရတဲ့ သတင်းရင်းမြစ်တွေကို အခြေခံပြီး သတင်းဦး၊ သတင်းထူးတွေကို ပြည်သူတွေသိရအောင် တင်ဆက်ပေးရတာ ဖြစ်ပါတယ်။ တိကျခိုင်မာစွာ ကိုယ်တိုင်သိရှိ နားလည်ထားတဲ့ အကြောင်းကိုသာ ပြည်သူအတွက် ဖြန့်ဝေပေးရမှာ ဖြစ်ပါတယ်။

အချို့သော သတင်းတွေဟာ ပြည်သူအတွက် အကျိုးကျေးဇူးမရှိနိုင်သလို၊ တိုင်းပြည်နဲ့ ပြည်သူအတွက် အဖျက်သဘော ဖြစ်လာစေနိုင်တာတွေ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိပါးစေနိုင်တာတွေကိုလည်း ဒီရက်ပိုင်းမှာ မြင်တွေ့နေရပါတယ်။ သတင်းကို ပုံစံအမျိုးမျိုး ပြန်လည်ပြင်ဆင်ပြီး အမျိုးမျိုးပြန်လည်ရေးသားနေတဲ့ တရားမဝင် သတင်းဖြန့်ဖြူးသူတွေကိုလည်း မြင်တွေ့နေရပါတယ်။ ဒါတွေဟာ ပြည်သူတွေရဲ့ သတင်းသိပိုင်ခွင့်ကို ထိပါးလာတာလည်းဖြစ်ပါတယ်။

သတင်းမီဒီယာကျင့်ဝတ်မှာလည်း သတင်းမီဒီယာတစ်ခုက ဖော်ပြသော သတင်းတိုင်း အချက်အလက် တိကျမှန်ကန်ရန် တတ်နိုင်သမျှ ပြည့်စုံရန် စိစစ်ရမည်ဟု ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါတင်မကသေးပါဘူး။ အီလက်ထရွန်နစ် နည်းပညာဖြင့် ထုတ်လွှင့်သော အင်တာနက်၊ လူမှုကွန်ရက် စသည့်နည်းလမ်းများမှ တစ်ဆင့် ရသောသတင်းများသည် မှန်ကန်ကြောင်း သက်သေအခိုင်အမာ မဖော်ပြနိုင်ပါက ပြန်လည်ကူးယူဖြန့်ချိခြင်းမပြုရလို့ ဖော်ပြထားပါတယ်။

### သတင်းသမားကောင်း

မှတ်သားမိတဲ့ အကြောင်းအရာတစ်ခု ရှိပါတယ်။ သတင်းသမားကောင်းတွေဟာ ကြားရုံနဲ့လည်း မယုံကြည်ကြပါဘူး။ ထင်တာနဲ့လည်း မပြောဆိုကြပါဘူး။ မြင်နေရင်တောင် အပြည့်အဝ မယုံဘဲ အတည်ပြုချက်တွေ ရယူအတည်ပြုပြီး ဘ ခြောက်လုံး ပြည့်စုံအောင် မေးမြန်းရှာဖွေဖြည့်ဆည်းပြီးမှသာ ပြည်သူကို တင်ဆက်ကြရတာပါ။ ဒါမှသာ မှန်ကန်ပြည့်စုံတဲ့ သတင်းအချက်အလက်တွေကို ပြည်သူက ရရှိမှာပါ။

### မေးခွန်းထုတ်နေကြပြီဖြစ်

ဘီဘီစီလို သတင်းဌာနကြီးအနေနဲ့ အခုလို သတင်းမီဒီယာကျင့်ဝတ်နဲ့ မညီတဲ့ သတင်းမျိုးကို ထုတ်လွှင့်တဲ့အတွက် မြန်မာနိုင်ငံသားတွေအတွက်တော့ ဘီဘီစီရဲ့ သတင်းတင်ဆက်မှုအပေါ် ယုံကြည်စိတ်ချရမှုကို မေးခွန်းထုတ်နေကြပြီ ဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံတကာက သတင်းအမှားတွေကိုလည်း ကျင့်ဝတ်မရှိ၊ ကျင့်ဝတ်မညီ ထုတ်လွှင့်နေတာပဲ ဖြစ်မှာပေါ့လို့ သံသယစိတ်တွေလည်း ပွားများနေနိုင်ပါတယ်။ ပြီးတော့ ဘီဘီစီသာမက သတင်းဌာနတွေအနေနဲ့ သတင်းအမှားကို ထုတ်လွှင့်ရင် ပေးဆပ်ရမယ့် သိက္ခာတရားကိုလည်း အသိပေး၊ သတိပေးရာ ရောက်သွားပါပြီ။

လူမှုကွန်ရက်တွေမှာ နေ့စဉ်နဲ့အမျှ စိုးရိမ်ပူပန်မှုကိုဖြစ်စေတဲ့ သတင်းမျိုးတွေ၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူလှုပ်ရှားမှု အရှိန်ရအောင် မြှောက်ပင့်သွေးထိုးနေတဲ့ သတင်းအတုအယောင်တွေ၊ ပုံဖျက်ထားတဲ့ သတင်းအမှားတွေ ပလူပျံနေတာကို အားလုံးမြင်တွေ့ကြမယ် ထင်ပါတယ်။ ဒီလိုအချိန်မှာ သမာသမတ်ကျတဲ့ သတင်းမီဒီယာကျင့်ဝတ်နဲ့အညီ ရေးသားဖော်ပြတဲ့ မှန်ကန်ပြည့်စုံတဲ့သတင်းတွေကို ပြည်သူတွေက တောင့်တနေကြတာ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပအခြေစိုက် သတင်းဌာနများဟာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ်နဲ့ လက်ရှိအခြေအနေကို အမှန်ကန်ဆုံး သုံးသပ်၊ ဖြစ်စဉ်တိုင်းကို ရှုထောင့် အမျိုးမျိုးကနေ မေးမြန်းတင်ဆက်မှုတွေနဲ့ အကောင်းဆုံးထုတ်ဖော်ပြသပြီး ကျင့်ဝတ်နဲ့လျော်ညီမှုရှိတဲ့ သတင်းတင်ဆက်မှုမျိုးတွေ ဖော်ပြပေးခြင်းဖြင့် ပြည်သူများရဲ့ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးကြပါလို့ တိုက်တွန်းပါရစေ။

**● အချို့သောသတင်းတွေဟာ ပြည်သူအတွက် အကျိုးကျေးဇူးမရှိနိုင်သလို၊ တိုင်းပြည်နဲ့ ပြည်သူအတွက် အဖျက်သဘော ဖြစ်လာစေနိုင်တာတွေ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ထိပါးစေနိုင်တာတွေကိုလည်း ဒီရက်ပိုင်းမှာ မြင်တွေ့နေရပါတယ်။ သတင်းကို ပုံစံအမျိုးမျိုး ပြန်လည်ပြင်ဆင်ပြီး အမျိုးမျိုးပြန်လည်ရေးသားနေတဲ့ တရားမဝင် သတင်းဖြန့်ဖြူးသူတွေကိုလည်း မြင်တွေ့နေရပါတယ်။ ဒါတွေဟာ ပြည်သူတွေရဲ့ သတင်းသိပိုင်ခွင့်ကို ထိပါးလာတာလည်း ဖြစ်ပါတယ်။**

**ဘီဘီစီလို သတင်းဌာနကြီး အနေနဲ့ အခုလို သတင်းမီဒီယာကျင့်ဝတ်နဲ့မညီတဲ့ သတင်းမျိုးကို ထုတ်လွှင့်တဲ့အတွက် မြန်မာနိုင်ငံသားတွေအတွက်တော့ ဘီဘီစီရဲ့ သတင်းတင်ဆက်မှုအပေါ် ယုံကြည်စိတ်ချရမှုကို မေးခွန်းထုတ်နေကြပြီ ဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံတကာက သတင်းအမှားတွေကိုလည်း ကျင့်ဝတ်မရှိ၊ ကျင့်ဝတ်မညီ ထုတ်လွှင့်နေတာပဲ ဖြစ်မှာပေါ့လို့ သံသယစိတ်တွေလည်း ပွားများနေနိုင်ပါတယ်။ ပြီးတော့ ဘီဘီစီသာမက သတင်းဌာနတွေအနေနဲ့ သတင်းအမှားကို ထုတ်လွှင့်ရင် ပေးဆပ်ရမယ့် သိက္ခာတရားကိုလည်း အသိပေး၊ သတိပေးရာ ရောက်သွားပါပြီ။**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့၊ ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် တောင်ကြီးမြို့နှင့် နမ့်စန်မြို့တို့တွင် ၉ ဒီဂရီ စင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့် လုပ်ငန်းသစ်များ ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၁-၈၃၀၁၃၉၇၅၊ ၀၁-၈၃၀၂၂၁၇၅

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်နိုင်ကြပါစေ

လင်းလင်း

**ရုံးဆင်းချိန်အိမ်ပြန်မည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးကို ရုံးပေါက်ဝမှနေ၍ "ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်က အစ်ကိုတို့ လက်ထဲမှာ ရှိပါတယ်။ CDM မှာ ပူးပေါင်းပေးပါ" ဆိုပြီး လက်ကို ဆွဲပါတယ်။ ဝန်ထမ်းက လက်ကိုရုန်းလိုက်တော့ ကားတံခါးနားအထိ လိုက်သွားပြီး မြေပြင်ပေါ်မှာ ထိုင်ချလိုက်ပြီး တောင်းဆိုပါတယ်။ အခြားတစ်ယောက်ကတော့ ညီမတွေ၊ ညီတွေ မရှိဘူးလား၊ မောင်နှမတွေ မရှိဘူးလား၊ ကလေးတွေရဲ့ အနာဂတ်ကို ကြည့်ပေးပါလို့ ပြောပါတယ်။ နောက်တစ်ယောက်ကတော့ ဖုန်းနဲ့ ဗီဒီယိုရိုက် မှတ်တမ်းတင်နေပါတယ်။**

ဝန်ထမ်းက "မင်းမရိုက်နဲ့"ဆိုပြီး ဖုန်းကို ဆွဲဖယ်လိုက်တော့ "ကလေးကို အကြမ်းမဖက်နဲ့။ ရှင်ပြဿနာတက်သွားမယ်" လို့ ဆိုပါတယ်။ ဝန်ထမ်းက ကားပေါ်တက်သွားတဲ့အချိန်မှာ ကားရှေ့က ပိတ်ရပ်လိုက်ကြပြီး ဒီအတိုင်းထွက်သွားလို့ မရဘူး။ သတ္တိရှိရင် တိုက်သွားလို့ ဆိုပါတယ်။ အခြားတစ်ယောက်ကတော့ "ကျွန်မတို့ကို ကူညီပေးပါ။ ဒီမှာ အစ်မကို အတင်းတွန်းလိုက်တယ်" ဆိုပြီး ပတ်ဝန်းကျင်ကိုလည်း လှမ်းအော်လိုက်တော့ လူတွေ ရောက်လာကြပါတယ်။ ဝန်ထမ်းလည်း အိမ်မပြန်တော့ဘဲ ကားပေါ်ကဆင်းပြီး ရုံးထဲကို ပြန်ဝင်သွားတဲ့အထိ ရုံးအပြင်ကနေ ဉာဏ်မရှိဘူးလား၊ ပညာမတတ်ဘူးလားဆိုပြီး လှမ်းအော်ပြီးရန်တွေ့ပါတယ်။

## ဥပဒေ မမြောက်ဘူးလား

ယခု ဗီဒီယိုဖိုင်ကတော့ ရုံးတက်နေတဲ့ နိုင်ငံ့ဝန်ထမ်းကို CDM မှာ ပါဝင်ဖို့ စည်းရုံးလှုံ့ဆော်နေတာ ဖြစ်ပါတယ်။ ဝန်ထမ်းတစ်ယောက်ကို နှောင့်ယှက်စော်ကားတာ ဥပဒေ မမြောက်ဘူးလားဗျာ၊ ကိုယ့်အလုပ်ကို လုပ်နေတဲ့ ဝန်ထမ်းကို ကိုယ်ထိလက်ရောက် စော်ကားတာတော့ ရှုတ်ချပါတယ်ဆိုပြီး စာနဲ့အတူ မကြာမီရက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာမှာ တွေ့လိုက်ရပါတယ်။

ထိုဖြစ်စဉ်ကဲ့သို့ အာဏာဖီဆန်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှု CDM မှာ မပါဝင်တဲ့၊ လုပ်ငန်းတာဝန်တွေကို ဆက်လက်ထမ်းရွက်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ယခုလို ဖိအားပေး ပြောဆိုစည်းရုံးမှုတွေ ပြုလုပ်တာ၊ ရုံးတက်တဲ့ ဝန်ထမ်းတွေကို ခေါင်းပုံရိုက်ပြီး လူမှုကွန်ရက်ပေါ်သို့ ဖြန့်ဝေကာ အရှက်ခွဲတာ၊ လှောင်ပြောင်ကဲ့ရဲ့တာတွေ၊ Social Punishment ပြုလုပ်တာတွေကိုလည်း မကြာခဏ တွေ့မြင်လာရပါတယ်။

အာဏာဖီဆန်ရေး လှုပ်ရှားမှု (Civil disobe-dience Movement – CDM) ဆိုတာ ဉာဏ်မီသလောက်ကတော့ နိုင်ငံသားတစ်ဦးက အစိုးရရဲ့ ဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ အမိန့်တွေကို အကြမ်းမဖက်သောနည်းနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းသို့မဟုတ် ငြိမ်းချမ်းစွာ ကန့်ကွက်ခြင်း ဖြစ်ပါတယ်။

ဒီမိုကရေစီယဉ်ကျေးမှု၊ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆို လုပ်ကိုင်ခွင့်တွေ ရှိပါတယ်။ ဒါပေမယ့် လွတ်လပ်မှုက သူတစ်ပါးကို မထိခိုက်စေရပါ။ မိမိနဲ့ သဘောထား၊ အယူအဆ မတူသူတွေကိုလည်း လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ပေးရပါမယ်။ မတားဆီးရ၊ မထိပါးရပါဘူး။

ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းပြပြီး အခြားသူတွေကို အုပ်စုဖွဲ့ အတင်းအကျပ်ပြုတာ၊ နှောင့်ယှက်၊ ခြိမ်းခြောက်တာတွေကတော့ ဥပဒေနဲ့ လူ့အခွင့်အရေးကို မလေးစား မလိုက်နာတာပဲ ဖြစ်ပါတယ်။ စည်းကမ်းမရှိရင် ဒီမိုကရေစီလည်း ပျက်စီးနိုင်ပါ တယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူအများ အာဏာပိုင်စိုးသော စနစ်ကို ခေါ်ဆိုပြီး ဒီမိုကရေစီစနစ် အခြေခိုင်ရေးအတွက် ပြည်သူအင်အားကိုအသုံးချရာမှာ အတ္တ၊ ပရ မျှတဖို့လည်း အရေးကြီးပါတယ်။

## အကြောက်တရားကြောင့် ပါဝင်နေ

CDM လှုပ်ရှားမှုမှာ ဝန်ထမ်းအချို့ ပါဝင်ကြတာကတော့ ပကတိအရှိတရားဖြစ်ပါတယ်။ ယုံကြည်မှု၊ ခံယူချက်တွေကြောင့် ပါဝင်လာသူတွေရှိပေမယ့်

> **"အစိုးရရဲ့ လုပ်ငန်းယန္တရားကို ရပ်ဆိုင်းသွားစေဖို့ ရည်ရွယ်ချက်နဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)မှာ ဝန်ထမ်းတွေပါဝင်လာဖို့ ရုံးတက်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို တားဆီးနှောင့်ယှက်တာ၊ ရုံးမတက်ဖို့ ခြိမ်းခြောက်အကျပ်ကိုင်တာ၊ ရုံးတက်လို့ လှောင်ပြောင်ကဲ့ရဲ့တာတွေကို ဒီမိုကရေစီကို လိုလားသူ၊ လူ့အခွင့်အရေးကို တန်ဖိုးထားသူတွေလို့ ကြွေးကြော်နေသူ အချို့ဟာ တဖြည်းဖြည်းနဲ့ အကြမ်းဖက်မှုအသွင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြပါတယ်"**

အချို့ဝန်ထမ်းတွေက ကိုယ်ပိုင်စိတ်ခံစားမှု၊ ခံယူချက်တွေကြောင့် မဟုတ်ဘဲ စည်းရုံးမှုတွေကို နားယောင်ပြီး တစ်စုံတစ်ယောက်စေခိုင်းတဲ့အတိုင်း လိုက်ပါလုပ်ဆောင်တာ၊ မိမိသဘောဆန္ဒမပါဘဲ အကြောက်တရားကြောင့် ပါဝင်နေကြရတာတွေလည်း ရှိပါတယ်။

**အစိုးရရဲ့ လုပ်ငန်းယန္တရားကို ရပ်ဆိုင်းသွားစေဖို့ ရည်ရွယ်ချက်နဲ့ အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM)မှာ ဝန်ထမ်းတွေပါဝင်လာဖို့ ရုံးတက်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို တားဆီးနှောင့်ယှက်တာ၊ ရုံးမတက်ဖို့ ခြိမ်းခြောက်အကျပ်ကိုင်တာ၊ ရုံးတက်လို့ လှောင်ပြောင်ကဲ့ရဲ့တာတွေကို ဒီမိုကရေစီကို လိုလားသူ၊ လူ့အခွင့်အရေးကို တန်ဖိုးထားသူတွေလို့ ကြွေးကြော်နေသူ အချို့ဟာ တဖြည်းဖြည်းနဲ့ အကြမ်းဖက်မှုအသွင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြပါတယ်။**

CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အွန်လိုင်းကတစ်ဆင့် လှုံ့ဆော်နေတဲ့အဖွဲ့တွေကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေက ငွေကြေးထောက်ပံ့တာတွေ ရှိပါတယ်။ CDM ကို မြောက်ပင့်လှုံ့ဆော်နေသူတွေဟာ အကျိုးမလိုလားသူ၊ ပျက်စီးအောင် ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်နေသူတွေပဲ ဖြစ်ပါတယ်။

တကယ်တော့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေကြားမှာ ကြားခံဆက်သွယ်လုပ်ငန်းဆောင်ရွက်ရမယ်ဆိုတဲ့ တာဝန်ဝတ္တရားတွေကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ ဝတ္တရားနှောင့်ယှက်သူတွေကို တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူလို့ ရပါတယ်။

## တာဝန်ကျေဖို့ ကြိုးစားရုန်းကန်နေ

ပြည်သူကိုဗဟိုပြုပြီး ကျင့်ဝတ်သိက္ခာ စောင့်ထိန်းတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဝန်ထမ်းတွေဟာ အခုအချိန်မှာ ရပ်တည်ချက်တွေ အမျိုးမျိုး၊ သဘောထားတွေ အမျိုးမျိုး၊ ထိုးနှက်ချက်တွေ အမျိုးမျိုးအကြားမှာ တာဝန်ကျေဖို့ ကြိုးစားရုန်းကန်နေကြရပါတယ်။

**နိုင်ငံ့ဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာ ပါဝင်လာဖို့ စတင်ဆောင်ရွက်စည်းရုံးသူကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမယ်လို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြောကြားထားပါတယ်။ CDM မှာ ပါဝင်နေသူတွေကို လုပ်ငန်းခွင်တွေမှာ ပြန်လည်တာဝန် ထမ်းဆောင်ကြဖို့ နိုင်ငံတော်အစိုးရက တိုက်တွန်းနေပြီး စိတ်ရှည်လက်ရှည်နဲ့လည်း သည်းခံစောင့်ဆိုင်းပေးလျက်ရှိပါတယ်။**

နိုင်ငံ့ဝန်ထမ်းတွေဟာလည်း နိုင်ငံသားတွေဖြစ်တဲ့အတွက် ရွေးကောက်ပွဲကျင်းပချိန်မှာ ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်ကို ဆန္ဒမဲပေးနိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အတွက် ထမ်းဆောင်ရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ၊ လိုက်နာရမယ့် စည်းကမ်းတွေရှိပါတယ်။

## နိုင်ငံအတွက်သာ ဦးတည်ဆောင်ရွက်

နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းဆိုတဲ့ စိတ်ခံစားချက်တွေရှိမှာဖြစ်ပါတယ်။ ဒီမိုကရေစီ ကျင့်စဉ်အရလည်း လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိပါတယ်။ ဒါပေမယ့် စိတ်ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ကွဲပြားသိမြင်ပြီး တာဝန်ချိန်မှာတော့ နိုင်ငံအတွက်သာ ဦးတည်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စာဂကို အကျင့်၊ စွန့်လွှတ်ခြင်း၊ ပေးလှူခြင်း၊ စရိုက်အမူအရာ၊ မျှဝေလှူဒါန်းခြင်း အနစ်နာခံနိုင်ခြင်းလို့ အဓိပ္ပာယ်ရပြီး သစ္စာကတော့ မှန်ကန်ခြင်းတရား ဖြစ်ပါတယ်။ ဓမ္မက တရားမျှတခြင်း၊ နိယာမသဘောဖြစ်ပြီး ဝီရိယကတော့ ကြိုးစားလုံ့လရှိခြင်းဖြစ်ပါတယ်။ ပညာသည် လောဘ၊ ဒေါသ၊ မောဟကို ဖောက်ထွင်းဖျက်ဆီးနိုင်ပြီး သန္တိသုခနိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုစေနိုင်ပါတယ်။

ဘယ်အစိုးရတက်တက် ဆက်လက်တည်ရှိနေမှာဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေသည် သစ္စာ၊ အမှန်တရားကို သိမြင်တဲ့ ပညာဉာဏ်မျက်လုံးနဲ့ အမှောင်ကို ထွင်းဖောက် အလင်းရောက်နိုင်ကြပါစေ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတည်းဟူသော သူတော်ကောင်းတရား ငါးပါးနဲ့ ပြည့်စုံပြီး ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း ကောင်းဆိုးနှစ်တန် လောကဓံကို မတုန်မလှုပ်ကြံ့ကြံ့ခံကာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတယ်။ ။

# ဥတ္တရသီရိမြို့နယ်တွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၂၅**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့် ပြည်သူများ စုစုပေါင်း အင်အား ၉၀ ခန့်က ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)



## မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေး



**မော်လမြိုင် ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ယမန်နေ့က ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အောင်ဆန်းခန်းမ၌ ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက် ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ဌာနဆိုင်ရာများမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ကချင်ပြည်နယ် ဧည့်ရိပ်သာ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် နှစ်နှစ် ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ကချင်ပြည်နယ်ဧည့်ရိပ်သာ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့က သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကချင်ပြည်နယ် ဧည့်ရိပ်သာ အဆောက်အအုံဆောက်လုပ်ပြီးစီးမှုနှင့် အဆောက်အအုံအတွင်းပိုင်း ဖွဲ့စည်းထားရှိမှု အခြေအနေတို့ကို ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ် လုပ်ငန်းစိစစ်ရေးနှင့် လုပ်ငန်းကြီးကြပ်ရေး ကော်မတီအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ယူ ဆောက်လုပ်သည့် မနောရော ဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧည့်ရိပ်သာအဆောက်အအုံသစ်အတွင်း နိုင်ငံတော်အကြီးအကဲအဆင့်တည်းခိုရေး တည်ဆောက်ထားရှိမှုနှင့် အိပ်ခန်းဆောင်များ၊ အဆောက်အအုံအတွင်းရှိ အစည်းအဝေးခန်းမ၊ ဧည့်ခန်းမ၊ လုံခြုံရေးထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ် ကောင်စီဥက္ကဋ္ဌက လုံခြုံရေးဆိုင်ရာ အဆောက်အအုံများ ဖြည့်စွက် ဆောင်ရွက်နိုင်ရေး၊ မြေယာရှုခင်း ပြုပြင်နိုင်ရေး၊ စာချုပ်ပါ အဆောက်အအုံဒီဇိုင်းအတိုင်း စာရင်းစစ်ဆေးမှုခံယူရေးနှင့် လိုအပ်ချက်များအပေါ် ဖြည့်စွက် ပြင်ဆင်နိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ပြည်နယ်
(ပြန်/ဆက်)



## မြောင်းမြမြို့နယ် အသေးစားအရင်းအနှီးချေးငွေ ပေးဆပ်မှု စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းနှင့် စုဆောင်းငွေပေါ်အတိုးငွေထုတ်ပေး

**မြောင်းမြ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မြို့နယ်အဆင့် သမဝါယမအသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ EXIM Bank ချေးငွေ ၁၂ ကြိမ်၊ ၁၃ ကြိမ်၊ ၁၄ ကြိမ်များတွင် အသေးစား အရင်းအနှီးချေးငွေပေးဆပ်မှု အစောဆုံးပြေကျေသော သမဝါယမအသင်းများကို အကြိမ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသင်းအမျိုးအစား ခွဲခြား၍ပထမဆုငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၃၀၀၀၀၊ တတိယဆုငွေကျပ် ၂၀၀၀၀ ချီးမြှင့်ခဲ့ရာ ဆုရအသင်း ၁၉ သင်းကို ငွေကျပ် ၆၃၀၀၀၀ ချီးမြှင့်ခြင်း ချေးငွေကောက်ခံရာတွင်လည်း ၁၂ ကြိမ်၊ ၁၃ ကြိမ်၊ ၁၄ ကြိမ် တို့တွင် အစောဆုံးပြေကြေစွာ ကောက်ခံပေးသော ကွင်းဆင်းတာဝန်ကျအဖွဲ့ဝင်များကိုလည်း ပထမဆုငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၃၀၀၀၀ ဆုငွေ ချီးမြှင့်ခြင်းနှင့် ၁၄ ကြိမ်မြောက်တွင် EXIM Bank ချေးငွေလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်း ၁၂၅ သင်းရှိ အသင်းသားဦးရေ ၇၂၄၂ ၏ စုဆောင်းငွေကျပ်သိန်း ၉၅၅၄ ဒသမ ၅၅ မှ စုဆောင်းငွေပေါ်အတိုးငွေကျပ်သိန်း ၆၅၈ ဒသမ ၃၉၇၂၅ ထုတ်ပေးခြင်းများကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြောင်း သိရသည်။

သတင်းစဉ်

## နွေရာသီရေရှားပါးမှု မရှိစေရေး သောက်သုံးရေများ ကြိုတင်ဖြည့်ဆည်းပေး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ထီဟန်ထိုးကျေးရွာရှိ အိမ်ခြေ ၃၅၊ လူဦးရေ ၁၈၀ ခန့်အတွက် နွေရာသီတွင် သောက်သုံးရေအခက်အခဲ မရှိစေရေးအတွက် သောက်သုံးရေများ ကြိုတင်ဖြည့်တင်းပေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

သောက်သုံးရေများ ကြိုတင်ဖြည့်တင်းပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် ထီဟန်ထိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အုတ်ရေလှောင်ကန်ထဲသို့ စနစ်တကျထည့်ပေးကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)



အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန် ရှိပါတယ်

## စိုက်ပျိုးရေးသုတေသနဦးစီးဌာနက အရည်အသွေးမီ ပြောင်းသီးနှံထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာနက အရည်အသွေးမီ ပြောင်းသီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်ရေး သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ဆောင်ရွက်နေသည့် သုတေသန လုပ်ငန်းများအနက် ပြောင်းသီးနှံ သုတေသန လုပ်ငန်းများအဖြစ် ပြောင်းဖူးသီးနှံအတွက် အပင် မျိုးသစ်များ စစ်ဆေးရာတွင် အသုံးပြုမည့် အကိုးအကားပြုမျိုးများ ရှာဖွေရန်အတွက် သုတေသန စမ်းသပ်ကွက်များ စိုက်ပျိုးထားရှိခြင်း၊ မိုးနှောင်းရာသီတွင် ဆောင်ရွက်ခဲ့သည့် သုတေသန လုပ်ငန်းများထဲမှ ပြောင်းဖူးသီးနှံကို ထူးခြားမှု၊ ညီညာမှုနှင့် တည်ငြိမ်မှု ရှိ မရှိ စစ်ဆေးခြင်း။ လက္ခဏာများ မှတ်တမ်း ကောက်ယူခြင်း၊ သုတေသန စမ်းသပ်ကွက်ကို အပင်မျိုးသစ် ကာကွယ်ရေး ဌာနစုနှင့် ပူးပေါင်း၍ RCB စမ်းသပ်ကွက် ပြုလုပ်ဆောင်ရွက်ခြင်း၊ အပင်မျိုး မွေးမြူသူများက ၎င်းတို့မွေးမြူထုတ်လုပ်ထားသည့် အပင်မျိုးသစ်များကို အပင်မျိုးသစ် ဟုတ်/မဟုတ် စစ်ဆေးရာတွင် အသုံးပြုမည့် အကိုးအကားပြုမျိုးများ ရှာဖွေဖော်ထုတ်ရန်အတွက် မိမိနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် စစ်ဆေးရေး လမ်းညွှန်မှတ်တမ်း စာအုပ်များ ရေးဆွဲပြုစုခြင်း၊ စစ်ဆေးရေး လမ်းညွှန်မှတ်တမ်း စာအုပ်များအတွက် စနစ်တကျ စမ်းသပ်သုတေသန ပြုလုပ်ခြင်းနှင့် သက်ဆိုင်ရာ တာဝန်ခံများသီးသန့် တာဝန်ပေးမှုများကို စီစဉ်ဆောင်ရွက်ခြင်း အစရှိသည့် သုတေသန လုပ်ငန်းတို့ကို အရှိန်အဟုန်မပျက် လုပ်ဆောင်နေကြောင်း သိရသည်။

အထက်ပါ သုတေသန လုပ်ဆောင်ချက်များ ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြင့် အပင်မျိုးမွေးမြူသူများက ၎င်းတို့ မွေးမြူထုတ်လုပ်ထားသည့် အပင်မျိုးသစ်များကို မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ကာကွယ်ခွင့်ရယူနိုင်ရန်အတွက် စတင်လျှောက်ထားနိုင်လာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ၌ အသစ်ပြဋ္ဌာန်းခဲ့ပြီး အပင်မျိုးသစ် အကာအကွယ်ပေးရေး စနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နန်းထက်ထက်ချစ်





## မိုင်းဖြတ်၌ ကျောင်းဆောင်သစ်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် အခြေခံပညာ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကို ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တည်ဆောက်ရေး ကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် တည်ဆောက်ရေး ကော်မတီဝင်များသည် Grace One ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၃ ဒသမ ၉၉၀ ဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၅ ဒသမ ၁၀၀ ဖြင့် ဆောင်ရွက်သော အလျားပေ ၆၀၊ အနံပေ ၃၀ရှိ အမက (ခွဲ)အင်နမ့်ခမ်းကျောင်း ဆောက်လုပ်နေမှု၊ နမ့်ယွန်းတောင်ပေါ်ကုမ္ပဏီက ခွင့်ပြုရန်ပုံ ငွေကျပ် ၂၁၆ ဒသမ ၀၀၀ သန်းဖြင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် ခွင့်ပြု ရန်ပုံငွေကျပ်သန်း ၉၇ ဒသမ ၂၀၀ ဖြင့် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှစ်ထပ်အမျိုးအစား အမက (ဝမ်မိုင်)ကျောင်း၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုများကို လည်းကောင်း ကွင်းဆင်း စစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်ယွန်းတောင်ပေါ်ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၉၈၉ သန်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၁၀၀ သန်းဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ အထက (ဟိုနား)သိပ္ပံဆောင် ဆောက်လုပ်နေမှု၊ Grace Oneကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၃ ဒသမ ၉၉၀ ဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြု ရန်ပုံငွေကျပ်သန်း၃၅ ဒသမ ၁၀၀ ဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀ရှိ အမက(ခွဲ) ဝမ်ယန်းမိုင်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်အရည်အသွေး၊ အတိုင်းအတာ ပြည့်မီစေရေးအတွက် ဆောင်ရွက်သည့် ကုမ္ပဏီက တာဝန်ရှိသူများကို မှာကြားကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ဘုတလင်၌ ကျောက်စိမ်းဖီးကြမ်းငှက်ပျော စီးပွားဖြစ် စိုက်ပျိုးအောင်မြင် ငှက်ပျောစိုက်ကေများ တိုးချဲ့စိုက်ပျိုးလာကြ

**ဘုတလင် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်းရှိ အုတ်အိုင်၊ ချပ်ကလေး၊ ခိုးချောင်းနှင့် အောင်ဆန်းမြင့် ကျေးရွာများတွင် ကျောက်စိမ်း ဖီးကြမ်းငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးရာ အောင်မြင်သဖြင့် ငှက်ပျောစိုက်ကေများ တိုးချဲ့ စိုက်ပျိုးလာကြောင်း အုတ်အိုင်ကျေးရွာမှ ငှက်ပျောစိုက်တောင်သူ ဦးတင်ထွေးထံမှ သိရသည်။

ဘုတလင်မြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ကေ ၂၆၉၆ ကေအထိ ရှိလာပြီး ဘုတလင်မြို့နယ်မှ ထွက်ရှိသည့် ကျောက်စိမ်း ဖီးကြမ်းငှက်ပျောကို ရန်ကုန်၊ မန္တလေးနှင့် ဖားကန့်ဒေသသို့ ငှက်ပျောဖီးရေ ၄၀၀၀ ကျော် ဆံ့သည့် ခြောက်ဘီးကားများဖြင့် နေ့စဉ်နီးပါး တင်ပို့ပေးနေရကြောင်း သိရသည်။

"ငှက်ပျောကို ကျွန်တော်တို့ ကျေးရွာ လေးရွာမှာ ဘုတလင်မြစ်ရေတင် လုပ်ငန်းကပေးတဲ့ မြစ်ရေနဲ့ အဓိကထားစိုက်တော့ အောင်မြင် ဖြစ်ထွန်းပါတယ်။ ငှက်ပျောဈေးကလည်း တစ်ဖီးကို ငွေကျပ် ၇၀၀ ကျော် ၈၀၀ အထိ ရပါတယ်။ ငှက်ပျောက တစ်ကေကို ငွေကျပ်သိန်း ၃၀ လောက်အထိ အမြတ်ရတော့ အခြားသီးနှံဖြစ်တဲ့ ဂျုံ၊ကုလားပဲတို့ထက်လည်း ဝင်ငွေကောင်းတယ်။ ဈေးကွက်လည်း ခိုင်မာတော့ အခုဆိုရင် ကျွန်တော်တို့ဒေသမှာ ငှက်ပျောစိုက်ကေတွေ တိုးချဲ့စိုက်လာကြပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ကျေးရွာများတွင် ကျောက်စိမ်း ဖီးကြမ်းငှက်ပျောကို တစ်ကေလျှင် အပင် ၇၀၀ ကျော်အထိ စိုက်ပျိုးကြပြီး ရွှေငှက်ပျောနှင့် ခွံ့ဝါငှက်ပျောမျိုးများကိုလည်း စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဖိုးခါး**



## ညောင်ဦးမြို့နှင့် ပခုက္ကူမြို့ကြား ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ခရုစုပ်၊ ခရုတုတ် ငှက်များနှင့် တင်ကျီးငှက်များ ရာနှင့်ချီ ပြန်လည်ကျက်စားလာ



**ညောင်ဦး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ကြား ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် ခရုစုပ်၊ ခရုတုတ်ငှက်များ ပျောက်ကွယ်နေသည်မှာကြာပြီဖြစ်ကာ ၁၀ နှစ်ကျော်အကြာမှ ပြန်လည်မြင်တွေ့လာခဲ့ကြောင်း ပခုက္ကူမြို့မှ ဦးမျိုးမင်းထွဋ်က ပြောပြသည်။

အဆိုပါ ခရုတုတ်၊ ခရုစုပ်သည် အနက်ရောင်တောင်ပံမွေးရှိသော အဖြူရောင်ငှက်မျိုးဖြစ်ပြီး အပေါ်နှင့် အောက်နှုတ်သီးကြားတွင် ဟာလျက်ထူးခြားသည့် နှုတ်သီးရှိသည်။ ကိုယ်အလျား သုံးဆယ့်နှစ်လက်မခန့်ရှိကာ မြစ်ကမ်းစပ်များနှင့်ကန်များ၊ အင်းအိုင်များတွင် တွေ့နိုင်ကြောင်း၊ မြေနိမ့်ပိုင်းရှိလယ်ကွင်းများနှင့် စိမ့်တောများတွင်လည်း တွေ့နိုင်ကာ အားသွန်ခွန်စိုက် ကြာရှည်ပျံသန်းနိုင်သည့် ငှက်မျိုးဖြစ်ကြောင်း၊ရေချိုခရုမျိုးများကိုစားသုံးကြပြီး ကဏန်း၊ငါး၊ တွားသွားသတ္တဝါများနှင့် ပိုးမွှားကောင်ကြီးများကိုလည်း စားတတ်ကြောင်းသိရသည်။ သားမပေါက်သည့် ဆောင်းခိုငှက်ဖြစ်ကာ ဌာနေငှက်ဖြစ်သည်ဟုလည်း ငှက်ပညာရှင်များယူဆနေကြကြောင်း ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဋ္ဌေးအောင်က ရှင်းပြသည်။

ခရုစုပ်အဖြူငှက်လည်းရှိပြီး နှုတ်သီး၊ ဦးခေါင်းနှင့် လည်တိုင်အနက်ရောင်ရှိသော အဖြူရောင်ငှက်မျိုးဖြစ်သည်။ ကိုယ်အလျား လက်မ သုံးဆယ်ခန့်ရှိပြီး စိမ့်တောနှင့်လယ်တောများတွင် တွေ့ရနိုင်ကာ ပင်လယ်ကမ်းရိုးတန်းနှင့် ကန်များတွင်လည်း တွေ့ရနိုင်သည်။ အုပ်သင်းစုနေထိုင်ကြကာ သစ်ပင်ကြီးများပေါ်တွင်လည်း နားနေလေ့ရှိကြောင်း မြန်မာနိုင်ငံမြောက်ပိုင်းမှအပနေရာအနှံ့တွေ့နိုင်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသများ တစ်လျှောက် အများအပြားတွေ့ရနိုင်ကြောင်း၊ သားမပေါက်သည့် ဆောင်းခိုငှက်ဖြစ်ကြောင်းလည်း သိရသည်။ ခရုစုတ်၊ ခရုတုတ်ငှက်များနှင့်အတူ တင်ကျီး/အော်ရောငှက်များလည်း လာရောက်ကျက်စားလျက်ရှိရာ တင်ကျီးငှက်သည် နှုတ်သီးတိုသော အနက်ရောင်ငှက်မျိုးဖြစ်ကြောင်း၊ လည်တိုင်တိုကာ ကိုယ်အလျား နှစ်ဆယ်လက်မခန့်ရှိပြီး ရေချိုစိမ့်တော၊ ရေကန်နှင့်မြစ်ချောင်းများတွင် တွေ့ရနိုင်ကြောင်း တစ်ကောင်တည်း သို့မဟုတ် အုပ်စုကြီးများဖြင့်တွေ့ရနိုင်ကြောင်း သိရသည်။ မေလမှ စက်တင်ဘာလအတွင်း ဇူိုင်၊ ဥပန်းတို့နှင့်တွဲ၍ သားပေါက်ကြသည့် ဌာနေငှက်ဖြစ်ကြောင်း သိရသည်။ တင်ကျီးငှက်သည် ရှည်၍တုတ်ခိုင်သော နှုတ်သီးရှိသည်။အနက်ရောင်သန်းသည့် ငှက်မျိုးဖြစ်ကာ နီညိုရောင်တောက်တောက် ကျောကုန်းရှိပြီး ကိုယ်အလျားသုံးဆယ်နှစ်လက်မခန့်ရှိပြီး ကန်များ၊ မြစ်များ၊ စိမ့်တောများတွင် အတွေ့ရများကြောင်း သိရသည်။ အုပ်စုကြီးများဖြင့်တွေ့ရသည့် ရေချိုနေငှက်မျိုးဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ဦးခေါင်းမတ်မတ်ဖြင့် ရေဖြည်းဖြည်းကူးကြောင်း၊ အန္တရာယ်ကြုံသည့်အခါ ဦးခေါင်းနှင့် လည်တိုင်သာ ရေပြင်ပေါ်ဖော်၍ ရေထဲငုပ်သွားကြောင်း၊ နားနေသည့်အခါ ကမ်းခြေသို့မဟုတ် ကျောက်ဆောင် သို့မဟုတ် သစ်ပင်များပေါ် အတောင်ဖြန့်၍ နားနေတတ်ကြောင်း၊ တည့်တည့်မြန်မြန်ပျံသည့် ငှက်မျိုးဖြစ်ကြောင်းလည်းသိရသည်။ တိတ်ဆိတ်စွာနေပြီး အောက်တိုဘာလမှ ဇန်နဝါရီလအတွင်း သားပေါက်ကြကြောင်းသိရသည်။ စစ်တောင်းမြစ်ဝှမ်းတွင် သားပေါက်ကြောင်း မှတ်တမ်းတင်ထားချက်အရသိရပြီး မြန်မာနိုင်ငံတောင်ပိုင်းတွင် တွေ့ရသည့် ဌာနေငှက် ဖြစ်သည်။ ခရုတုတ်၊ ခရုစုပ်ငှက်များနှင့် ခရုစုပ်ဖြူငှက်များ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပခုက္ကူမြို့ပေါ်ရှိ မန်ကျည်းပင်ကြီးများပေါ်တွင် အကောင်ရေရာနှင့်ချီ၍ လည်းကောင်း၊ ညောင်ဦးမြို့နယ် ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ခရုတုတ်၊ ခရုစုတ်ကောင်ရေ ရာနှင့်ချီ၍လည်းကောင်း လာရောက် ကျက်စားနေကြကြောင်းလည်း သိရသည်။ အဆိုပါ ခရုစုပ်၊ ခရုတုတ် ငှက်များ၊ တင်ကျီးငှက်များ ရာနှင့်ချီ မလာရောက်သည်မှာ ၁၀ နှစ် ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



# မိုင်းကိုင်မြို့နယ် တပေါင်းလဘုရားပွဲ ကျင်းပမည် မဟုတ်

**မိုင်းကိုင် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် သမိုင်းဝင်ရွှေမြင်ထင်မွေတော်ဘုရား၏ တပေါင်းလဘုရားပွဲကို နှစ်စဉ် တပေါင်းလဆန်း၈ရက်မှ တပေါင်းလပြည့်နေ့အထိ ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် ဘုရားပွဲကို ကျင်းပမည်မဟုတ်ကြောင်း သိရသည်။

မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တရေဝတ အမှူးထား၍ ဆရာတော် သံဃာတော်များ၊ ဘုရားဂေါပကအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းအောင်နှင့် အဖွဲ့ဝင်များက တပို့တွဲလဆန်းပိုင်းတွင် ရွှေမြင်ထင်မွေတော် ဘုရား၌ ညှိနှိုင်းအစည်းအဝေး ကျင်းပ၍ တပေါင်းလ ဘုရားပွဲတော်ကျင်းပခြင်း မရှိသော်လည်း ရွှေမြင်ထင်မွေတော် ဘုရားသို့ ဘုရားဖူးများ ငြိမ်းချမ်းသာယာစွာဖြင့် လာရောက်နိုင်ရေး ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး နည်းလမ်းများနှင့်အညီ ကြိုတင်ပြင်ဆင်မှုများ၊ ပြုပြင်မွမ်းမံမှုများကို ဆက်လက် ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး (မိုင်းကိုင်)**

# ဝိနယာနုဂ္ဂဟအသင်း ရာပြည့်အထိမ်းအမှတ် ဆောက်လုပ်လှူဒါန်းခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလွှတ်ပူဇော မင်္ဂလာအခမ်းအနားသို့ တက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ယမန်နေ့က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီးဝင်း အတွင်း၌ ကျင်းပသော ဝိနယာနုဂ္ဂဟအသင်း ရာပြည့်အထိမ်းအမှတ် ဆောက်လုပ်လှူဒါန်းသော နှစ်ထပ် ကျောင်းဆောင်သစ် ကျောင်းလွှတ်ပူဇော မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် မော်လမြိုင်မြို့ ဇောတိကာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒော ဘာသ အရှင်သူမြတ်ထံမှ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် ဧည့်ပရိသတ် အပေါင်းတို့က ငါးပါးသီလခံယူ ဆောက်တည်ကာ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ နတ်မှော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသုမန နှင့် ပင့်သံဃာဆရာတော်ကြီးများကို ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ နတ်မှော်ကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာ တရားနာယူကြည်ညိုပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ပင့်ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မိုးနဲမြို့၌ စေတီပုံရှားမီးပူဇော်ပွဲ ကျင်းပမည်

**မိုးနဲ ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စေတီပုံရှားမီးပူဇော်ပွဲကို လွိုင်မြေရပ်ကွက်ရှိ ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ တပို့တွဲလပြည့်ညတွင် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပူဇော်ပွဲကို ဝိဇ္ဇာရိယဘုန်းတော်ကြီး ကျောင်းထိုင်ဆရာတော်နှင့် ဆရာဒါယကာပူးပေါင်းကာ ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ယခင်နှစ် စေတီပုံ ရှားမီးပူဇော်ခြင်းအပြင် ဝက်ပါပတ် ဆီမီးပူဇော်ခြင်းကိုလည်း ထည့်သွင်း၍ စည်ကားစွာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ဘုရားငါးဆူ အားရည်မှန်း၍ စေတီပုံငါးဆူပြုလုပ်၍ ရှားမီး ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပူဇော်ရခြင်းမှာ တပို့တွဲလတွင် အအေးဓာတ်လွန်ကဲမှုကြောင့် အေးချမ်းလှသည့် ရာသီတွင် မြတ်စွာဘုရားရှင်အား သက်တော် ထင်ရှားအဖြစ်နှင့် အအေးဓာတ် သက်သာစေရန် ရည်ရွယ်ကာ အနွေးဓာတ်နှင့် ပူဇော်ကုသိုလ်ယူခြင်းဖြစ်ကြောင်း၊ ရှားသားအစား မျိုးခြားသစ်သားနှင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ပြုလုပ်ပုံချင်း ကွဲပြားခြားနားမှုများ ရှိနိုင်ကြောင်း စေတီပုံပြုလုပ်ဆောင်ရွက်နေသူ ဦးစိုင်းကျော်နိုက်က ပြောသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**



# နွားထိုးကြီးမြို့၌ (၄၁) ကြိမ်မြောက် ရှင်ပင်သာဒွန်းဦးဘုရား အသံမစဲပဋ္ဌာန်းပွဲ ကျင်းပ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီး ရှင်ပင်သာဒွန်းဦးဘုရား၏ (၄၁) ကြိမ်မြောက် အသံမစဲပဋ္ဌာန်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ဘာဏကသံဃာတော် ၂၄ ပါးက အလှည့်ကျ အသံမစဲမဟာပဋ္ဌာန်းကို ခုနစ်ရက်တိုင် ရွတ်ဖတ်လျက်ရှိသည်။

နှစ်စဉ် ရှင်ပင်သာဒွန်းဦး ဘုရားဗုဒ္ဓပူဇနိယပွဲတော်၌ ကျင်းပသော်လည်း ကိုဗစ်-၁၉ ကြောင့် မကျင်းပရသော်လည်း မြို့အတွက် သံဃာတော်များက မဟာပဋ္ဌာန်း ဒေသနာကို နှစ်စဉ်မပျက် ကျင်းပခြင်းဖြစ်သည်။

နာယကဆရာတော် ငါးပါး၏ ကြီးကြပ်မှုနှင့် သံဃာ ၂၄ ပါးက ခုနစ်ရက်တိုင် ရွတ်ဖတ်ရာတွင် မြို့မ၈ရပ်ကွက်မှ တပည့်ဒါယကာ ဒါယိကာမများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဆေးကွမ်းများကို လှူဒါန်းကုသိုလ်ယူသည်။

**ဌေးမြင့်မောင်**

# မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာစစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ မြေငှားဂရန် လျှောက်ထားသည့် မြေနေရာများကို မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ယမန်နေ့က တာဝန်ရှိသူများက တိုင်းတာစစ်ဆေးသည်။

ကွင်းဆင်းတိုင်းတာရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသိန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဖေ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဘဆန်းလှ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုဦးတို့က စက်မှု၊ စီးပွားမြေငှားဂရန်နှင့် လူနေအိမ်မြေငှားဂရန် လျှောက်ထားလာမှု မြေနေရာများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ဧရိယာ အကျယ်အဝန်း၊ မြေအမျိုးအစား၊ အမှုတွဲစုံလင်မှု ရှိ မရှိ၊ အရှုပ်အရှင်း ရှိ မရှိ၊ လမ်းနှင့်အိမ်လွတ် မလွတ် တို့ကို ကွင်းဆင်း စစ်ဆေးကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**




**ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တပို့တွဲလပြည့်နေ့တွင် ထမနဲထိုး အလှူပွဲကြီး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ စုဝေးရာ ကြီးကျယ်မြင့်မြတ်သော သာသနာ့နယ်မြေပေါ်ရှိ အထင်ကရဖြစ်သော ရန်ကုန်မြို့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ထမနဲထိုးပွဲ အလှူတော်ကြီးကို လာမည့် ဖေဖော်ဝါရီ ၂၆ ရက် (တပို့တွဲလပြည့်နေ့)တွင် စဉ်လာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ရုံးမှ သိရသည်။

"ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ နှစ်စဉ် ထမနဲထိုးပြိုင်ပွဲကြီးကို ကျင်းပခဲ့တာ ခုဆိုရင် ၁၄ ကြိမ် ပြည့်ပါပြီ။ ဒီနှစ်မှာ ကိုဗစ်-၁၉ ကာလဖြစ်နေတော့ ဂေါပကအဖွဲ့ အားလုံးတိုင်ပင်ပြီး အရင်နှစ်တွေကလို ပြိုင်ပွဲမလုပ်တော့ဘဲ မြတ်စွာဘုရားကို ထမနဲ ကပ်လှူဖို့ အဓိက ရည်ရွယ်ပြီး လုပ်တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာက ထမနဲ အလှူရှင်တွေကို လေးပုံ တစ်ပုံ ပြန်ပေးတဲ့ အစီအစဉ်လည်း ထည့်ထားပါတယ်။ ပြီးတော့ အရင်နှစ်တွေကလို ပြိုင်ပွဲကြီးမဟုတ်တော့ တစ်ရက်တည်း မကျင်းပတော့ဘဲ နေ့စဉ် တစ်ဖွဲ့တည်းကပဲ ထိုးကြတာ ခုဆိုရင် လေးရက်မြောက်တောင် ရှိပြီ ဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ဝင် ဒေါက်တာရဲအောင်က ပြောသည်။

(၁၄)ကြိမ်မြောက် ထမနဲထိုးဆောင်ရွက်မှုများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ နေ့စဉ် လုပ်ဆောင်လျက်ရှိပြီး လတ်တလော ထိုးပြီးသား ထမနဲများကို ရွှေတိဂုံသြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဇင်္ဂဏ ဦးဆောင် ဆရာတော်ကြီးများအား ဖေဖော်ဝါရီ ၂၆ ရက်(တပို့တွဲလပြည့်နေ့) တိုင် ဆက်ကပ်သွားမည်ဖြစ်သည်။ တပို့တွဲလပြည့်နေ့တွင်လည်း ဘုရားရှင်အား နံနက် အရုဏ်တက်ချိန်တွင် ဆရာတော်ကြီးများက အဆင်သင့်ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကိုဗစ်ကာလ ပထမအကျော့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်မှ စတင်ကာ စေတီတော်ရင်ပြင်ပေါ် ဖူးမြော်ခွင့်ကို ယာယီပိတ်ထားရာမှ ယခုဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းမှ စတင်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ စည်းကမ်းချက်များနှင့်အညီ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းသို့ဖွင့်လှစ်ရာတွင် ဖေဖော်ဝါရီ ၈ ရက် နှင့် ၉ ရက်တို့၌ ရဟန်း/ သံဃာနှင့် သီလရှင်များကို စတင်ဖူးမြော်ခွင့်ပြုခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဖူးမြော်ခွင့်ပြုကာ ဖေဖော်ဝါရီ ၁၁ ရက်နောက်ပိုင်းမှစ၍ ပြည်သူအများကို ဖူးမြော်ကြည်ညိုခွင့် ပြုခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ခွင့်ပြုရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ အချိန်ကန့်သတ်မှုဖြင့် ပိုင်းခြားသတ်မှတ်ခဲ့ရာ နံနက် ၆ နာရီမှ ၇ နာရီ၊ နံနက် ၈ နာရီမှ ၉ နာရီနှင့် နံနက် ၁၀ နာရီမှ ၁၁ နာရီ အချိန်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကန့်သတ်ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုခဲ့ပြီး နေ့လယ်ပိုင်းတွင် မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၃ နာရီမှ ၄ နာရီအထိလည်းကောင်းနှင့် ညနေပိုင်းတွင် ၅ နာရီမှ ၆ နာရီအထိလည်းကောင်း အချိန်ပိုင်းခြား ဖူးမြော်ခွင့်ပြုထားပြီး ဘုရားရင်ပြင်သို့ တက်ရောက်ဖူးမြော်ခွင့်ကို အရေအတွက်အားဖြင့် ကန့်သတ်ထားသော်လည်း လာရောက် ဖူးမြော်မှု အခြေအနေပေါ် မူတည်ကာ တက်ရောက်ဖူးခွင့်ပြုထားသည်။



လေးဆူဓာတ်ပုံရွှေတိဂုံစေတီမြတ်ကြီးအား ဖူးမြော်မြင်တွေ့ရစဉ်။

အထက်ပစ္စယာသို့ တက်ရောက်ဖူးမြော်ခွင့်ကိုလည်း ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ကာ တစ်ပတ်လျှင် ဗုဒ္ဓဟူးနေ့၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် သုံးရက်တိုင်တိုင် တက်ရောက်ဖူးမြော်ခွင့်ပြုထားပြီး လတ်တလောအနေဖြင့် ယခင်ကတ်ဟောင်းများဖြင့်လည်း တက်ရောက်ဖူးမြော်ခွင့် ပေးထားကြောင်း သိရသည်။ **သတင်း - ထိုက်အောင်ဝင်း**

**ဓာတ်ပုံ- မင်းထက်**

# ဒလမြို့နယ်တွင် ၃၀၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် စက်ရုံတည်ဆောက်ရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် သဘာဝဓာတ်ငွေ့သုံး ၃၀၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် စက်ရုံတည်ဆောက်ရန် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား MCM Group of Compaines မှ တာဝန်ရှိသူများက ပဏာမဆွေးနွေးတင်ပြရှင်းလင်းခြင်းကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ MCM Group of Compaines မှ တာဝန်ရှိသူတစ်ဦးက မိမိတို့ ကုမ္ပဏီသည် ကုမ္ပဏီခွဲပေါင်း ကိုးခုဖြင့် ဖွဲ့စည်းထားသော မြန်မာကုမ္ပဏီဖြစ်ကြောင်း ကုမ္ပဏီအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ရေးအပြင်၊ စိုက်ပျိုးရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပြီး ယခု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်၍ ဒလမြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၅၀ ရှိ ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေး စက်ရုံတည်ဆောက်မည့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြန်လည် ဆွေးနွေးရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြနှင့်ကျေးလက်နေ ပြည်သူများအတွက် လျှပ်စစ်မီး လုံလောက်စွာရရှိစေမည့်အပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များဘက်ကလည်း လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်ဆက်သည့် ဌာနဆိုင်ရာများ၏ ခွင့်ပြုချက်များရရှိရေး ဆက်လက်ဆောင်ရွက်ထားရန်နှင့် လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီးပွားရေးကဏ္ဍအသီးသီးကို အရှိန်အဟုန်မြှင့် တိုးတက်အောင်စီမံဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီ အဖွဲ့ဝင်များ၊ MCM Group of Compaines မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



ဒလမြို့နယ်၌ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများ ဆွေးနွေးနေစဉ်။

## ရခိုင်ပြည်နယ်ရှိ ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ်ရှိ ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အဆင့်ဆင့်ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိမိတို့ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများကိုလည်း ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ထိုးနှံရမည့်ပုဂ္ဂိုလ်များမှာ ဆရာတော်ကြီးများနှင့် အသက် ၆၅ နှစ်အထက်ပုဂ္ဂိုလ်များကို ထိုးနှံရမည်ဖြစ်ပါကြောင်း သိရသည်။

### ဆွေးနွေးအကြံပြု

ထိုသို့ဆေးထိုးနှံရာတွင်လည်း ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား လျှောက်ထားအသိပေးရန်လိုအပ်ပါကြောင်း၊ ထို့အပြင် ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည့်နေရာ၊ သယ်ယူပို့ဆောင်ပေးမည့်အစီအစဉ်များ လိုအပ်ချက်များကို ယခု ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးအကြံပြု ပေးကြစေလိုကြောင်း ပြောကြားသည်။

### အမှာစကားပြောကြား

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆရာတော်များပင့်ဆောင်မည့် အစီအစဉ်၊ ဆေးထိုးနှံမည့် နေရာနှင့် နေရာချထားမည့် အစီအစဉ်များကို ဆွေးနွေး တင်ပြကြသည်။ တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရေဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေး (၆/၂၀၂၁)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေး (၆/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးဗိုလ်မှူးကြီးကျော်စွာလှိုင်က ယခင်နေ့ အစည်းအဝေးမှတ်တမ်းအပေါ် လုပ်ဆောင်ထားရှိမှုနှင့်ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။



ကိုဗစ်-၁၉ ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝး ကျင်းပစဉ်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းအောင်က ကျန်းမာရေး ဆိုင်ရာလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ကော်မတီဝင်များက ဆက်လက်ဆွေးနွေးတင်ပြခဲ့ကြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၅**

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲ ၃နာရီအချိန်က ဟားခါးမြို့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့က အမှာစကားပြောကြားကြပြီး ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၊ စစ်ဗျူဟာအခြေချ(ဟားခါး) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန့်ဇင်ဦးနှင့် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးတို့က ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လက်ရှိအုပ်ချုပ်ရေးအခြေအနေများ၊ COVID–19 ဆိုင်ရာ စံသတ်မှတ်ချက်၊ လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက မိတ်ဆက်ခြင်း၊ သိရှိလိုသည်များမေးမြန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးပေးကာ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ချင်းပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အခွန်ကောက်ခံသည့်ဌာနဆိုင်ရာများတွေ့ဆုံ

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အခွန်ကောက်ခံသည့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

### ဆွေးနွေးတင်ပြ

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နိုင်ငံတော်ကို တာဝန်ယူ ထမ်းဆောင်နေသည့် အစိုးရတိုင်းသည် အခွန်ဝင်ငွေပေါ်တွင် ရပ်တည်နေကြကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာအခွန်ပိုမို တိုးတက်လာစေရန်အတွက် အခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည် မဟုတ်ဘဲ အခွန်ထမ်းဆောင်ရန် ကင်းလွတ်နေသူ အများအပြားထံမှ ရရှိအောင် ကောက်ခံပြီး ဒေသဖွံ့ဖြိုးရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသော ဌာနဆိုင်ရာများအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်သွားမည်ကို ညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ တရားဝင်ကောက်ခံရရှိသော အခွန်အခများကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၌ ပြန်လည်သုံးစွဲရန် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အခွန်အရပ်ရပ်ကို လွတ်ကင်းသူမရှိရအောင် ထိထိမိမိကောက်ခံနိုင်ရေးအတွက် ကြုံတွေ့ရမည့်အခက်အခဲ၊ ဖြစ်ပေါ်လာမည့်စိန်ခေါ်မှုများကို ယနေ့တွေ့ဆုံပွဲတွင် ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစောခင်မောင်မြင့်က ထုတ်လုပ်မှုကဏ္ဍ၊ တင်ပို့မှုကဏ္ဍများမှ ရရှိသောအခွန်ဝင်ငွေသည် ပုံမှန်ရရှိမှုမရှိကြောင်း၊ သင့်တင့်သည့်နှုန်းထားဖြင့် ကောက်ခံပြီး အခွန် ပုန်း၊ အခွန်ရှောင်များကို သက်ဆိုင်ရာ အခွန်ကောက်ဌာနများက ရှာဖွေဖော်ထုတ်ကောက်ခံခြင်းဖြင့် အခွန်ထမ်းပြည်သူများအတွက် သက်သာစေပြီး အခွန်ထမ်းဆောင်လိုသည့်စိတ်ထားများပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာသော ပြည်တွင်းအခွန်၊ အကောက်ခွန်၊ စည်ပင်၊ ကုန်သွယ်ရေး၊ သတ္တုတွင်း၊ လျှပ်စစ်အစရှိသည့် အခွန်ကောက်ဌာန ၂၄ ဌာနမှ ပြည်နယ်အဆင့် တာဝန်ရှိသူများက မိမိတို့ဌာနအတွင်း အခွန်ကောက်ခံသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင် (ပြန်/ဆက်)**

## ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၅**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းက ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ဆောင်မှုအခြေအနေများ ၊ ပြည်နယ်အတွင်း စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမည့်အခြေအနေများ၊ ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေများ၊ တန်ခိုးကြီးဘုရားများ ပြန်လည်ဖွင့်လှစ်မှုနှင့် ဘုရားဖူးပြည်သူများဖူးမြော်နေမှုအခြေအနေများ စသည်တို့ကို သက်ဆိုင်ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဆွေးနွေးတင်ပြကြရန် အမှာစကားတွင်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြခဲ့ပြီး ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကိုဗစ်-၁၉ဆိုင်ရာကိစ္စရပ်များနှင့် Quarantine Center များဖွင့်လှစ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ခြေစွမ်းကျစ်လျစ်နေတဲ့ မန်စီးတီးကို အသာရဖို့ မရှိတဲ့ ဝက်စ်ဟမ်း

■ မိုးဇက် – စုစည်းသည်

ယခုတစ်ပတ် စနေနေ့ ပရီမီယာလိဂ်ပွဲစဉ် (၂၆) မှာတော့ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ မန်စီးတီး၊ တန်းဆင်းဇုန်အတွင်းက ဝက်စ်ဘရွန်းအသင်း၊ တန်းဆင်းဇုန်အထက်နားရပ်တည်နေတဲ့ နယူးကာဆယ်စသည့် အသင်းများ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ မန်စီးတီးအသင်းအနေနဲ့ အဆင့် (၄) နေရာက ဝက်စ်ဟမ်းအသင်းနဲ့ ဆုံတွေ့ပြီး ဝက်စ်ဘရွန်းအသင်းက ဘရိုက်တန်အသင်းနှင့် ဆုံတွေ့နေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



ဝက်စ်ဟမ်းနှင့် မန်စီးတီးအသင်းတို့ ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားစဉ်။

## မန်စီးတီး VS ဝက်စ်ဟမ်း

ပ_ကျော့ရလဒ် ဝက်စ်ဟမ်း ၁–၁ မန်စီးတီး

မန်စီးတီးအသင်းရဲ့ ခြေစွမ်းက ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မိုချန်ဂလာဘတ်အသင်းကို နှစ်ဂိုး– ဂိုးမရှိနဲ့ အနိုင်ရရှိပြီး ၁၉ ပွဲဆက် နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအထူးကောင်းမွန်နေပါတယ်။ ယခုပွဲစဉ်ကလည်း မန်စီးတီးအသင်းရဲ့ အိမ်ကွင်းဖြစ်တာကြောင့် ဝက်စ်ဟမ်းအသင်းအနေနဲ့ မန်စီးတီးအသင်းကို အသာရဖို့ မလွယ်ပါဘူး။ ဒါ့အပြင် မန်စီးတီးအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပွဲစဉ်တွေမှာ လီဗာပူး၊ စပါး၊ အဲဗာတန်၊ အာဆင်နယ်၊ ဂလာဘတ်စသည့် အသင်းကြီးများကို အနိုင်ရရှိထားတာကြောင့် အသင်းလိုက်စုဖွဲ့မှုအားကောင်းနေပါတယ်။ ဝက်စ်ဟမ်းအသင်းက မန်ယူအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီးနောက်ပိုင်း ရက်ဖီးအသင်းကို သုံးဂိုး–ဂိုးမရှိ၊ စပါးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိထားပါတယ်။ အမှတ်ပေးဇယားမှာလည်း ၂၅ ပွဲကစားပြီး ၄၆ မှတ်နဲ့ အဆင့် (၄) နေရာအထိ တက်လှမ်းထားနိုင်တာကို တွေ့ရတယ်။ ဝက်စ်ဟမ်းအသင်းကလည်း ခြေစွမ်းအတက်ဘက်ရောက်နေလို့ ကြည့်ကောင်းမယ့်ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။

## ဝက်စ်ဘရွန်း VS ဘရိုက်တန်

ပ_ကျော့ရလဒ် ဘရိုက်တန် ၁–၁ ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းအသင်းက တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့အသင်းဖြစ်ပြီး နောက်ဆုံးခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ အသင်းဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာ ၂၅ ပွဲကစားပြီး ၁၄ မှတ်သာ ရရှိထားပါသေးတယ်။ ဒါကြောင့် တန်းဆင်းဇုန်အတွင်းက ရုန်းထွက်ဖို့ ဒီပွဲမှာအကောင်းဆုံးပြင်လာမှာပါ။ ဘရိုက်တန်အသင်းက နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့အသင်းဖြစ်ပြီး အမှတ်ပေးဇယားမှာလည်း ၂၅ ပွဲကစားပြီး ၂၆ မှတ်နဲ့ တန်းဆင်းဇုန်အထက်နား ရပ်တည်နေပါတယ်။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံးက နိုင်ပွဲပြန်လည်ရှာတွေ့ရန် အကောင်းဆုံးကြိုးစားလာမှာဖြစ်ပါတယ်။ ဝက်စ်ဘရွန်းအသင်းမှာ ဂဘ်စ်၊ စနေ့ဂရက်စ်တို့ ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်မှာပါဝင်ကစားဖို့ မသေချာပါဘူး။ ဘရိုက်တန်အသင်းမှ ဝက်စ်တာ၊ အန်ဒုန်း၊ မတ်ချ်၊ လမ်တေးတို့လည်း ဒဏ်ရာကြောင့် ပါဝင်ကစားဖို့ မသေချာပါဘူး။ ဘရိုက်တန်အသင်းအနေနဲ့ ယခုနှစ်ရာသီမှာ ခံစစ်အဆိုးဆုံးအသင်းအဖြစ်ရှိနေတဲ့ ဝက်စ်ဘရွန်းအသင်းကို အနိုင်ရဖွယ်ရှိပါတယ်။

## နယူးကာဆယ် VS ဝုဖ်

ပ_ကျော့ရလဒ် ဝုဖ် ၁–၁ နယူးကာဆယ်

နယူးကာဆယ်အသင်းက နောက်ဆုံးနှစ်ပွဲမှာ အသင်းကြီး ချယ်ဆီး၊ မန်ယူတို့နဲ့ တွေ့ဆုံထားပြီး နှစ်ပွဲစလုံးရှုံးနိမ့်ထားပါတယ်။ အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်အထက် ရပ်တည်နေတာကြောင့် ယခုပွဲစဉ်ကို သေချာပေါက် နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ ဝုဖ်အသင်းက နောက်ဆုံးနှစ်ပွဲမှာ ဆောက်သမ်တန်၊ လိဒ်စ်အသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့အတွက် ခြေစွမ်း အကောင်းဘက်ဦးတည်နေပါတယ်။ အမှတ်ပေးဇယားမှာ ၂၅ ပွဲကစားပြီး အဆင့် (၁၂) နေရာမှာရပ်တည်နေပါတယ်။ ဝုဖ်အသင်းက မတ် ၃ ရက်မှာ မန်စီးတီးအသင်းနဲ့ ရင်ဆိုင်ကစားရမှာဖြစ်တာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာသေချာပါတယ်။ ဝုဖ်အသင်းက ခြေစွမ်းအကောင်းဘက် ဦးတည်နေတယ်ဆိုသော်ငြား ယနေ့ပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ နယူးကာဆယ်အသင်းက အနိုင်ရသွားဖွယ်ရှိနေပါတယ်။

## လိဒ်စ် VS အက်စ်တွန်ဗီလာ

ပ_ကျော့ရလဒ် ဗီလာ ၀–၃ လိဒ်စ်

လိဒ်စ်အသင်းရဲ့ ခြေစွမ်းက အာဆင်နယ်နဲ့ ဝုဖ်အသင်းတို့ကို ရှုံးနိမ့်ထားပေမယ့် ပြီးခဲ့တဲ့ပွဲစဉ်မှာ ဆောက်သမ်တန်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ အက်စ်တွန်ဗီလာအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ လက်စတာအသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းအကျဘက်ရောက်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒီနှစ်သင်းယှဉ်ပြိုင်ကစားခဲ့တဲ့ ပထမအကျော့ ဗီလာအသင်းရဲ့ အိမ်ကွင်းမှာ လိဒ်စ်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိထားတာကို တွေ့ရတယ်။ ဒါကြောင့် အက်စ်တွန်ဗီလာအသင်းအနေနဲ့ လိဒ်စ်အိမ်ကွင်းမှာ ရှုံးကြွေးပြန်ဆပ်ကာ နိုင်ပွဲရယူသွားနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုမှာ ဗီလာအသင်းက တစ်မှတ်အသာနဲ့ အဆင့်(၈) နေရာမှာ ရပ်တည်နေပါတယ်။ နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ရုန်းကန်လာမယ့် ဗီလာအသင်း အသာရသွားနိုင်ပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

- ဝက်စ်ဟမ်းအသင်းသည် မန်ယူအသင်းမှ အသက် (၂၈နှစ်) အရွယ် လင်ဂဒ်ကို အမြဲတမ်းခေါ်ယူမည်ဆိုပါက လက်စတာအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရမည်ဖြစ်ကြောင်း သိရသည်။ လင်ဂဒ်သည် ဝက်စ်ဟမ်းအသင်းတွင် အငှားကစားနေသူဖြစ်ပြီး လေးပွဲတွင် သုံးဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။
- နေ့ဝုစ်ချ်အသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ဗဟိုခံစစ်ကစားသမား မက်ဇ်အာရွန် (၂၁နှစ်) အတွက် ပေါင် ၃၅ သန်းအလိုရှိနေကြောင်း သိရသည်။ အဲဗာတန်အသင်းကလည်း အဆိုပါကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- မန်ယူအသင်းသည် ဆီဗီလာအသင်းမှ အသက် ၂၂ နှစ်အရွယ် ပြင်သစ်ဗဟိုခံစစ်ကစားသမား ကွန်ဒီကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အဆိုပါ ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေး ပေါင် ၆၈ သန်းကို ပေးချေရန် တုံ့ဆိုင်းနေကြောင်း သိရသည်။




- မန်စီးတီးအသင်းသည် ဒေါ့မွန်အသင်းမှ အသက် (၂၀)အရွယ် နော်ဝေတိုက်စစ်ကစားသမား ဟာလန်းနှင့် အသက်(၁၈နှစ်) အရွယ် အမေရိကန်ကွင်းလယ်ကစားသမား ရီညာတို့ကို နွေရာသီတွင် ပေါင်သန်း ၁၀၀ ကျော်ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- နေ့ဝုစ်ချ်အသင်းသည် အသင်းမှခံစစ်ကစားသမားတစ်ဦးဖြစ်သူ မက်ဇ်အာရွန်စ်အတွက် ရိုးမားအသင်း၏ ကမ်းလှမ်းမှုကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပယ်ချခဲ့ကြောင်း သိရသည်။
- မန်ယူဂိုးသမား ဟန်ဒါဆင်သည် အိုးထရက်ဖို့ဒ်၌ ကစားခွင့်နည်းပါးနေခြင်းကို စိတ်ပျက်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။



ရီးရဲမက်ဒရစ်အသင်းမှ မန်ဒီက အတ္တလန္တာအသင်းဘက်သို့ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူစဉ်။

# အတ္တလန္တာကို ခက်ခက်ခဲခဲကစားပြီး နိုင်ပွဲရယူခဲ့တဲ့ ရီးရဲမက်ဒရစ်

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် စီးရီးအေကလပ် အတ္တလန္တာအသင်းနှင့် လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**

နိုင်ပွဲဆက်နေသည့် ရီးရဲမက်ဒရစ်အသင်းက ယနေ့ပွဲစဉ်တွင်လည်း အနိုင်ရရှိရန်အတွက် ကော့တွိုက်စ်၊ မန်ဒီ၊ နာချိုဖာနန်ဒက်ဇ်၊ ဗာရာနီ၊ ဗက်စ်ကွက်၊ ခရူးစ်၊ ကက်စမဲရိုး၊ မိုဒရစ်၊ ဂျူနီယာ၊ အစ္စကို၊ အဆန်စီယိုတို့ကိုအသုံးပြုကာ ပွဲထွက်လာခဲ့သည်။ အတ္တလန္တာအသင်းကလည်း ဂိုလီနီ၊ ရိုမာရို၊ ဒီရွန်၊ ဂိုဆင်စ်၊ ပတ်စီနာ၊ ဇာပါတာ၊ မူရီရယ်စသည့်ကစားသမားများဖြင့် ရီးရဲမက်ဒရစ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

## အနီကတ်ပြ ထုတ်ပယ်

ပွဲအစပိုင်းမိနစ်တွင် သာမန်အပေးအယူဖြင့်သာစတင်နိုင်ခဲ့ပြီး ကွင်းလယ်ပိုင်းအပျက်များနေခဲ့သောကြောင့် ပွဲမှာ အနည်းငယ်အေးစက်ခဲ့သည်။ သို့သော်လည်း ယနေ့ပွဲစဉ်၏ အလှည့်အပြောင်းကို ပွဲချိန် ၁၇ မိနစ်တွင် ဖြစ်ပေါ်ခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းမှ မန်ဒီကို အတ္တလန္တာအသင်းမှ ဖရူလာဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ပြကာ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့နောက်ပိုင်း တစ်ယောက်လျော့နေသည့် အတ္တလန္တာ အသင်းကို ရီးရဲမက်ဒရစ်အသင်း ဖိအားပေးကစားလာနိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၂၈ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်းမှ နာချို ဖာနန်ဒက်ဇ် အနီးကပ်ပိတ်သွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ်မသေချာခဲ့မှုကြောင့် ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရသည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး ဂိုး သွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

## ဦးဆောင်ဂိုးရရှိ

ဒုတိယပိုင်းအစတွင် နည်းဗျူဟာ အပြောင်းအလဲအဖြစ် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်လာသော်လည်း လိုအပ်နေသည့်ဂိုးများကို ပွဲကစားချိန် မိနစ် ၈၀ ကျော်သည်အထိမြင်တွေ့ခဲ့ရခြင်း မရှိပေ။ ပွဲချိန် ၈၆ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး မိုဒရစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် မန်ဒီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြီးဆုံးသည်အထိ နှစ်သင်းစလုံးဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ရီးရဲမက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

## ဂိုးပေါက်တည့်မတ်မှုမရှိခဲ့

ယနေ့ပွဲစဉ်တွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သော ရီးရဲမက်ဒရစ်အသင်းမှ မန်ဒီသည် ယခုနှစ်ရာသီ အသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပထမဆုံးဂိုးသွင်းယူခြင်းဖြစ်သည်။ ပွဲကစားချိန် ၁၇ မိနစ်တွင် ပြသခံခဲ့ရသော ဖရူလာ၏ အနီကတ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အီတလီကလပ်အသင်းတစ်သင်းအတွက် အလျင်မြန်ဆုံးပြသခံခဲ့ရသည့် အနီကတ်ဖြစ်ကြောင်းလည်း သိရသည်။ အတ္တလန္တာအသင်းသည် ယနေ့ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းဘက်သို့ စုစုပေါင်းဂိုးကန်သွင်းချက်နှစ်ကြိမ်သာရှိခဲ့ပြီး အဆိုပါ နှစ်ကြိမ်စလုံး ဂိုးပေါက်တည့်မတ်မှုမရှိခဲ့ပေ။ အဆိုပါနှစ်သင်း၏ ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၇ ရက်တွင် ရီးရဲမက်ဒရစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အတ္တလန္တာအသင်းက ဖေဖော်ဝါရီ ၂၈ ရက်တွင် စီးရီးအေပြိုင်ပွဲအဖြစ် ဆမ်ဒိုးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းက မတ် ၂ ရက်တွင် လာလီဂါပြိုင်ပွဲအဖြစ် ဆိုစီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

# ဂျာမန်မြေမှာ အမှားအယွင်းမရှိ နိုင်ပွဲရရှိခဲ့တဲ့ ဂွါဒီယိုလာရဲ့ မန်စီးတီး

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဂျာမန်ကလပ် မိုချန်ဂလာဘတ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စုဖွဲ့မှုအားကောင်းနေသည့် မန်စီးတီးအသင်းက ယနေ့ပွဲစဉ်တွင် အီဒါဆင်၊ ကန်ဆယ်လို၊ လာပေါ်တေး၊ ဒီယက်စ်၊ ဝေါကာ၊ ဂန်ဒိုဂန်၊ ရိုဒရီ၊ ဆေးဗားလ်၊ ဖိုဒင်၊ ဂျီးဆပ်၊ စတားလင်းစသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဂလာဘတ်အသင်းက နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ရန်အတွက် ဆွန်မာ၊ ဂျင်တာ၊ အယ်ဗီဒီ၊ ဟုဖ်မန်း၊ ခရာမာ၊ လိုင်နာ၊ ပလီယာ၊ စတင်းစသည့် ကစားသမားများဖြင့် မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်းပွဲချိန်အတွင်း ဂလာဘတ်အသင်းသည် ခံစစ်အသားပေးကစားမှုကြောင့် မန်စီးတီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ မကြာခဏမြင်တွေ့ခဲ့ရသည်။ ပွဲချိန် ၂၉ မိနစ်တွင် မန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ကန်ဆယ်လို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘာနာဒိုဆေးဗားလ်က သွင်းယူပေးခဲ့သည်။ ထို့နောက် ဂလာဘတ်အသင်းရော မန်စီးတီးအသင်းပါ ဂိုးထပ်မံ သွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို မန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။



ဒုတိယပိုင်းတွင် ဂလာဘတ်အသင်း လူစားပြောင်းလဲမှုပြုလုပ်ခဲ့သော်လည်း ချေပဂိုးရရှိခြင်း မရှိခဲ့ပေ။ ပွဲချိန် ၆၅ မိနစ်တွင် မန်စီးတီးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဘာနာဒိုဆေးဗားလ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျီးဆပ်က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဂလာဘတ်အသင်းသည် မန်စီးတီးအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု စုစုပေါင်း သုံးကြိမ်သာရှိခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်မတ်ခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့မှုကြောင့် ပြိုင်ပွဲစုံ နောက်ဆုံး ၁၉ ပွဲဆက် နိုင်ပွဲရရှိလာပြီဖြစ်သည်။ ထို့ပြင် မန်စီးတီးအသင်းသည် ၂၀၁၀-၁၁ ခုနှစ် မန်ယူအသင်းနောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အဝေးကွင်း လေးပွဲဆက် ဂိုးမပေးရသည့် ပွဲစဉ်လည်း ဖြစ်လာခဲ့သည်။ အဆိုပါ နှစ်သင်း၏ ဒုတိယအကျော့ကို လာမည့်လတွင် ကျင်းပမည်ဖြစ်သည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်နွယ်နွယ်ဝင်း
## အသက်(၈၁)နှစ်

မိဘသဖွယ် အစဉ်အမြဲ စောင့်ရှောက်ပေးပါသော ကျေးဇူးရှင်ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကြည်စိုး - ဒေါက်တာ ဒေါ်လှလှတင့်တို့၏ ချစ်လှစွာသောအစ်မကြီး ၊ (ဦးလှိုင်မြင့်စန်း)(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်နွယ်နွယ်ဝင်း အသက်(၈၁)နှစ်သည် ၁၉-၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း ဇနီးဒေါ်ခင်ချိုအုန်း**

## ဝမ်းနည်းခြင်း
## ဦးမောင်ရွှေ(ခ)ဦးဘီအယ်လ်ဂိုအင်ကာ
### အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ-ဆရာမကြီး ဒေါ်အီလိုင်ချီဒေဝီဂိုအင်ကာ)တို့၏ သား၊ တရားပြဆရာမကြီး ဒေါ်ဆူရှီလာဂိုအင်ကာ၏ ခင်ပွန်း၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)၏ နာယကကြီး ဦးမောင်ရွှေ(ခ)ဦးဘီအယ်လ်ဂိုအင်ကာ (ဗန္ဓုလကုမ္ပဏီလီမိတက်)သည် ၂၂-၂-၂၀၂၂ ရက် နံနက် ၆:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရပါသည်။

**ကျောင်းတော်ကြီးကြပ်ရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**မိဂဒါဝုန်ကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်**
**မိဂဒါဝုန်မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ**
**ဝေသာလီမြန်မာကျောင်းတိုက်၊ ဝေသာလီပြည်၊ အိန္ဒိယနိုင်ငံ**

## (၅၇)ကြိမ်မြောက်
## စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ
## နှိုးဆော်လွှာ

ရခိုင်ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်တွေမြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲ၌ စစ်တွေမြို့ပေါ်ရှိ အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွား ၁၂၀၀ဦးခန့်အား(ဘိုးဘွားရိပ်သာအပါအဝင်)မြို့ပေါ်ရပ်ကွက်အသီးသီးသို့ ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်၊ မြန်မာနှစ်ဆန်း ၁ရက်(စနေနေ့)တွင်လှည့်လည်ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

သက်ကြီးပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူငွေများကို လှူဒါန်းလိုသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အဝေးရောက် ရခိုင်သူ/သားများအနေဖြင့် အောက်ဖော်ပြပါကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဦးစံညွန့်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း-၀၉-၂၅၀၈၈၂၂၆၁ |
| ၂။ | ဦးညီညီအောင်သန်း | အတွင်းရေးမှူး | ဖုန်း-၀၉-၄၂၉၆၄၁၃၇၁ |
| ၃။ | ဦးနိုင်စိုး | ဘဏ္ဍာရေးမှူး | ဖုန်း-၀၉-၄၂၁၇၆၀၁၃၄ |
| ၄။ | ဦးအောင်ကိုကို(ပြည်ကြီးမဏ္ဍိုင်စာပုံနှိပ်တိုက်) | တွဲ-ဘဏ္ဍာရေးမှူး | ဖုန်း-၀၉-၄၅၃၅၄၁၈၅၆ |

အဝေးရောက်အလှူရှင်များအနေဖြင့် အောက်ဖော်ပြပါ Bank Account သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| KBZ BanK | A/C-No.01730201701680801 |
| CB Bank | A/C-No.0015600100052857 |
| မြန်မာ့စီးပွားရေးဘဏ် | A/C-No.017690 |

**ယာယီရုံးခန်း - ပြည်ကြီးမဏ္ဍိုင်စာပုံနှိပ်တိုက်**
အမှတ်(၅၀)၊ ရေတွင်းလမ်း၊မောလိပ်ရပ်ကွက်၊ စစ်တွေမြို့
ဖုန်း-၀၉-၄၅၃၅၄၁၈၅၆၊ ၀၉-၄၂၁၇၆၃၀၆၁

**ကျင်းပရေးကော်မတီ**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ရပ်ကွက်များတွင် မြေခွန်ပြေစာအမည်ပေါက်သူများထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဝယ်ယူထားသော အောက်ပါပုဂ္ဂိုလ်များမှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများခိုင်လုံစွာ တင်ပြ၍ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ တစ်လ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်-

| စဉ် | လျှောက်ထားသူ၏ | | လျှောက်ထားသည့် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ရပ်ကွက်/ကျေးရွာအုပ်စု | ဦးပိုင်အမှတ် | အကွက်အမှတ်/အမည် | မြေဧရိယာ | |
| ၁ | ဦးထွန်းထွန်းဇော် | ၃/ဘအန(နိုင်)၀၀၀၀၅၅ | အမှတ်(၉) ရပ်ကွက် | ၄၁/၂/၁၃ | ၁၁၇၆-က၊ ရေကျော်ကွင်း | (၀.၉၈၉) ဧက | |
| ၂ | ဦးထွန်းထွန်းဇော် | ၃/ဘအန(နိုင်)၀၀၀၀၅၅ | အမှတ်(၉) ရပ်ကွက် | ၄၁/၂/၁၃၊ ၄၁/၂/၁၉၊ ၄၁/၂/၂၅ | ၁၁၇၆-က၊ ရေကျော်ကွင်း | (၀.၉၈၄) ဧက | |

**ကော်လိတ္တော်အရာရှိ၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့**

**သစ်တောမှန်လျှင်**
**အသုံးဝင်၊**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက် အမှတ်(၂၄၇၇)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးရဲမင်းသိန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်မြင့်ဦး(ဘ)ဦးအောင်တိုး ၁/မညန(နိုင်)၁၂၂၅၂၇မှ မြေပေးမိန့် နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၂၅၁/၂၀၂၁)နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ် ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အမာကြည်(ကန်တော်ကလေး)
## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်တော်ကလေး(တောင်ပိုင်း)၊ (၉၁)လမ်း၊ အမှတ်(၆၀)နေ (ဦးဘသာ-ဒေါ် ဒေါ်ဒွန်း)တို့၏သမီး၊ (ဒေါ်တင်ကြည်)၊ (ဦးတင်လှ)တို့၏ညီမ၊ (ဦးလှမြင့်)၊ ဒေါ်ပြုံးကြည်၊ (ဒေါ်လှကြည်)၊ ဦးခင်မောင်ထွေးတို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၂၅-၂-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၃:၅၃နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဝင်း၊ လုံးချင်းအိမ်ရာ၊ ဒေါက်တာသီတာလှ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြအေး (ခေတ်မြန်မာလက်ဖက်ရည်ဆိုင်)
### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေ/တောင်ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ်(၇)၊ ၄-လွှာနေ ဒေါ်အေးအေးကြူ၊ ဦးမြင့်လွင်-ဒေါ်တင်တင်အေး၊ (ဦးအေးမြင့်)-ဒေါ်အေးအေးပြုံး၊ ဦးညီညီ-ဒေါ်စန္ဒာဝင်းတို့၏အဒေါ် (ကိုမျိုးမြင့်အောင်)-မစန္ဒီထိုက်၊ ကိုသက်ထူးအောင်၊ ကိုကျော်ခိုင်စိုး တို့၏ မွေးသမိခင်ကျေးဇူးရှင် ကိုဉာဏ်လင်း၊ မချိုသဲညိမ်း၊ မနှင်းသီရိ၊ မအိရွှေစင်တို့၏အဘွား၊ ဦးမြင့်စိုး၏ ချစ်လှစွာသောဇနီးသည် ၂၄-၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၂ရက် (သောကြာနေ့) ညနေ ၃:၀၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၇:၀၀နာရီမှ ၉:၀၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
နေအိမ်မှကားများ မွန်းလွဲ ၁:၀၀နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၂ ခုနှစ်၊ မတ်(၂)ရက် (တောင်သူလယ်သမားနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## မတည်ငွေရင်းနှင့် အစုရှယ်ယာလျှော့ချခြင်း
## ကြော်ငြာချက်

ကျွန်တော်များ၏ Naing Thu Tun Co., Ltd သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် (107380566) (25-2-2021) ရက် ကျင်းပသည့် အထူးအစည်းအဝေးမှတ်တမ်းအရ လက်ရှိမတည်ငွေရင်းပမာဏကျပ်(50000000) မှ ယခု မတည်ငွေရင်းမာဏ(10000000) ကျပ်သို့ လျှော့ချလိုက်ကြောင်းနှင့် ဒါရိုက်တာများ၏ အစုရှယ်ယာများကိုလည်း လျှော့ချမည်ဖြစ်ပါကြောင်း အတည်ပြုဆုံးဖြတ်လိုက်ခြင်းကို အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Naing Thu Tun Co., Ltd**

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

VALOR GROUP LTD (မှတ်ပုံတင်အမှတ်-၁၀၁၀၉၃၀၇၇)၏ မတည်ငွေရင်းလျှော့ချခြင်း ကိစ္စရပ်နှင့် ပတ်သက်၍ အထူးအစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

VALOR GROUP LTD

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြို့သစ်တောင်ရပ်)၊ ဦးပိုင်အမှတ်(၉၄)၊ မြေဧရိယာ ၀ဒသမ၁၃၀ ဧကရှိ ဒေါ်ရှယ်လီဟွာ အမည်ပေါက် မြို့မြေကွက်အား ဦးကျော်နိုင်(ဘ)ဦးရေအေး ၈/စလန(နိုင်)၀၇၅၆၈၇ နှင့် ဒေါ်ခင်စိန်သက် (ဘ)ဦးအောင်သန်း ၉/လဝန(နိုင်)၁၅၄၈၈၁ မှ မြေဧရိယာ ၀ဒသမ၁၃၀ဧကအနက် ၀ဒသမ၀၁၃၀ဧကကို အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှ၍ ့မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်-၁၃၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်-၃၀၄(ခ)၊ အလျား(၆၀')x အနံ(၂၀')၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေငှားဂရန်အမှတ်-၁၃/၀၈၇၃/၉၃ မြေနှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ ဒေါ်ရွှေ ၁၂/ဥကတ(နိုင်)၀၆၈၆၀၀ အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးရုံးတွင် ဂရန်အမည်ပေါက်တည်ရှိပြီး ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူဒေါ်မေဝင်း ၁၀/မလမ(နိုင်)၀၂၈၈၇၃ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊**
**ရွှေပေါက်ကံ။ ဖုန်း-၀၉-၅၄၁၂၅၆၇**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ရှီစီလင်း
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်းနေ (ဦးထွန်းလင်း-ဒေါ်တင်)တို့၏ သမီးငယ် (ဦးကြင်-ဒေါ်စိန်ရင်)တို့၏သမီးချွေးမ၊ (ဒေါ်ကြည်ကြည်)၊ (ဦးဇော်ညွန့်-ဒေါ်ထူး)၊ ဒေါ်ခင်ခင်ကြီး-(ဦးအောင်ညွန့်)၊ ဦးညွန့်ရွှေ-(ဒေါ်ရီရီ)တို့၏ ညီမ၊ ရန်ကုန်မြို့ သံလွင်လမ်းနေ ဒေါက်တာဦးညွန့်ခင်၏ဇနီး၊ ဒေါ်မော်မော်ခင်၊ ဦးရဲဝင်းထွန်း၊ ဒေါ်မိမိခိုင်တို့၏မိခင် ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ရှီစီလင်း(ကြို့ပင်ကောက်)သည် ၂၃-၂-၂၀၂၂ ရက် နံနက် ၃:၂၀ နာရီတွင် ရန်ကုန်မြို့ သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ (၂:၂၀)နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းခင် (ဗဟန်း)
### အထက်တန်းသူနာပြုဆရာမကြီး (ငြိမ်း)
### အမှတ်(၂)၊ တပ်မတော်စစ်ဆေးရုံ၊
### သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ
### အသက်(၈၂)နှစ်

၁၆-၂-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသော မိခင်ကြီး ဒေါ်သန်းခင်၏ နာရေးကိစ္စအဝဝတွင် ကူညီပေးကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးများ၊ မိတ်ဆွေများအားလည်းကောင်း၊ တောင်ဒဂုံ (၁၉)ရပ်ကွက် နာကူအသင်းအားလည်းကောင်း၊ ရှင်သန်ခွင့်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအားလည်းကောင်း၊ H Rescue အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (YERT) ဥက္ကဋ္ဌနှင့် အဖွဲ့သားများအားလည်းကောင်း၊ ၁၈-၂-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် မိခင်ကြီး၏နာရေးအား အခက်အခဲများကြားမှ မေတ္တာဖြင့်လိုက်ပါ ပို့ဆောင်ပေးကြသူများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)
## ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၄၁)
### အသက်(၇၅)နှစ်

၂၂-၂-၂၀၂၂ ရက် (တနင်္လာနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားသော သူငယ်ချင်းဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(41)ရောင်းရင်းများ**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၏ CBM Net Phase II စနစ်အတွက် Cheque Image Scanner FB 30 U (၂၅)လုံး ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁၅-၃-၂၀၂၂ ရက် ညနေ ၃ နာရီနောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)စီမံခန့်ခွဲရေးဌာနခွဲ၊ အမှတ် (၂၆)၊ သီရိကျော်စွာလမ်း၊ သီရိရတနာ အဆင့်မြင့်ဈေး၊ ဗောဓိသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင် ၂၆-၂-၂၀၂၂ ရက်မှစ၍ ၁၂-၃-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇၃၄၂၁၀၃၀ ၊ ၀၆၇၃၄၂၁၀၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၇-နန္ဒဝန်)၊ ဦးပိုင်အမှတ်(မေတ္တာလမ်း/၅၀)၊ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား အမှုတွဲအမှတ် ၄၅/၁၉၉၃ အရ(၁၆-၆-၁၉၉၃)မှ(၁၅-၆-၂၀၂၃)ထိ ဦးသန်းမြင့်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော ဝင်းမြေအနက်မှ အကွက်အမှတ်နှင့်အမည်(၃/၇-နန္ဒဝန်)၊ ဦးပိုင်အမှတ်(မေတ္တာလမ်း/၅၀-ခ)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား ဦးအောင်ကျော်အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ်(၆၆က)၊ ဧရိယာ ၀ ဒသမ ၁၀၉ ကေအား ဦးဆန်းဌေး (ဘ)ဦးလှိုင် ၉/တကန(နိုင်)၀၀၉၄၅၁ မှ နှစ်(၃၀)မြေငှားစာချုပ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ပြည့်သီရိဖြိုးပိုင်(ဘ)ဦးဆန်းဌေး ၉/တကန(နိုင်)၁၈၄၉၂၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၆၊ ခြောက်လွှာ(ဘီ)၊ မအူပင်လမ်း၊ ကျွန်းတောတောင်ရပ်ကွက်ဟုခေါ်တွင်သော ပေ(၁၅x၆၅)ရှိ တိုက်ခန်းကို အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ တိုက်ခန်းပိုင်ရှင် ဒေါ်အေးငြိမ်းသွင် ၁၂/စခန(နိုင်)၀၆၁၇၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ချောထွေး ၁၄/မမန(နိုင်)၀၁၃၃၇၁က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချောထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၉၉/၁၃)**
**အမှတ်(၁၂၈)၊ရွှေတောင်တန်းလမ်း၊ ရှစ်လွှာ(B)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၂၂/ ၂၀၂၁ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၂/၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀၊ ၂၈–၅–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခွင့်ပြုချက်ပြုဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦး ဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ ဖြစ်စေ စုဝေးခြင်း မပြုရန် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၉–၇–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၇၉/၂၀၂၀ ဖြင့် ၁–၈–၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန်နှင့် ၁၂–၈–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ ဖြင့် ၁၆–၈–၂၀၂၀ ရက်မှစ၍ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၂၆–၂–၂၀၂၁ ရက်မှစ၍ အဆိုပါ အမိန့်များတွင် ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၃၀ ဦးအစား လူ ၅၀ ဦးထက်ပို၍ စုဝေးခြင်း မပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## ဘရာဇီးတွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၂၅၀၀၀၀ ခန့် ရှိလာနေပြီဟုဆို

စာမျက်နှာ » ၁၃

## ကိုဗက်အစီအစဉ်မှ ထောက်ပံ့ပေးသည့် ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် ဂါနာနိုင်ငံသို့ ရောက်ရှိ

စာမျက်နှာ » ၁၄

## မန်ယူအသင်းအနေဖြင့် မာတာ၏ တစ်နှစ်သက်တမ်းတိုးခွင့်ကို အသုံးပြုသွားမည်မဟုတ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် အသင်းမှ အသက် ၃၂ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား မာတာ၏ တစ်နှစ်သက်တမ်းတိုးခွင့်ကို အသုံးပြုသွားမည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နွေရာသီတွင် မန်ယူအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော မာတာကို ကလပ်အသင်း အများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ အဆိုပါ ကလပ်များအပြင် အင်တာမီလန်၊ ရိုးမားနှင့် ဂျူဗင်တပ်စ်အသင်းတို့ကလည်း မာတာကိုခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

မာတာသည် မန်ယူအသင်းသို့ ၂၀၁၃–၂၀၁၄ ခုနှစ်တွင် ပြိုင်ဘက်ချယ်ဆီးအသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ၂၀၁၅–၂၀၁၆ ခုနှစ်ရာသီတွင် မန်ယူအသင်း အတွက် ပြိုင်ပွဲအရပ်ရပ် ၅၄ ပွဲအထိ ပါဝင်ကစားခွင့် ရရှိထားသော်လည်း ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၁၂ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားပြီး နှစ်ဂိုးသာ သွင်းယူပေးထားနိုင်သည်။ မာတာသည် မန်ယူအသင်းအတွက် ပွဲထွက်ခွင့်နည်းပါးနေသော်လည်း အဓိကကစားသမားအဖြစ် ရှိနေသေးကြောင်း သိရသည်။ ၎င်းသည် မန်ယူအသင်းသို့ ရောက်ရှိလာပြီးနောက် ပြိုင်ပွဲအရပ်ရပ် ၂၆၇ ပွဲပါဝင်ကစားထားပြီး ဂိုး ၅၀ သွင်းယူပေးထားသူဖြစ်သည်။

**အောင်ဇော်**






## မြန်မာနိုင်ငံသားများတင်ဆောင်၍ ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များ မြန်မာ့ရေပြင်နယ်နိမိတ်အတွင်း ရောက်ရှိခုတ်မောင်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား ပြန်လည်ခေါ်ဆောင်လာသော စစ်ရေယာဉ်များသည် ဖေဖော်ဝါရီလ ၂၅ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေပြင်နယ်နိမိတ်အတွင်း ရောက်ရှိခဲ့သည်။ မြန်မာ့ရေပြင်အတွင်း ဝင်ရောက်ချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှနွေးထွေးပျူငှာစွာ ကြိုဆိုနိုင်ရေးအတွက် စေလွှတ်ပေးလိုက်သော တပ်မတော် စစ်ရေယာဉ်များက ပင်လယ်ပြင်တွင် လာရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

စစ်ရေယာဉ်များပေါ်တွင် ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားများသည် မလေးရှားနိုင်ငံ၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြရသဖြင့် မြန်မာ့ရေပြင်အတွင်း ပြန်လည်ဝင်ရောက်ချိန်၌ စစ်ရေယာဉ်များ၏ ကုန်းပတ်အသီးသီးပေါ် တက်ရောက်ကြပြီး မြန်မာ့ရေပြင်၊ မြန်မာ့ရှုခင်းများအား ကြည့်ရှုခံစားရင်း လိုက်ပါလာခဲ့ကြသည်။ ထို့ပြင် တနင်္သာရီရေတပ်စခန်း ဌာနချုပ်နယ်မြေအတွင်းရှိ ဇာဒက်ကြီးကျွန်းရေတပ် အခြေစိုက်စခန်းမှ စစ်သည်၊ ရဲမေများက ချက်ပြုတ်ပေးသော မြန်မာအစားအစာ မုန့်ဟင်းခါးများအား တပ်မတော်စစ်ရေယာဉ်ဖြင့် ပင်လယ်ပြင်သို့ လာရောက် ပို့ဆောင်ပေးခဲ့ရာ နံနက်စာအဖြစ်စားသုံးခဲ့ကြသည်။

စစ်ရေယာဉ် များပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများကလည်း မိမိနိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများအား အနီးကပ် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် နေရပ်ပြန်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**